www.burmeseclassic.com





BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
နတ်ရှာမိုး
စိတ်လှုံ့ဆွဲ / နတ်ရှာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၆၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။


ထုတ်ဝေသူ ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက်။
ဖြန့်ချိရေး အောင်မြင်စာပေ။ ပထမအကြိမ် ၂၀၁၅ ခုနှစ်၊
(ဒီဇင်ဘာလ)၊ အုပ်ရေ(၅၀၀)။



www.burmeseclassic.com

www.burmeseclassic.com

စိတ်လုံးပွဲ



www.burmeseclassic.com

www.burmeseclassic.com

တကယ်ချစ်ရင်
ရင်ကိုခွဲ
အသည်းကိုထုတ်ပြီး
ကြေးအိုးလေးပြုတ်ကျွေးပါလားတဲ့..
စားတတ်လိုက်တာ..
စိတ်နာနာနဲ့
ဝမ်းချုပ်တဲ့ရက်မျိုး...ငါ့ကိုယ်မီးထိုးပြီး
အရိုးပါအိနေအောင် ပေါင်းကျွေးလိုက်ချင်ရဲ့...။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

"ဂိုး . . ."

"အဟတ်ဟတ် . . မှတ်ထား . . အဲ့ဒါမြန်မာကွ . ."

"လန့်လိုက်တာ မြဘုန်းရာ . . တီဗွီကိုလည်း ပြေးကိုက်မိပါဦးမယ်"

"ဒီလို အားမပေးရတာကြာပြီကွ၊ ဟုတ်ပြီ ကြည်လင်းကွ၊ ဟင်း . . . ပုနေလို့ပေါ့ကွာ ရှည်သာရှည်ရင် မင်းတို့သောက်က



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆင်လုပ်စီးပြီး တောဝင်ခိုင်းလိုက်မယ်၊ ဟာ. . . သီသီလေးကွာ"

ကျွန်တော်၊ ဝေဖြိုး၊ မြဘုန်း. . . သုံးယောက်ထဲ ဘောလုံးပွဲထိုင်ကြည့်နေကြတာပါ။ ဒါပေမယ့်လည်း မြဘုန်းတစ်ယောက်ထဲနဲ့ ကျွန်တော်တို့သုံးယောက်စာလောက် အားပေးဆူညံနေတဲ့အတွက်. . ကျွန်တော်နဲ့ ဝေဖြိုးတို့ အထူးတန်းပွဲကြည့်စင်က အထူးပရိသတ်တွေလို ငြိမ်ပြီးအားပေးနေရတယ်ခင်ဗျ။

"ကျော်ကိုကို. . အိုခေ. . ဆွဲထား၊ ပြေး. . မပြေး. . ပြေးတာ. . ဟိုမလေးဂေါင် လုပ်သွားပြီ၊ အေး. . ဒါပဲ. . အဝါကပ်ဖူး. . . ချဲ့ဒါမှ ဒိုင်လူကြီးကွ. ."

မြဘုန်း ထိုင်လျှက်က အားပေးရတာကို အားမရနိုင်တော့ပဲ သူကိုယ်လုံးကြီးနဲ့ ထခုန်ပြီး အားပေးရှာတာပါ။ ဘောလုံးပွဲထဲ အာရုံရောက်နေတော့ အောက်ကို အပုံလိုက်ကျွတ်ကျနေတဲ့ ပုဆိုးကိုလည်း သတိမရတော့ဘူးခင်ဗျ၊ ခါးမှာ ဒူးလောက်ရှိတဲ့ ဘောင်းဘီရှိနေလို့ ကျွန်တော်တို့လည်း မပြောဘူးခင်ဗျ။

"ချ. . ဟုတ်ပြီ ချပစ်. . ၊ မင်းတို့ဂေါင် လူချသေးတာဘာဖြစ်လဲ"

မြန်မာဆိုတာ 'အဲ့ဒါပါပဲ ပရိသတ်တို့ရယ်၊ အုံနဲ့ကျင်းနဲ့ အသင်းအဖွဲ့နဲ့ လုပ်ရမယ်ဆိုလို့ကတော့ မပေါ့တဲ့လူမျိုးပါ။ အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်တဲ့မျိုးနွယ်တွေလို့ ခတ်တင်းတင်းလေး တင်စားပြီးပြောမယ်ဆို ပြောနိုင်ပါတယ်။

ဒါကြောင့်လည်း ဗြိတိသျှကိုလိုနီတွေ မြန်မာကိုနှစ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာ ကျွန်ပြုခဲ့တယ်ဆိုပေမယ့် အဲ့ဒီနှစ်ပေါင်းတစ်ရာလုံး တစ်နှစ်မှအနားမရအောင် အမျိုးမျိုးအုံကြွချီထ၊ သောင်းကျန်းကြွ တွန်းလှန်ကြတဲ့အတွက် ဗြိတိသျှကိုလိုနီနိုင်ငံမှတ်တမ်းထဲမှာ မြန်မာကိုစတားပြ သတိထားရတဲ့အထိပါပဲ။

မြန်မာပြည် ငြိမ်ဝပ်ပိပြားရေးအတွက် အသုံးပြုရတဲ့ စရိတ်ကလည်း ကိုယ့်အိတ်ထဲကသာ စိုက်သုံးရမယ်ဆိုရင် အဲလိ စဘက်ဘုရင်မကြီးကိုတောင် ကမ္ဘာ့ဘဏ်မှာ အပေါင်ထားပြီးသုံး ရမယ့်ကိန်း ရှိပါတယ်။

ဒါကို ဗြိတိသျှစာရေးဆရာ မော်ရစ်ကောလစ်က အင်္ဂလိပ်တွေ ငရဲခွင်တွင်းနဲ့မြွေတွင်း မှားနိုက်မိတာပဲလို့ ညည်းတွားသံနဲ့ မှတ်ချက်ပြုရေးသားဖူးပါတယ်။

ဒါဟာ အမျိုးသားရေးစိတ်ဓာတ်ပါခင်ဗျ။ ဒီလိုစိတ်ဓာတ် မျိုးကို အထင်ကရမြင်တွေ့ချင်ရင် လွတ်လပ်ရေး ကြိုးပမ်းမှုကာလများ၊ ပြည်ပကျူးကျော်စစ်ကို တိုက်ရတဲ့ပွဲမျိုးများ၊ ပထမနိုင်ငံတော်၊ ဒုတိယနိုင်ငံတော်၊ တတိယနိုင်ငံတော် ထူထောင်ခဲ့ရတဲ့ အောင်ပွဲတွေမှာ အမျိုးသားစိတ်နဲ့ စည်းလုံးရဲရင့်ခြင်း ခွန်အားကရဲရဲတောက်ပေါ့. . ။

ဒီဘက်ခေတ် (၁၉၅၉-၆၀)ဝန်းကျင်.ထိုင်ဝမ်တရုတ်တွေကို တိုက်ခဲ့ရတဲ့ ဘာဘစစ်ဆင်ရေး၊ အောင်သံလွင်၊ မဲခေါင် စတဲ့ စစ်ဆင်ရေးတွေမှာ ဗမာက လွတ်လပ်ရေးရပြီးစ မီးကျိုးမောင်းပျက်လက်နက်ကလေးနဲ့ မဖြစ်စလောက် တပ်အင်အားရဲ့ အိုက်စွမ်းရည်က လက်နက်ကောင်း အင်အားကောင်းတဲ့ တရုတ်တပ်



www.burmeseclassic.com

www.burmeseclassic.com



မကြီးတွေကို သမထုတ်တဲ့ ပွဲမျိုးများ ကွမ်လုံရက်လေးဆယ်များ တပ်မတော်နဲ့ပြည်သူ ကျောချင်းကပ်ပြီး၊ ရန်သူကိုပြတ်ပြတ်သားသား ကြုံးပစ်တဲ့ပွဲတွေမှာ အမျိုးသားရေးစိတ်ဓာတ်ကို လက်တို့သတိပေးနေစရာမလိုဘဲ တစ်စုတစ်စည်းတည်း အော်တိုဖြစ်သွားတာ မြန်မာပါပဲ. . .။

အခုလောလောဆယ် ကိုးကန့်ရဲ့ ပထွေးအားကိုး ကျူးကျော်စစ်ကို တိုက်ရတာပဲကြည့်. . စစ်ပွဲရဲ့ သေနင်္ဂဗျူဟာအရ မြေပိုင်မှု စစ်နိုင်တယ်ဆိုရင် ကိုးကန့်ဒေသရဲ့ စစ်နယ်ဝန်းဟာ ပထဝီအနေအထားက ကိုးကန့်ဘက်ကအားသာချက် (၉၉. ၉၉) ရာခိုင်နှုန်း ရှိနေတယ်ဆိုတာ ကမ္ဘာ့စစ်ဗျူဟာမှူးကြီးတွေတောင် သိပါတယ်။

အဲ့သလို ပထဝီဝင်မျိုးနဲ့ ဆင်ဆင်တူနေတဲ့ အာဖဂန်နစ္စတန်မှာ တာလီဘန်နဲ့တိုက်တဲ့ အမေရိကန်ဦးဆောင်တဲ့နိုင်ငံစုံတပ်ဖွဲ့တွေ လက်နက်လူသူဘယ်လောက်တောင် ရင်းလိုက်ရသလဲ ပရိသတ်သိမှာပါ။

ဒီပွဲမှာ မြန်မာတပ်မတော်တစ်ခုတည်းက တိုက်ရတာ၊ တစ်ဖက်က တရုတ်ကျောထောက်နောက်ခံပြုတဲ့ ကိုးကန့်တပ်၊ ကိုးကန့်သူပုန်လို့သာဆိုတာ အရှင်မိအသေမိတဲ့အထဲမှာ. . . ကုလား၊ တရုတ်၊ ပြင်သစ်၊ ပလောင်၊ ရခိုင်၊ ကိုးကန့်၊ ကချင် လူမျိုးတွေ စုံလို့ဗျ။

ဒီလောက်နိုင်ငံစုံလူမျိုးစုံ ထောက်ပံ့ရေးအားသာချက် ပထဝီအားသာချက် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းပေါ်က နိုင်ငံခြား



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံရေးမူဝါဒ စတဲ့အားသာချက်ပေါင်းစုံကို ဒီကနေ့ ပွဲသိမ်းပွဲပြတ်အောင် ပွဲခံနိုင်တာဟာ မြန်မာ့တပ်မတော် တစ်ခုတည်းမဟုတ်ဘဲ ပြည်သူတရပ်လုံးရဲ့ အားပေးထောက်ခံမှု၊ စည်းလုံးညီညွတ်မှု၊ အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်မှုကြောင့် ဆိုတာအဖြေက ရှင်းပါတယ်။

ဒါတောင်မှ ပြည်သူနဲ့ တပ်မတော်ကြားက နားလည်မှုအကွဲကြီးက ပြန်စေ့သေးတာမဟုတ်ဘူး။ ပြည်သူတွေရဲ့ရင်ထဲမှာ စစ်တပ်ကို မုန်းတီးရွံရှာတဲ့စိတ်က အငွေ့တထောင်းထောင်းရှိတုန်း။

ကိုယ်အားကိုးအသက်ရှင်နေရတဲ့ လယ်မြေတွေကို . . အဓမ္မအသိမ်းခံရလို့ ငတ်ပြတ်မွဲတေနေတုန်း၊ စစ်အစိုးရရဲ့အပေါင်းအပါ ခရိုနီ ခရိုနက် တရုတ်ကိုလိုနီလက်သစ်တွေရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ဗိုလ်ကျခြယ်လှယ်မှုကို အံကြိတ်ကုန်းခံနေရတုန်း၊ ရာထူးလေးနည်းနည်းရှိ နည်းနည်းလူပါးဝ ခံနေရတဲ့ခေတ်က ကုန်ကိုမကုန်နိုင်သေးလို့ စိတ်ပျက်နေရတုန်း ဆိုတာကျွန်တော်မပြောလည်း ပရိသတ်တွေသိမှာပါ . . ။

ဒါပေမယ့်လည်း မြန်မာဟာဘယ်လိုအခြေအနေမျိုးမှာမဆို လိုအပ်လာရင် ကျောချင်းကပ်နိုင်တဲ့ အမျိုးသားရေးစိတ်ဓာတ်က ကမ္ဘာ့ရှား တော်ဝင်စိတ်ဓာတ်ဆိုတာ ငြင်းစရာမရှိဘူးမဟုတ်လားဗျာ။ တစ်ခြားအချိန်တွေမှာ မြန်မာ့အမျိုးသားရေးစိတ်ကို ကြည့်ချင်ပါသေးတယ်ဆိုရင်တော့ ဘောလုံးပွဲသာကြည့်လိုက်တော့ဗျာ။ ဒါကြောင့် ကျွန်တော် ဒီဝတ္ထုကို 'စိတ်လုံးပွဲ'လို့



www.burmeseclassic.com

www.burmeseclassic.com



အမည်ပေးတာပါ။

ပညတ်အရတော့ ဘောလုံးပွဲပေမယ့် ပွဲကြည့်ပရိသတ်ရဲ့ စိတ်ထဲက လုံးကျစ်ပူလောင်တက်လာတဲ့ အမျိုးသားရေးနိုးကြား စိတ်ဟာ ကြောက်ခမန်းလိလိ ပြင်းထန်လာလို့ စိတ်အလုံးကြီး ပေါက်ကွဲနိုင်တဲ့ပွဲ 'စိတ်လုံးပွဲ'ကို တွေ့မြင်နေရမှာပဲ ဖြစ်တယ်ခင်ဗျ။

အဲ. . အဲ. . ပြောရင်းနဲ့ ကျွန်တော့်စိတ်တွေ အလုံးလိုက်ကြီးဖြစ်လာပြီး ဟိုရောက်ဒီရောက်တွေတော့ ဖြစ်ကုန်တော့မှာပဲ။ ကဲ. . ကဲ. . ကျွန်တော်အိမ်ထဲက မြင်ကွင်းကို ပြန်ကြည့်လိုက်ရအောင်. . .။

ဘောလုံးပွဲကလည်း အာရှခြေစစ်ပွဲအတွက် မြန်မာလူငယ်အသင်း သုံးပွဲရလာဒ်က နှစ်ပွဲနိုင် တစ်ပွဲသရေဆိုတော့ကာ ဒီပွဲကို လွတ်လွတ်ကျွတ်ကျွတ် နိုင်စေချင်ကြတာပါ။

ဘာပဲပြောပြော မြန်မာတွေ ဖလားမရလည်း ဖလားပွဲကန်ရပြီဆိုတဲ့ ဂုဏ်သိက္ခာကို ဘောလုံးသမားတွေထက် ဘောလုံးပရိသတ်ကကို လိုချင်နေကြတယ်ဆိုတာ ဒီကနေ့ ပြိုင်ပွဲများလာပြီး အားပေးနေတဲ့ပရိသတ်ကို ကြည့်လိုက်ရင် အသိသာကြီးပါ။

ယောက်ျားလေး၊ မိန်းကလေး၊ အဖိုးကြီး၊ အဖွားကြီး၊ ကလေးငယ်တွေကအစ ပရိသတ်အစုံခင်ဗျ၊ ကောင်မလေးတွေဆို မြန်မာအသင်းဝတ်စုံတွေဝတ်ပြီး နဖူးတွေပါးတွေမှာ မြန်မာ့သုံးရောင်ခြယ်အလံ ရေးလို့ အော်ကြဟစ်ကြနဲ့. . .။

"ဟာ. . လုပ်သွားပြီ. . လုပ်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



မြဘုန်း အော်လည်းအော် စားပွဲပေါ်က ရေသန့်ဗူးကို လည်း လှမ်းဆွဲနေလို့. .

"ဟာ. . ဟော့ကောင်. . အဲ့ဒါ တီဗွီနော်. ."

ဝေဖြိုး အချိန်မီသတိပေးပေလို့သာ၊ ဘောလုံးပွဲကလည်း တစ်ကယ်ကို စိတ်လှုပ်ရှားစေတာပါ။ အဲ့ဒါကြောင့်လည်း ကွင်းကို ပိုက်တွေပတ်ပြီး ကာထားရတယ်ထင်ပါတယ်၊ မြဘုန်းတို့လို ပရိသတ်မျိုးအတွက်လေ။

အဲ့ဒီအချိန်မှာပဲ ရိုက်လွှင့်ကင်မရာက ပရိသတ်တွေဖက် လှည့်ပါတယ်။ ဘယ်လိုအားပေးတယ်၊ ဘယ်လောက်အားပေး တယ်ဆိုတာ. . . ကွင်းထဲရောက်မလာနိုင်တဲ့ ပရိသတ်တွေအ တွက်. . အားကျ. . ကျ. . .။

"ဟ. . ဟ. . ဟို. . ဟိုမှာ မယ်ကြည်. . မယ်ကြည်"

ကျွန်တော့် အထိတ်တလန့် ရေရွတ်သံကြောင့် ဝေဖြိုး တို့ အပြူးအပြဲလှမ်းကြည့်ပြီး တခွီးခွီး တခွတ်ခွတ် ရယ်ကုန်ကြ တယ်။

ရှက်လိုက်တာဗျာ. .။ ယောကျ်ားလေးတွေကြားထဲမှာ မယ်ကြည် 'က'နေတာများ 'ကွေး'လို့။ အလံတွေကလည်း နဖူး ရော ပါးပြင်နှစ်ဖက်မှာပါ၊ ဝတ်ထားတာကလ. . ဘောလုံးအကျီ နောက်ကကောင်တွေ အသားယူပြီး တိုးလာတိုက်လား လုပ်နေ တာကြောင့် ကျွန်တော် ဝုန်းခနဲခုန်ထပြီး တီဗွီရှေ့ ရောက်သွား ပါတယ်။

"ဟော့. . ဟော့. . ခိုင်မြ၊ အဲ့ဒါ တီဗွီနော်"



www.burmeseclassic.com

www.burmeseclassic.com



မြဘုန်းက လက်စားချေသံလေးနဲ့ ခနဲ့ပြီး လှမ်းအော်တယ်။ ကျွန်တော်လည်း ရှက်ရှက်နဲ့ တီဗွီကို ပိတ်ပစ်လိုက်တယ်။

"ဟာ. . ဘာလုပ်တာတုန်းကွ"

"ပိတ်လိုက်တာ မမြင်ဘူးလား"

"ဖွင့်ပါကွ. . ဒီမှာကြည့်နေတဲ့ဟာ"

"မဖွင့်ဘူးကွာ မင်းတို့ကြည့်ချင်ရင် ဦးမိုက်ကြီးဆိုင်မှာ သွားကြည့်"

"ဟကောင်ရ အခုမှ လမ်းထိပ်ထွက်တော့ လွှတ်ကုန်မှာပေါ့ကွ၊ မိနစ်နှစ်ဆယ်ပဲ ကျန်တော့တဲ့ဟာ"

"မသိဘူးကွာ"

"ဟဲ့. . ဘာဖြစ်နေကြတာတုန်း"

ဧည့်ခန်းထဲ ကျွန်တော်တို့ ဆူပွက်နေလို့ အမေထွက်လာပြီး မေးတယ်။

"ဒီကောင် တီဗွီပိတ်ပစ်တယ် ဒေါ်ကြီးရာ"

"ဟဲ့. . မြဘုန်း. . ဘယ်မှာလည်း နင့်ပုဆိုး"

ဒီတော့မှ မြဘုန်း ပုဆိုးသတိရပြီး လိုက်ရှာတယ် ပုဆိုးက ခုံအောက်ထဲတောင် ရောက်နေပါပြီ။

"တီဗွီဖွင့်လိုက်လေသား၊ ဘောလုံးပွဲကြည့်နေတာမဟုတ်လား"

"ဟုတ်တယ် မကြည့်တော့ဘူး"

"သားမကြည့်လဲ သူတို့ကြည့်မှာပေါ့"

"ဒီကောင်တွေလည်း မကြည့်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပဲ ဒီကလေးနှယ်၊ ကဲ . . ကဲ . . မြဘုန်းတို့လာ ခေါ်ကြီးအခန်းထဲက တီဗွီလာကြည့်"

"ဟေးဟေး . . လာ . . သွားမယ် ဝေဖြိုး"

မြဘုန်း ဝေဖြိုးကိုဆွဲခေါ်ရင်း ကျွန်တော့်ကိုတောင်ပြောင်ပြသွားပါတယ်။ ကျွန်တော်လည်း ဒါမျိုးဘယ်ရလိမ့်မလဲ . . ဒီကောင်တွေ အမေ့အခန်းထဲ ဝင်သွားတယ်ဆိုရင်ပဲ မိန်းခလုတ်ကို ဆွဲချပစ်လိုက်တယ်။

"ဟာကွာ . . မီးပျက်သွားပြီဟ၊ တောက် . . ငါ့နှယ်ကွာ"

မြဘုန်းတို့ အော်ဟစ်ညည်းညူပြီး ပြန်ထွက်လာကြလို့ ကျွန်တော်လည်း မသိချင်ဟန်ဆောင်ပြီး ခြံထဲဆင်းထိုင်နေလိုက်တယ်။

မယ်ကြည် . . အသေကောင်မ၊ ငါ့ကို အရှက်ခွဲတယ် . . တောက် . . .။

မယ်ကြည်ဆိုတာ ကျွန်တော် ချစ်စနိုးခေါ်တဲ့ နာမည်ပါ။ မရှက်လို့ပြောရရင် ကျွန်တော် အသက်လောက်ချစ်ရတဲ့ ချစ်သူပေါ့ခင်ဗျာ။ သူမ နာမည်အပြည့်အစုံက ကြည်လင်မြမြပါ။

ကျွန်တော်တို့အားလုံး ဒဂုံတက္ကသိုလ်မှာ ရူပဗေဒနောက်ဆုံးနှစ် တက်နေကြတယ်။ သူမကို မယ်ကြည်လို့ခေါ်ရတာ အကြောင်းရှိပါတယ်။ မယ်ကြည်က တစ်ကယ့်အလန်းပါ . . ဟော့ရှော့လို့ပြောမလား၊ ခေတ်ရဲ့သမီးပျိုလို့ပဲ ဆိုမလား၊ ဘယ်လိုပြောရမှန်းမသိအောင်ကို လန်ထွက်၊ လန်းထွက်နေတဲ့ ကောင်မလေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီခေတ်စတိုင်. . . အကွဲ၊ အဟိုက်၊ အဖွာအလန်တွေ တိုပြတ်ကြပ်ထုပ်တာတွေ မဝတ်ပဲ မြန်မာဆန်ဆန်လေးသာ ဝတ် မယ်ဆို. . တစ်ကယ်ကို ပြစ်မျိုးမဲ့မထင် အလှပေါ်အယဉ်ဆင့်ပြီး တင့်တယ်မယ့်ကောင်မလေးပေါ့။

အသားအရေ အရပ်အမောင်း ကိုယ်ဟန်အဖွဲ့အစည်း၊ မျက်နှာပေါ်က တစ်ခုချင်းကိုလှနေတဲ့ အလှတရားတွေ၊ ဆံပင်ဆို တာလည်း မည်းမှောင်အုံ့ခဲ့ပြီး အရှည်ကြီးဗျာ။ အဲ့ဒါနဲ့ ဟော့နေ တော့ ကျွန်တော်ကြည့်လို့မရတော့ပဲ ခေတ်ကိုနာမ်နှိမ်ပစ်တဲ့သ ဘောနဲ့ ရှေးမြန်မာအမျိုးသမီးတွေ ခေါ်သလို မယ်တပ်ပြီး မယ် ကြည်လို့ ခေါ်လိုက်တာပါ။

အဲ့သလိုခေါ်တော့လည်း သူမကြီးက သဘောကျတော် မူသတဲ့. . ကိုင်း မခက်ဘူးလား။ အဲ့ဒီ သူမကြီး ခေတ်ပုံပျက်စေ တော့ဆိုတဲ့ ရည်ရွယ်ချက်လည်း အလကားဖြစ်သွားတယ်။ ကျွန် တော်ဆိုတဲ့ကောင်ကလည်း လူနေချုံကြား၊ စိတ်နေဘုံဖျား လို့ပဲ ဆိုရမလား နည်းနည်းကြီးကျယ်ပါတယ်(ကိုယ့်အကြောင်းကိုယ် ပြောတာ ဘယ်သူ့ဂရုစိုက်ရမှာလဲ)။

အဖေ ရိုးရိုးကြီး၊ အမေ ရိုးရိုးကြီးက မွေးလာတဲ့ သား ရိုးရိုးကြီးဆိုတော့ကာ၊ အရှက်အကြောက်ကလည်း ကြီးပါတယ်၊ ဒီကြားထဲ စာဖတ်ဝါသနာကလည်းပါတော့ အမျိုးသားရေ သုတ ရသက ကျွန်တော့်အသိစိတ်ထဲမှာ မှိုစွဲနေပါပြီ။

ရိုးရိုးကျင့်. . မြင့်မြင့်ကြံ၊ ဒါအမှန်ပဲလေဗျာ၊ ကိုယ့်ယဉ် ကျေးမှုရဲ့ ကျောရိုးမကြီးကိုက ရိုးသားဖြူစင်မှုကို အရင်းခံထား



www.burmeseclassic.com

www.burmeseclassic.com



တာ. . ဆိုတော့ကာ ဆန်းလာရင် တယ်မကြိုက်ချင်တော့တာ ကျွန်တော့စိတ် ဖြစ်လာတော့တာပေါ့။

လူတွေရဲ့စိတ်သဘာဝများ ထူးဆန်းတာပြောပါတယ်။ ကျွန်တော်က အဲ့သလို ရိုးရိုးကြီးဇေယျ၊ ကြည်လင်မြမြက ပျော့ ရှော့အလန်း၊ အဲ့ဒီနှစ်ယောက် ကန်းနေလို့ ချစ်သူတွေ ဖြစ်ကုန် ကြတာလားလို့ မေးစရာပါပဲ။

အမှန်တော့ ဘယ်သူမှ မျက်မှန်မတပ်ရသေးတဲ့ Original Eye Power တွေနဲ့ပါ။ မြင်မြင်ချင်း မျက်စိစပါးမွေးစူးနေကြ တဲ့ နှစ်ယောက်၊ သူ ကျွန်တော့်ကိုမြင်ရင်. . အော့ကလီဆန်သ လို့. . အု. . အ. . နဲ့လုပ်ပြ၊ ကျွန်တော်ကလည်း သူ့ကိုမြင်ရင်. . ပြေးပြီး ကိုက်ဖဲ့ပစ်ချင်လောက်အောင် အသည်းယားပါတယ်။

ပထမနှစ် စတက်ကတည်းက တစ်ခန်းတည်းဆိုတော့ ခွေးနဲ့ကြောင် လှောင်အိမ်တစ်ခုတည်း ထည့်ထားသလို တစ်ဝေါင်းဝေါင်း တစ်ဝုတ်ဝုတ်ပေါ့ဗျာ. . ၊ ကိုက်တော့မကိုက်ကြပါ ဘူး။ ကျွန်တော့် ရှူးသွပ်မှုကလည်း မသေးဘူး၊ ကော်လာတုံးကို အသားစုံ အရောင်စုံ ချုပ်ဝတ်သလို၊ တိုက်ပုံကိုလည်း ရောင်စုံ ချုပ်ဝတ်တာပါ၊ သူက အဲ့ဒါကို ကြည့်လို့မရတာ။

သူ့ပုံစံကတော့ မျက်လုံးထဲမြင်နေမှာပါ။ မမြင်လည်း မြနီကုန်းမှတ်တိုင်မှာ တစ်နာရီလောက်ရပ်နေလိုက်ဗျာ အဲ့ဒီမှာ မြင်လာပါလိမ့်မယ်။ အဲ့ဒီ မြင်တဲ့အတိုင်းပဲ ကျွန်တော့်မျက်လုံးနဲ့ ဘယ်လိုမှ ခံစားလို့မရတဲ့ပုံမျိုး. . . ။

အဲ့ဒီနှစ်ယောက်က ပထမနှစ်တစ်နှစ်လုံး ရန်တွေချည်း



www.burmeseclassic.com

www.burmeseclassic.com



ခုဖြစ်နေပြီး ဒုတိယနှစ် နှစ်ဝက်စာမေးပွဲလည်းပြီးရော ချစ်ကုန်ကြရောဗျို့ . . ။

ဘယ်လိုကစချစ်သလဲ မေးရင် ပြောပြပါ့မယ်။ ခုတော့ မြဘုန်း ဗိုက်ချွဲချွဲကြီးရှေ့ပစ်လျှောက်ပြီး ကော်ဖီနှစ်ခွက် ယူလာလို့ တစ်ခွက်ယူကစ်လိုက်ဦးမယ်ဗျာ . . နော် . . ။

"ရော့ . . ဒါက မင်းအတွက်"

ဒီကောင်ကြီးက ချိုဆိမ့်သောက်တာမို့လို့ ခါးတဲ့ခွက်ကို ကျွန်တော့်ဆီ ပေးတယ်။ ဝေဖြိုးလည်း သူ့ကော်ဖီခွက်နဲ့ ရေနွေးခါတ်ဗူး ယူလာပြီး ရောက်လာတယ်၊ ဝင်ထိုင်ကြရင်းနဲ့ မြဘုန်းက . . .

"မင်းက ဘာအရူးထတာလဲ . . သူ့ဘာသာ မရှက်လို့က တာ မင်းနဲ့ဘာဆိုင်လဲ"

"ဟော . . အဲ့ဒါ ငါယူမယ့်မိန်းမကွ၊ အခုကြည့်စမ်း တစ်နိုင်ငံလုံးမြင်အောင် ပေါ်ပြနေတာ . . ငါက မရှက်ရဘူးလား"

"ဟ . . အဲ့ဒါ ဘောလုံးပွဲ အားပေးတာ၊ မျိုးချစ်စိတ်ကိုပြနေတာ ရှင်းလား၊ ငါလည်း ကွင်းထဲမရောက်လို့ . . ရောက်ရင် ဝါကာဝါကာတောင် လုပ်ပြလိုက်ချင်သေး"

"မင်းလုပ်ပြလည်း ဝက်ရူးပြန်နေတယ် ထင်ကြမှာပဲ"

အဲ့ဒီအချိန်မှာ ဝေဖြိုးက လေပြေလေးနဲ့ ဝင်ပြောတယ်။

"ထားလိုက်ပါကွာ မယ်ကြည် ဘာတွေပဲလုပ်နေလုပ်နေ မင်းကို သစ္စာမဖောက်ဘူး အချစ်လျော့မသွားဘူး၊ ပြီးပြီ . . ထားလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး ဝေဖြိုး လူဆိုတာ ကျင့်ဝတ်နဲ့ သိက္ခာကို ထိန်းရတယ်. .၊ တစ်နေ့ ငါတို့ မိဘနေရာရောက်လာမယ်၊ ကိုယ့်တုန်းက ကဲချင်သလိုကဲပြီး ကိုယ့်သားသမီးကျမှ ဒီလိုမလုပ်နဲ့ ဟိုလိုနေဆိုတာ ဖြစ်သင့်သလား၊ ကိုယ့်သားသမီး ပေါက်လွှတ်ပဲစားဖြစ်နေလို့ ဝမ်းသာလုံးဆို့တဲ့ မိဘဆိုတာ ရှိသလား၊ ကိုယ်တိုင်မိဘဖြစ်ရင်ကော ဝမ်းသာမှာလား၊ အခု ကိုယ် ဂျစ်ပွေးကျနေတာကို ကိုယ့်မိဘက လက်ခံကျေနပ်နေမယ်ထင်လား၊

ချစ်လို့ မပြောရင်သာနေမှာ. . ရင်ထဲဘယ်လောက်ပူလောင်နေမလဲ စဉ်းစားကြည့်ပေါ့ကွာ၊ ငါသိသလောက်. . မယ်ကြည့်အဖေက ငါ့အဖေနဲ့အမေလိုပဲ ရိုးရိုးအေးအေးကြီး၊ မယ်ကြည့်ကဲနေတာ ဟော့နေတာ တီဗွီထဲမှာတွေ့သွားရင် ရှက်မှာပဲ ရင်နာနေမှာပဲ၊ မိတ်ဆွေတွေက ဦးကျော်ရေ ခင်ဗျားသမီးတော့ ကွင်းထဲမှာ ကွေးနေတာပဲဗျဆို. . သေပြီ"

"ကဲ. . တော်ပြီ၊ အဲ့ဒါ မနက်ဖြန် ကျောင်းတက်တော့ မယ်ကြည့်ကိုပြော၊ အခု ငါပြောချင်တာ ဟိုဖက်ခြံက အိမ်ဂျယ်လေးကွာ၊ ငါဘယ်လိုဆက်လုပ်ရမလဲ ဝင်ကြမ်းရမှာလား"

ဝေဖြိုးပုခုံးတွန့်ပြပြီး ပြုံးတယ်၊ ကျွန်တော်လည်း တစ်ဖက်ခြံကို လှမ်းကြည့်ရင်း. .

"အေးကွာ. . သူတို့ခြံပတ်ပတ်လည်ကို ငါလိုက်ကြည့်ပါသေးတယ် မင်းကိုယ်လုံးနဲ့တန်တဲ့ ခွေးတိုးပေါက်ကလည်း တစ်ပေါက်မှမရှိဘူး"

မြဘုန်း ကော်ဖီတွေ ဖလူးခနဲ ပြန်ထွက်ပြီး မျက်လုံးပြူး



www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့ကြည့်တယ်။

"မင်း မမိုက်ရိုင်းနဲ့ကွာ"

"ဟော. . မတန်လို့ မတန်ပါဘူးပြောတာ ရိုင်းစရာလား"

"မင်းသိပြီးပြီလား ခိုင်မြ"

"ဘာလဲဝေဖြိုး"

"ဒီကောင် မနေ့ညက ရပ်ကွက်ရုံးမှ လက်မှတ်ထိုးလိုက်ရတဲ့ကိစ္စလေ"

"ဟမ်. . ငါလည်း ဘာမှမသိရပါလား"

"အဲ့ဒါမင်းကြောင့်. . ."

မြဘုန်းထပြေးတော့၍ ဝေဖြိုးတခိခိရယ်ရင်း. .

"အဟီး. . ဒီလိုကွ မင်းကိုဒုက္ခပေးရတာများလို့ အားနာတယ်ဆိုပြီး မနေ့ည ချိုလေးခိုင် ကျူရှင်ကအပြန်ကို ဒီကောင်နဲ့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်နေ ထိုင်စောင့်တယ်၊ ငါတို့နှစ်ယောက် ဘောလုံးပွဲအကြောင်း ပြောနေရင်းက ချိုလေးခိုင်လာတာကို မမြင်လိုက်ဘူးကွ၊ လမ်းထဲကို ချိုးဝင်သွားတော့မှ ငါက မြင်လိုက်တာ၊ ငါ့မျက်မှန်ပါဝါ ထပ်တိုးဖို့လိုနေပေမယ့် ဒါတော့ မြင်တယ်ကွ၊ မနေ့ညက လမ်းမီးတွေကလည်း ပျက်နေတယ်၊ လှမ်းကြည့်တော့ ပိန်ပိန်လေးကွာ၊ ဆံပင်တိုဂုတ်ဝဲလေးကွာ၊ လွယ်အိတ်ကလည်း ချိုလေးခိုင်လွယ်နေကျ လွယ်အိတ်ကွာ. . အဲ. . ချိုလေးခိုင် မဟုတ်လို့ ဘယ်သူဖြစ်မလဲ"

"အေးလေ. . အဲ့ဒီတော့"

"ဟရောင်. . မြဘုန်း ဟိုမှာဝင်သွားပြီ. . လိုက်. . လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

"အင်း. ."

"ဒီကောင်လည်း ချက်ချင်းထလိုက်တယ်၊ ငါလက်ဖက်ရည်ဆိုင်ဘေးကနေ အသာလှမ်းကြည့်တော့ မှီတယ်ကွ၊ ခဏလည်းကြာရော ဖြန်းခနဲ ပါးရိုက်တဲ့အသံ ကြားရပါလေရော"

"ဟော. ."

"ဒီကောင် ဘာသွားပြောလို့လဲ၊ ပြောနေကျအတိုင်းပြောရင် ရိုက်စရာလား"

"ဒီကောင်လည်း ပြောနေကျအတိုင်းပဲ ပြောတာတဲ့. .၊ ချစ်တယ်ချိုရယ်. . လို့ပဲ စရသေးတယ် တွယ်တာတဲ့ကွာ"

"ဟုတ်လို့လား"

"ဩော်. . အဟုတ်. .၊ ပြဿနာက အဲ့ဒီညက ချိုလေး မဟုတ်ဘူး ချိုလေးအဒေါ် အပျိုကြီး ဖြစ်နေတာ"

"ဟိုက်. . သေရောဟ"

"ချိုလေးကို အဲ့ဒီနေ့မှာမှ သူ့အဒေါ်က ကျူရှင်သွားကြိုတာ၊ ချိုလေးက သူငယ်ချင်းအိမ်မှာ စာမေးစရာရှိတယ်ဆိုပြီး သူ့အဒေါ်ကို လွယ်အိတ်ပေးပြီး ပြန်လွှတ်လိုက်တာ၊ အဲ့ဒီမှာမှား တာပေါ့၊ သူတို့ ဝါဇီကရဏမျိုးကလည်း တူတူနိုင်လွန်းပါတယ်"

"ဘာမျိုး. ."

"မီးယပ်ပိန်မီးယပ်ခြောက်လို့ပြောတာ"

"သူတပါလား၊ သူများကို ကဲ့ရဲ့ရရင်. . ကြံကြံဖန်ဖန် ရှာ တတ်တဲ့ကောင်၊ အခု အဲ့ဒီပြဿနာက ဘယ်လိုပြီးသွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရုံးသွားတိုင်လို့ မြဘုန်း-ဝန်ခံကတိ ထိုးလိုက်ရတယ်လေ၊ အိမ်ရောက်တော့လဲ သူ့အဖေက တွယ်သေးတယ်၊ မင်း လူသတ်မှုဖြစ်ချင်လို့လားတဲ့"

"ဟ. . ဘာကိုပြောတာလဲ"

"ကျွတ်. . မင်းလည်း ဒူတဲ့ကောင်၊ ဟိုဖက်က အရမ်းပိန်သေးနေလို့ပြောတာ"

"ဩော်. ."

တစ်ကယ်ပါ ပရိသတ်ရေ ကျွန်တော်ကလည်း အဲ့သလောက်ဒူတာပါ၊ စကားလုံးတစ်လုံးအပေါ်မှာ အလွယ်အဓိပ္ပါယ်ဖွင့်နိုင်တဲ့ ဒီကောင်တွေရဲ့ ဦးနှောက်ကိုလည်း လေးစားပါတယ်။

"ကဲ. . ဘောလုံးပွဲလည်း မကြည့်ရတဲ့ အတူတူတော့ပြန်ကြမယ်ဝေဖြိုး"

အသံနှင့်အတူ ရောက်လာသော မြဘုန်းကို လှည့်ကြည့်ပြီး. . .

"မင်း တော်တော်အကြံပက်စက်တဲ့ကောင်"

"ဘာကိုလဲ"

"ဟ. . ချိုလေးခိုင်တို့တူဝရီးနှစ်ယောက်လုံးကို တစ်ပြိုင်တည်းကြံတာ မလွန်လွန်းဘူးလား"

"သူတို့အမျိုးက နှစ်ယောက်ပေါင်းမှ တစ်ယောက်စာလောက်ပဲရှိတာလေ. . ဟဲဟဲ"

ကျွန်တော် ဆက်မပြောတတ်တော့လို့ နိုင်ရာရှာပြီး. .

"မင်းတို့ပြန်တော့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ်လေ"

"ဒါဆို . . ငါ မိန်းချထားတာ ပြန်တင်လိုက်တော့မယ်"

"ဟာ . . လူယုတ်မာ လဒ"

မြဘုန်းတို့ ခုန်ဆွခုန်ဆွ ဖြစ်ကျန်ခဲ့ကြတယ်။





www.burmeseclassic.com

www.burmeseclassic.com

ငါရဲ့အိပ်သွန်ဖာမှောက်အချစ်နဲ့
မင်းရဲ့ပစ္စုဒေဝ နှလုံးသားက..
လားလားမှ မဆိုင်လို့
ကြွက်မနိုင် ကျီမီးနဲ့တို့သလို
အရောက်ပို့တာမျိုးတော့ မလုပ်လိုက်ပါနဲ့..။
ကြိုက်မရက်လို့ ငိုက်မရက်တာပါ..
မိုက်ချက်ကမ်းကုန်ပြီး...
အရမ်းစုန်တတ်တဲ့ ရင်ဘတ်နဲ့
အမြင်ကပ်အောင် ချစ်မိတာဟာ
အပြစ်ရှိတားလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

**ကျောင်း**ဖွင့်ရက် မနက်ခင်းတိုင်း ကျွန်တော်တို့တွေ မေဂျာကင်န်တင်းမှာပဲ ဆုံကြတာမှာ ပထမနှစ် စတက်ကတည်းကပါ။

ကျွန်တော်တို့တွေဆိုတာ. . ကျွန်တော်၊ မြဘုန်း၊ ဝေဖြိုးကြည်လင်မြမြ၊ ချိုချိုခက်၊ ချိမ့်ချိမ့်သဲ တို့ကိုပြောတာပါ။ ကျွန်တော်တို့ ယောကျ်ားလေးသုံးယောက်ကတော့ တစ်ရပ်ကွက်တည်းနေ



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ ငယ်ပေါင်းတွေပါ။ ဟိုသုံးယောက်ကတော့ ကြီးပေါင်းတွေ ပေါ့ခင်ဗျား။

အဲ. . အဲ. . အဲ့ဒီ. . ကြီးပေါင်းတွေနဲ့ ကျွန်တော်တို့က ပထမနှစ်စတက်တော့ မေဂျာကင်န်တင်းမှာ ဆုံကြတာလေ၊ ဆုံပုံ ရင်းနှီးပုံလည်း ပြောဦးမယ်ဗျာ. . ကြုံလို့ပါ။

ပြောရရင် ကြည်လင်မြမြတို့သုံးယောက်က သုံးယောက် စလုံး တစ်မျိုးစီ ထူးခြားတဲ့စရိုက်ကလေးတွေရှိတဲ့အပြင် ထူးခြား တဲ့နာမည်လေးတွေကြောင့် ကျွန်တော်တို့ သတိထားမိပြီး ခင် သွားကြတာပါ။

ခင်တယ်ဆိုတာကတော့ ဒုတိယပေါ့၊ စတွေ့တဲ့ ပထမ အခြေအနေက နည်းနည်းပြဿနာရှိပါတယ်။ အဲ့ဒီပြဿနာကို စတင်ပေးတဲ့သူကတော့ ချိမ့်ချိမ့်သဲ ဆိုပါတော့. . .။

နာမည်ကိုက အားရပါးရကြီး ခင်ဗျ. . ။ လူပုံစံကလည်း တစ်ကယ် အားရပါးရ ဝတုတ်ကြီးပါ။ ကျွန်တော်တို့မြဘုန်းလိုပဲ အဆီတစ်ထပ် အသားတစ်ထပ်နဲ့ အသံကလည်း အကျယ်ကြီး၊ ရယ်လိုက်ရင်လည်း ဝါးလုံးကွဲ. . ။

အဲ့သလို ဆုလာဘ်အင်္ဂါတွေနဲ့ပြည့်စုံတဲ့ အမျိုးသမီးတို့ အုပ်စု မေဂျာကင်န်တင်းထဲမှာ ရှိနေကြတုန်း ကျွန်တော်တို့သုံး ယောက် ကင်န်တင်းထဲဝင်လာမိတာက ပထမအမှား၊ ဒုတိယအ မှားက သူတို့ဝိုင်းနဲ့ကျွန်တော်တို့ဝိုင်း ဘေးချင်းကပ်လျက် ဖြစ်သွား တာလေ. . ။

ဟုတ်ကဲ့ တတိယအမှားကို စပြီခင်ဗျ၊ ပထမနှစ် ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကာစလည်းဖြစ်တော့ အထက်တန်းကျောင်းသားစိတ် မကုန်သေးတာပဲလား. . ဒါမှမဟုတ် ဆယ်နှစ်လောက်ရင်းနှီးလာခဲ့တဲ့ ပညာရေးစနစ်နဲ့ ကျောင်းစည်းကမ်းက အရိုးစွဲနေတာပဲလားဆိုတာ မသိနိုင်ဘဲ မြဘုန်းက ဒီလိုပြောပါတယ်။

"မုန့်စား ကျောင်းဆင်းတဲ့အချိန်က ဘယ်ချိန်လဲကွ. . ခင်းတို့ရောသိလား"

မြဘုန်းအမေးကို ကျွန်တော်ရော ဝေဖြိုးပါ အံ့အားသင့်နေတဲ့အချိန်မှာပဲ ဘေးချင်းကပ်ဝိုင်းက ဝတုတ်ကြီး ဟီးဟီးဟားဟားနဲ့ လွှတ်ရယ်ပါတော့တယ်။

"ဟီးဟီးဟီး. . ဟားဟားဟား. . မုန့်စားကျောင်းတဲ့ဟားဟားဟား. . ခိခိခိ. ."

အက်လောင်လောင်အသံကြီးနဲ့ဆိုတော့ ကျွန်တော်တို့ထက် ကာယကံရှင်ဖြစ်တဲ့ မြဘုန်းက ပိုရှက်ပြီး. . .

"ဟေ့. . ဝတုတ်မ၊ ငါ့ဘာသာမသိလို့မေးတာ နင်ကဘာဆိုင်လို့ အူမြူးနေတာလဲ"

ဝတုတ်မဆိုတဲ့ နာမ်းစားသုံးမှုက အဲ့ဒီဝတုတ်ကြီးကို တစ်ကယ်ထိသွားတဲ့ပုံပါ။ ဝုန်းခနဲထလာပြီး. . မြဘုန်းကို လည်ကုတ်ကော်လာစနေ ဆွဲကိုင်ပြီး မ'ထုတ်လိုက်ပါတယ်။

ဒါပေမယ့် သူ့,မထုတ်နေကျ ဝိတ်မျိုးမဟုတ်ပဲ ပေါင်သုံးရာကျော်တဲ့ မြဘုန်းရဲ့ဝိတ်ကြီးဆိုတော့ကာ ဇွေ့ခနဲမြောက်တက်မလာပဲ သူ့ခြေရင်းကို ဘုတ်ခနဲ ပြုတ်ကျလို့ သူပါအားလွန်ပြီး မြဘုန်းပေါ် အိပြိုကျသွားတယ်။

www.burmeseclassic.com



"အား..သေပါပြီဟ ဝတုတ်မရဲ့"

"ဟင်..နင်ကများ ငါ့ကို၊ ဝတုတ် နင်ကရော သေလို့ ပုပ်ပွနေတာလား"

"နင်သာ သေလို့ပုပ်"

"ဘုတ်"

-"အင့်"

"ဘူ.."

အခြေအနေကတော့ တော်တော်ဆိုးဆိုးခင်ဗျ..၊ နှစ်ယောက်စလုံး ဝတုတ်တွေဖြစ်ပြီး 'ဝတုတ်'ဆိုတဲ့ နာမ်စားကို အတူတူမုန်းကြ၊ အတူတူစိတ်ဆိုးကြနဲ့ အတူတူရန်ဖြစ်လုံးထွေး ကုန်ကြတဲ့အထိပါပဲ။

တစ်ဖက်ဝတုတ်မက လဲကျနေရာကနေ ဒေါသဖြစ်ပြီး ပက်လက်လန်နေတဲ့ မြဘုန်းဗိုက်ပေါ်ကို ဖင်ထိုင်ချပစ်လို့ မြဘုန်းခမျာ 'ဘူ'ခနဲ မြည်ထွက်လာအောင် ခံလိုက်ရရှာတာပါ။

ရုတ်တရက်မို့ ကျွန်တော်တို့လည်း ဘယ်သူ့ဆွဲလို့ ဆွဲရမှန်းမသိ၊ လောလောဆယ် အပေါ်က ဝတုတ်မဖြစ်နေလို့ သွားလဲမထိရဲနဲ့၊ ဝရုန်းသုန်းကားတွေ ဖြစ်နေတုန်းမှာပဲ တစ်ခြားကျောင်းသားတွေပါ ဝိုင်းအုံပြီး ကြည့်ကြရယ်ကုန်ကြလို့ သူတို့ဝတုတ်မကို သူတို့ဘာသာပဲ ဆွဲချလိုက်ကြတယ်။ ဒီတော့မှ..ကျွန်တော်တို့လည်း မြဘုန်းကို ဆွဲထူကြရတယ်။

"မြဘုန်း ဘာဖြစ်သွားသေးလဲ"

"ဖြစ်တယ် အီးထွက်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်. . လေလည်တာပါကွ"

"လေတင်မဟုတ်ဘူး၊ ရေပါ,ပါလာတာ. . တောက်"

"ဟုတ်လား. . သေးထွက်သွားသေးလား"

"တော်ပြီကွာ ဆရာမနဲ့သွားတိုင်မယ်"

ဒါတောင် မြဘုန်းရဲ့ အသုံးအနှုန်းတွေ မပြောင်းသေးလို့ ကျွန်တော် ခပ်တိုးတိုးသတိပေးတယ်။

"ဘယ်က ဆရာမလဲ"

"အတန်းပိုင်နဲ့"

"ဟော့ကောင် ဒါတက္ကသိုလ်နော်"

ဒီတော့မှ မြဘုန်း သတိထားမိပြီ. .

"မော်ကွန်းထိုးပစ်မယ်"

"အာ. . မော်ကွန်းထိန်းလုပ်ပါကွ"

"အေး. . ဟုတ်တယ်၊ မော်ကွန်းထိန်းရုံးကို သွားတိုင်မယ် သူက မိန်းမဆိုပြီး သက်သက်အနိုင်ကျင့်တာ"

မြဘုန်း ကွတကွတနဲ့ ရှေ့ကထွက်သွားလို့ ကျွန်တော်တို့လည်း ခပ်ကုတ်ကုတ်ပြေးလိုက်ကြတယ်။ အဲ့ဒီအချိန်အထိ မယ်ကြည်ဘယ်လောက်လှတယ်ဆိုတာ. . ကျွန်တော်သတိမထားမိသေးပါဘူး။

ကျွန်တော်တို့ မော်ကွန်းထိန်းရုံးရှေ့ရောက်သွားတော့ ရုံးတံခါး မဖွင့်သေးလို့ မြဘုန်းက ရုံးဖွင့်အောင် စောင့်မယ်ဆိုပြီး စောင့်ကြတဲ့အချိန်မှာ မယ်ကြည်ရောက်လာပါတယ်။

မျက်လုံးထဲမှာ ရှုပ်ယှက်ခတ်နေအောင်လှတဲ့ အဲ့ဒီမိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးကို အဲ့ဒီနေရာမှာပဲ စတင်သတိထားမိတော့တာပါ။ သူက လည်း ကျွန်တော့်ကို သတိထားမိပြီး ဒီလိုမျိုး စတင်လိုက်တယ် ခင်ဗျ။

"ရှင်က ဝါးတီးကုတ်နဲ့ ကတုံးနဲ့ဆိုတော့ ရှင့်ကိုပဲ ပြောရ မှာပဲ"

စောစောက သုံးယောက်ထဲက တစ်ယောက်ဆိုတာသိ ပေမယ့် သူပြောတဲ့ စကားအသုံးအနှုန်းကို သဘောမကျဖြစ်ပြီး။

"မင်း ဘယ်သူ့ကိုပြောနေတာလဲ"

"ရှင့်ကို"

"ဟေ့ . . ငါက ဆံပင်နဲ့လေ ဘယ်မှာလဲကတုံး"

"ကော်လာတုံးကိုပြောတာ"

"ဩော် ဒီလိုလား၊ ဟုတ်ပါပြီ . . အင်း ဘာပြောမှာလဲ"

ကျွန်တော်စိတ်ထဲ သိပ်တော့ဘဝင်မကျပါဘူး . . ၊ ဒါပေ မယ့်လည်း ဒီမိန်းကလေး အတော်လှပါတယ်။

"စောစောက ပြဿနာကို ကျေအေးလိုက်ရအောင်လား ကျွန်မတို့က မေဂျာတူ အတန်းတူတွေပဲဟာ"

ဒါကိုကြားတယ်ဆိုရင်ပဲ . . မြဘုန်း ရှေ့ကိုရောက်တယ်။ ဟိုမိန်းကလေးလည်း နှာခေါင်းပိတ်ပြီး နောက်ကို နည်းနည်းတွန့် သွားတယ်ခင်ဗျ။

"ဒီလောက်ဆို ငါဘယ်လောက် နစ်နာခဲ့တယ်ဆိုတာ ပြောစရာမလိုတော့ဘူး မဟုတ်လား၊ ငါ ဒီအနံ့အသက်တွေနဲ့ အိမ်ကိုဘယ်လိုပြန်မလဲ၊ လမ်းမှာကားစီးရင် ဘယ်လောက်ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ရောက်မလဲ"

"ဟုတ်ပြီလေ အဲ့ဒါကိုကျွန်မတို့ အဆင်ပြေအောင်စီစဉ်ပေးမယ် ဆိုရင်ရော"

မြဘုန်း ကျွန်တော့်ကို လှမ်းကြည့်တယ်။

အဲ့ဒါကြောင့်. . .

"ပြောပါဦး မင်းဘယ်လို စီစဉ်မလဲဆိုတာ"

သူမ ပုခုံးတွန့်ပြပြီး. . .

"ကျွန်မကားနဲ့ သူ့အိမ်အရောက် ပြန်ပို့ပေးမယ်၊ ကျောင်းကိုပြန်လာချင်တယ်ဆိုလည်း တစ်ခါတည်း စောင့်ပြီးခေါ်လာမယ်"

"အင်း. . မဆိုးပါဘူး"

ဒါပေမယ့် မြဘုန်း ကျေနပ်ပုံမရပါဘူး။

"ဝတုတ်မကတော့ ငါ့ကို ပြန်တောင်းပန်ရလိမ့်မယ်"

"ရှင်. . အဲ့ဒါပြဿနာလေ၊ ချိမ့်ချိမ့်သဲက အဲ့သလိုခေါ်တာ သိပ်မုန်းတယ်၊ ရှင့်ကိုရော ဝတုတ်ကြီးလို့ခေါ်ရင် ကြိုက်မလား"

"ကြိုက်တယ်"

"ဘာ"

မိန်းကလေးစိတ်ညစ်သွားပုံက တကယ်ကြည့်လို့ကောင်းတယ်ခင်ဗျ၊ အိုက်တင်လေးနဲ့ စိတ်ညစ်ပြတာဆိုတော့ကာ ကျွန်တော်လည်း အသည်းယားလာပြီး ဝင်ဖောတယ်။

"ဒါက သူ့စိတ်နဲ့သူ့ကိုယ်လေကွာ၊ ငါလည်း မင်းပုံစံကို



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူးကွ၊ ကွင်းတွေ ဂေါက်တွေ ခလောက်တွေရော အကွဲ အပြဲတွေပါ ရှုပ်ယှက်ကိုခတ်နေတာပဲ၊ ငါမကြိုက်တာကို ပြော တာနော်. . ”

“ဟုတ်တယ် ကျွန်မလည်း ရှင့်ပုံစံကို သဘောမကျဘူး၊ အလိုအလျောက် ရွေ့လျားနေတဲ့ခေတ်ကြီးက ရှင့်ကိုယ်ပေါ်မှာ တန့်နေတယ်. . ၊ ရှင်ဘယ်ခေတ်မှာ ကျန်နေခဲ့တာလဲလို့ကို မေး ချင်နေတာ”

ကျွန်တော့်စိတ်ထဲ တွန့်ခနဲဖြစ်သွားတာကို. . ပုခုံးပေါ် ပြောင်းတွန့်ပြီး ညစ်အစ်အစ်ပဲ ပြုံးလိုက်တယ်။ ပြီးမှ. . .

“ဒါဆိုလည်း အဖြေကရှင်းနေတာပဲကွာ၊ သူ့အကြိုက် ကိုယ့်အကြိုက် မတူတာကို လိုက်ညှိနေရင် ပြဿနာပေါ့ကွ”

“ကဲ. . ကြာတယ် ရှင်ပြောသလို တောင်းပန်ခိုင်းမယ် ဒါဆိုရပြီလား”

“ငါ့ကို အိမ်ပြန်ပို့ပြီး ပြန်ခေါ်လာတဲ့အချိန်လား”

“ဆောရီး . . တူမောရိုး”

မြဘုန်း ကျေနပ်လိုက်တယ်။ အဲ့ဒါကြောင့် ထိန်းရုံးကနေ ပြန်လှည့်လာပြီး ကျွန်တော်တို့ကို တစ်နေရာမှာ ရပ်စောင့်ခိုင်း ထားတယ် ခဏကြာတော့ သူမကိုယ်တိုင်ပဲ ကားကိုမောင်းယူ လာပြီး ကျွန်တော်တို့ရှေ့မှာ ရပ်ပေးပါတယ်။ ကျွန်တော်တို့အား လုံး ကားထဲဝင်မယ်ပြင်တော့. . ။

“ဘာ. . ရှင်တို့အားလုံး လိုက်မှာလား”

“ဒါပေါ့. . ငါတို့သူငယ်ချင်းကြီးက အားငယ်တတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



လေ. ."

သူမ တစ်ချက်ညည်းတွားပြီးမှ. . .

"ကောင်းပြီလေ ကူရှင်တွေနောက်မှာ ပလပ်စတစ်အစ ခေါက်ထားတာရှိတယ်၊ အဲ့ဒါကို ဖြန့်ခင်းပြီးမှ ရှင့်သူငယ်ချင်းကြီး ကို ထိုင်ခိုင်း၊ မဟုတ်ရင် ကျွန်မကူရှင်တွေ နံကုန်မယ်"

ဝေဖြိုးကပဲ စီစဉ်ပေးပြီး မြဘုန်းနဲ့ ဝေဖြိုးတို့ နောက်ခန်း မှာထိုင်ကြတယ်၊ ကျွန်တော် ရှေ့ခန်းမှာ ဝင်ထိုင်လိုက်တယ်ဆိုရင် ပဲ သူမရဲ့ကားလေးကို စတင်မောင်းနှင်ပါတော့တယ်။ မောင်းရင်း နဲ့. . .

"ရှင်တို့ သူငယ်ချင်းတွေက အတော်ချစ်ကြတာပဲနော်"

"ငါတို့က သွေးသောက်ညီနောင်တွေလေကွာ"

"ဒါနဲ့များတောင် ဝင်မဆွဲဘဲ ရပ်ကြည့်နေတယ်နော်"

"ဟ. . ဝင်ဆွဲရင် ဆွဲတဲ့အမှုတစ်မှုကွ၊ အဆင်မပြေရင် ကိုင်ပေါက်ခံရတာက ရှိဦးမယ်"

"အဟုတ်ဟုတ်. . ခစ်ခစ်၊ ရှင်က ပုံတုံးကြီးနဲ့ အတော် လည်တာပဲ"

"ဘာကွ"

ကျွန်တော် မကျေမနပ်ဖြစ်သွားတာကို သူမ မသိချင် ဟန်ဆောင်ပြီး ဆက်ပြောတယ်။

"ဘာပဲဖြစ်ဖြစ်. . ရှင် ပုံတုံးသလောက် ဉာဏ်မတုံးတာပဲ တော်ကောင်းတယ်၊ ချိမ့်ချိမ့်သဲက သူ့ကို ဝတုတ်မလို့ ခေါ်တဲ့လူဘိုင်း ကို အဲ့ဒီနည်းနဲ့ပဲ ပညာပေးတာ၊ ဘယ်လိုအခြေအနေမျိုးမှာမဆို



www.burmeseclassic.com

www.burmeseclassic.com



လက်ဆွဲတယ်ဆိုကတည်းက ကာယကံမြောက်ကျူးလွန်မှုပဲလေ၊ နောက်ဆုံးတော့ ဆင်နှင်းသလိုလည်း အနှင်းခံရသေးတယ်. .၊ လက်ဆွဲမှုနဲ့ ဒုက္ခတွေရောက်ကုန်တယ်၊ ချိမ့်သဲဂွင်ထဲကလွတ်တာ ရှင်တို့က ပထမဆုံးပဲ"

"အာ. . မင်းတို့ အတော်မလွယ်ပါလား၊ အဲ့ဒါကြောင့် လာပြီးကျေအေးတာပေါ့"

"ဒါပေါ့. "

"တောက်. . ဂျစ်ပွေးတွေပဲကွ"

"အောင်မာ. . လူကိုများ"

"ဟုတ်တယ်လေကွာ မင်းပုံစံကိုက ဂျစ်ပစီပုံပေါက်နေတာ၊ ကိုယ်ပိုင်ကားစီးနိုင်တဲ့ လူတန်းစားဖြစ်နေပါလျက် စုတ်ပြတ်ပြကွဲနေတာ မင်းအတော် ကံဆိုးပါလားကွာ. . ဟော့"

"အောင်မာ. . အောင်မာ. . လာပြီးတော့"

"ကျွိ. . ရိရိ. . "

သူမ ကားကို လမ်းဘေးထိုးရပ်ပစ်ပြီး. . .

"ရှင်တို့အားလုံး ကားပေါ်ကဆင်း"

"ဘာ. . အိမ်မရောက်"

"ဆင်းဆိုဆင်းနော်. . ကျွန်မအော်လိုက်ရင် ရှင်တို့ ဘာဖြစ်သွားမယ်ထင်လဲ"

"ဘာမှမဖြစ်ဘူး"

"ကောင်းပြီလေ. . လာ. . ကြ. . "

"ဟော့. . ဟော့. . ဆင်း. . ဆင်းမယ်၊ မင်း ထင်ပြီးမယုတ်



www.burmeseclassic.com

www.burmeseclassic.com



မာနဲ့နေ၁်"

နောက်ဆုံးတော့ ကျွန်တော်တို့သုံးယောက် ဆင်းလိုက်ကြရတယ်။ ကျောင်းမရောက် အိမ်မရောက်. . လမ်းတစ်ဝက်လောက်မှာ ဘာမှကိုဆက်လုပ်လို့မရတော့လို့ ကျွန်တော်တို့ဘာသာပဲ ကားငှားပြီး မြဘုန်းအိမ်ကိုရောက်အောင် ဆက်ပြီးပြန်လာခဲ့ကြရတယ်။

နောင်အခါကျမှ ဒါဟာ ကြည်လင်မြမြရဲ့ လှလှပပသုတ်သင်မှုဆိုတာ သိလိုက်ရတယ်။ ဒီလိုနေရာရောက်မှ ကျောင်းကိုတစ်ခေါက်ပြန်လာပြီး တိုင်ဖို့တောဖို့ဆိုတာလည်း မဖြစ်နိုင်တာထက်. . မလုပ်ချင်တော့တာ မဟုတ်လား၊ အဲ့ဒါကိုတွက်ပြီး မယ်ကြည် ဖန်တီးတာ၊ စကားနဲ့ရန်စမယ်. . မခံနိုင်လို့ ပြဿနာဖြစ်လာရင် ကားပေါ်ကမောင်းချမယ်. . အဲ့ဒါ. . အဲ့ဒါ. . ။

ပြန်ပြောပြလို့ ကျွန်တော်ဒေါ်သဖြစ်တော့ သူနဲ့ကျွန်တော်က ရည်းစားဖြစ်နေပြီ။ သေရော. . . ။

ဋ ဋ ဋ ဋ



www.burmeseclassic.com

www.burmeseclassic.com



ဒီနောက်ပိုင်း သူတို့အဖွဲ့နဲ့ ကျွန်တော်တို့အဖွဲ့က သူဦး သူဆော်၊ ကိုယ်ဦးကိုယ်ဆော် ဖြစ်ကုန်ကြတော့တာပေါ့။ ဟိုလို ရိုက်ကြ ပုတ်ကြတော့ မဟုတ်ပါဘူး၊ ပါးစပ်နဲ့ပဲ ဒိုင်းညှောင့် ပလုံ စွပ် လုပ်ကြတာမျိုးပါ။ ဒါပေမယ့် အထူးပြုလုပ်ချက်ကလေးတွေ တော့ ရှိတယ်ခင်ဗျ။

တစ်ခုနှစ်ခုလောက်ပြောရရင် တစ်ရက် မြဘုန်း သူ့အိမ် ကနေ ကော်ခုံအပုလေး ငါးလုံးလောက် ကျောင်းကိုယူလာပါ တယ်။ အိမ်မှာကတည်းက ခုံခြေထောက်တွေ ဖြတ်ပြီး ကော်နဲ့ အရည်တည်ကလေး ပြန်ဆက်ထားတဲ့ ခုံတွေပါ။ အဲ့ဒီခုံတွေကို ဆိုင်ရှင် အစ်ကိုကြီးနဲ့ညှိပြီး မယ်ကြည်တို့ အမြဲထိုင်တတ်တဲ့ဝိုင်း မှာ ခုံလဲခင်းပေးထားလိုက်ပါတယ်။ မယ်ကြည်တို့ ရောက်လာပြီး အားပါးတရ ထိုင်လိုက်တာ အားရှိပါးရှိ လဲပြိုကုန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခုံသုံးလုံးကျိုးသွားလို့ ရှက်ရှက်နဲ့ နီးရာခုံ ဆွဲထိုင်လည်း ကျိုးတာပဲမို့လို ခုံဘိုးတွေလျှော်ပြီး လစ်ကုန်ကြတယ်။

ကျွန်တော်တို့လည်း အားကုန်ကို ဟားလွှတ်ပေးလိုက်တာ အတော်မြိန်မြိန်ကြီးရယ်ဗျ။ အဲ့ဒါကို မယ်ကြည်တို့ ပြန်လက်စားချေတာ ထင်ပါတယ်၊ တစ်ရက် ကျွန်တော်တို့ ထမင်းစားနေတုန်း ကျွန်တော်တို့ဆိုင်နားမှာ ရစ်သီရစ်သီလုပ်နေတဲ့ ခွေးတွေဆီ သူတို့ဟင်းတုံးတွေ လှမ်းပစ်ကျွေးလိုက်တယ်။

ဟင်းတုံးကိုလုရင်း. . စားမာန်ထနေတဲ့ ခွေးသုံးလေးကောင် ထကိုက် ထလုံးကုန်ကြလို့ ကျွန်တော်တို့ စားပွဲဝိုင်း ဂွမ်းဆီးမှောက်ခုံဖြစ်သွားပြီး လူတောင်အကိုက်မခံရအောင် မနည်းအလွတ်ရှောင်လိုက်ရတယ်။

ကြာလာလေ တိုက်ပွဲက ပြင်းထန်လေပါပဲ။ ကားဘီးလေလျှော့တယ်၊ အိမ်ကနေ ဆားယူလာပြီး ဟင်းတွေထဲ ဆားထည့်သူတို့ကလည်း ခေသူတွေ မဟုတ်ဘူးခင်ဗျ၊ ရေဘေးဒုက္ခသည်ကယ်ဆယ်ရေးအလှူအတွက်ဆိုပြီး ကျွန်တော်တို့နာမည်တွေနဲ့ တစ်ယောက်ကို တစ်သိန်းစီ စာရင်းဖွင့်ထားကြတယ်။

ခုံပေါ်မှာ ခြေတစ်ဖက်တင်ပြီး ထိုင်တတ်တဲ့ မြဘုန်းရဲ့ ဖိနပ်တစ်ဖက်ပျောက်တာ ဘယ်နှစ်ခါမှန်းမသိလို့ မြဘုန်း ဖိနပ်မပါပဲ အိမ်ပြန်ရတဲ့နေ့တွေ များလာတယ်။ အပြန်အလှန် ဒုက္ခပေးနေရတာကို မကောင်းမှန်းသိသိကြီးနဲ့ လုပ်နေကြပြီး လုပ်နေရင်းက လုပ်ရမှာအားနာလာလို့ ပထမနှစ် ဒုတိယနှစ်ဝက်လောက်မေးခွဲ ဖြေကာနီးမှာပဲ စစ်ပြေငြိမ်းလိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနေ့က ကျွန်တော်ကလည်း မယ်ကြည်ရဲ့ ကားဘီးကို လေလျှော့ပြီး တာယာကို ဓါးနဲ့ ခွဲပစ်ဖို့အထိ ကြံစည်ဖို့ ပြင်ဆင်နေတဲ့အချိန်၊ သူကလည်း ကင်န်တင်းမှာ ကျွန်တော်ကျပျောက်ခဲ့တဲ့ ကျောင်းသားကဒ်ကို သူ့ကားထဲထည့်ပြီး ကားထဲက ပိုက်ဆံတွေ အခိုးခံရပါတယ်လို့ ထိန်းရုံးကို တိုင်ဖို့ကြံစည်နေတဲ့အချိန်ပါ။

နှစ်ယောက်စလုံး ကားရဲ့ဘေးတစ်ဖက်တစ်ချက်စီမှာ ကြံရာပါပစ္စည်းတွေနဲ့ တွေ့ဝေနေရင်းက စိတ်လျှော့ပြီး ကားဘေးကနေ ခွာထွက်လာတော့ မမျှော်လင့်ပဲ ဆုံကြတာလေ။

အဲ့ဒါကြောင့် ကျွန်တော်ကပဲ. . .

"ရော့. . "

"ဘာလဲ"

"နင့်ကားတာယာကို ခွဲပစ်ဖို့ တာယာဆိုင်ကနေ တောင်းဝယ်လာတဲ့ ဓါးလေ. . အရမ်းထက်တာ၊ ဒီနေ့ကစပြီး နင့်ကို ဒုက္ခမပေးတော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

သူမကလည်း ပြန်ပေးတယ်။

"ဘာလဲ"

"နင်ကျပျောက်သွားတဲ့ ကျောင်းသားကဒ်လေ၊ ကင်န်တင်းမှာ ရှင်ကျခဲ့တာကို ကျွန်မကောက်ထားတာ၊ ရှင့်ကို အကျင့်ပျက်ကျောင်းသားဆိုပြီး ကျောင်းထုတ်ပစ်မလို့"

အမှန်တော့ နှစ်ယောက်စလုံး အပြန်အလှန် ခွင့်လွှတ်ပေးပြီး အတူတူ ထိတ်လန့်ကုန်ကြတာပေါ့၊ ဝန်ခံရရင် ကျွန်တော်ပိုပြီး လန့်သွားပါတယ်။ အဲ့ဒါကြောင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ရန်သူတွေမလုပ်ပဲ မိတ်ဆွေတွေလုပ်ကြမလား"

"ကောင်းသားပဲ"

"ဒါဆို. . အထိမ်းအမှတ်အနေနဲ့ ငါ ကော်ဖီတိုက်မယ်လေ"

"အဟင်းဟင်း. . သောက်ပေးရမှာပေါ့"

ဘာပဲဖြစ်ဖြစ် ကျွန်တော်ပျော်သွားတယ်. .၊ စိတ်ထဲမှာလည်း အရမ်းကိုပေါ့သွားတာပါ။ လူဟာ ဒုစရိုက်စိတ်နဲ့နေရင် ဘယ်လောက် ပူလောင်တယ်. .၊ သုစရိုက်စိတ်နဲ့နေရင် ဘယ်လောက်အေးချမ်းတယ်ဆိုတာ အဲ့ဒီနေရာမှာပဲ ခွဲခြားသိမြင်သွားတယ်။

ကျွန်တော်တို့ ကော်ဖီသောက်ပြီး ရိုးရှင်းပွင့်လင်းတဲ့အပြုံးတွေနဲ့ ငြိမ်းချမ်းရေးယူနေကြတဲ့အချိန်မှာ မြဘုန်းနဲ့ဝေဖြိုး ရောက်လာပြီး အံ့အားသင့်ကုန်ကော။ သိပ်မကြာပါဘူး ချိုချိုခက်နဲ့ ချိမ့်ချိမ့်သဲတို့ပါ ရောက်လာပြီး. .

"ဘုရားရေ. . မိကြည် ညည်းဒါဘာလုပ်တာလဲ"

သူမ အိုးတိုးအတ ဖြစ်နေလို့ ကျွန်တော်ကပဲ. . .

"ငါတို့ ပြဿနာ မဖြစ်ကြတော့ဖို့ ငါကပဲ တောင်းပန်နေတာပါ။ လာ. . ထိုင်ကြလေ ကော်ဖီသောက်ရအောင်၊ မြဘုန်းလာလေကွာ. ."

အဲ့ဒီနောက်တော့ မျက်နှာရှစ်ခေါက်ချိုးတွေနဲ့ အသီးသီးခုံဆွဲထိုင်ကြလို့ မြဘုန်းနဲ့ ချိမ့်ချိမ့်သဲတို့ ဘေးချင်းယှဉ်လျက်ထိုင်မိသွားကြပြီး ပေစောင်းစောင်း လှည့်ကြည့်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အမျိုးသားရင်ကြားစေ့ရေး၊ နှစ်ဘက်အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းတဲ့ပွဲလေး ဖြစ်သွားတော့ ပေစောင်းစောင်းအကြည့်တွေကို ကိုယ်ဘာသာပဲ ပြန်ရုတ်သိမ်းပြီး ကျွန်တော်တို့ရဲ့ နှစ်ပွင့်ဆိုင်ဆွေးနွေးပွဲဟာ မမျှော်လင့်ဘဲ ခြောက်ပွင့်ဆိုင် ဖြစ်သွားပါတယ်ခင်ဗျ။ အဲ့ဒီအချိန်မှာပဲ ချိမ့်ချိမ့်သဲက သူ့အသံအောင်းအောင်းကြီး စတင်လိုက်ပါတယ်။

"ငါတို့က ဘာသောက်ရမှာလဲ"

ဆိုတော့ကာ ကျွန်တော်ကပဲ. .

"အာ. . ကြိုက်တာသောက်ပါ၊ ဒီနေ့က အပစ်အခတ်ရပ်စဲရေး ခြောက်ပွင့်ဆိုင်ဆွေးနွေးပွဲလေး ဖြစ်သွားတော့ ညေ့ခံစရိတ်ကို ငါကပဲ စပွန်ဆာပေးပါ့မယ်. ."

ဆိုတော့ကာ အစားပုတ်မ ချိုချိုခက်က. . .

"အိုခေ. . ဟဲ့. . ချိမ့် ငါတို့ကြေးအိုးသောက်မယ် ပြီးမှ အအီပြေ စပျစ်ဖျော်ရည်လေး မှာသောက်ကြမယ်. ."

"ဝွတ်တယ်. . ငါ့အတွက် ဝက်ကြေး ဆီချက်ပွဲကြီး ရှယ်မှာလိုက်"

အဲ့ဒီအခိုက်မှာပဲ မြဘုန်းက. . .

"အင်း. . ဇာတ်တူသားစားလို့ ဟသ်ာကိုးသောင်း ပျက်ရကိန်းကို မယုံကြဘူးထင်တယ်. ."

"ဘာ. ."

မြဘုန်းရဲ့စကားကို ကျွန်တော်တောင် ရုတ်တရက်သဘောမပေါက်တဲ့အချိန်မှာ ချိမ့်ချိမ့်သဲ ချက်ချင်းသိပြီး လက်ငင်းကို



www.burmeseclassic.com

www.burmeseclassic.com



ထငေါက်ပစ်တာပါ။

"နင့်အပေါက်ကို နင်ပိတ်မလား ငါပိတ်ရမလား မြဘုန်း"

"ဟော. . မပိတ်ပဲထားတာတောင် ပေါင်သုံးရာကျော်နေတာ၊ ပိတ်လိုက်ရင် သေပြီပေ့ါဟ ငချိပ်ရ. . အဲ. . အဲ ငချိမ့်ရ. ."

"တောက်. . ခိုင်မြ"

"ဟင်"

"နင့်အကောင် နင့်ဘက်ခေါ်နေ ငါလုပ်မိလိမ့်မယ်"

အဲ့ဒီအချိန်မှာပဲ ဝေဖြိုးက သူ့ခုံက သူ့ဖင်နဲ့ကပ်လို့ ခွာမရသလိုမျိုး မရွေ့လာပြီး၊ မြဘုန်းနဲ့ ချိမ့်ချိမ့်သဲကြားမှာ ဝင်ထိုင်လိုက်တယ်။ အဲ့ဒီတော့မှပဲ ကျွန်တော်တို့ရဲ့ ခြောက်ပွင့်ဆိုင်ဆွေးနွေးပွဲလေးက ပြန်ပြီးအဓိပ္ပါယ်ဖော်ခွင့်ရပါတော့တယ်. . ။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ကို ပျံတက်ပြီးကာမှ
အတောင်ကမပါ
အကောင်က ဗလာနတ္ထိ
ဒုက္ခဆိုတာ ပါဝါနဲ့ ရှိနေမှန်းသိဖို့
တို့စရာမပါတဲ့ ငပိရည်လိုပဲ
နောက်တွဲသာရှိပြီး ခေါင်းတွဲကမရှိ..
ဘူတာမသိတဲ့ ရထားနဲ့
ငိုက်သားဟာ..
ဘဝများစွာ ရုတ်ဖမောင်းသွားခဲ့တယ်...။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

အစပထမပိုင်း ငြိမ်းချမ်းရေးကတော့ သိပ်မဟုတ်လှဘူးခင်ဗျ။ သိတော်မူတဲ့အတိုင်း ကျွန်တော်နဲ့မယ်ကြည် အဆင်ပြေပြီး ကျန်တဲ့နှစ်ယောက်က သိပ်အဆင်မပြေချင်တော့ သူ့ဘက်ကိုယ့်ဘက် မာန်တွေတက် နည်းနည်းစကားနာထိုးတာ၊ စကားရည်လုတာတွေ ရှိနေပါသေးတယ်။

ဘောလုံးစကားနဲ့ပြောရရင် Team Work မရှိသေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ခင်ဗျာ။ ဖြစ်ချင်တော့ ခြောက်ယောက်စလုံး ဘောလုံးပွဲကြည့်တဲ့ ဝါသနာက တူနေတော့ Team Work ရမယ့်နေ့ကို ရောက်လာပါတယ်။ အဲ့ဒီနေ့က မန်ယူနဲ့ချဲလ်ဆီး ပွဲလည်းဖြစ်၊ ပွဲစဉ်ကလည်း ခုနစ်နာရီပွဲဖြစ်နေလို့ ကျူရှင်ပြန်လွှတ်တဲ့အချိန်က ခြောက်နာရီခွဲဆိုတော့ကာ မြို့ထဲကနေအိမ်ပြန်ဖို့ မမီတော့ဘူးလေ။ အဲ့ဒါကြောင့် ကျူရှင်တက်တဲ့လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာပဲ ခြောက်ယောက်စလုံး နေရာယူလိုက်ကြတယ်။

အားလုံးကလည်း ချဲလ်ဆီးပရိသတ်တွေဖြစ်နေပြန်လို့ အချိုပ်အဆက်မိမိနဲ့ကို အားပေးတာပါ၊ ချဲလ်ဆီးဂိုးသွင်းဖို့ ကြိုးစားတိုင်း ကျွန်တော်တို့အုပ်စု ဝက်ဝက်ကွဲအားပေးနေတယ် ဆိုတော့ကာ ဆိုင်ထဲက မန်ယူပရိသတ်ဖြစ်နေတဲ့အုပ်စုနဲ့ ငြိရောခင်ဗျာ။

သူတို့မန်ယူ ဂိုးသွင်းဖို့ကြိုးစားရင် အားပေးတာနည်းနည်းဒီဖက်ကို မခံချင်အောင် အော်တာများများမို့လို့ ပွဲကအတော်ဆူပါတယ်။ ကျွန်တော်တို့ မြဘုန်းနဲ့ ချိမ့်သဲကလည်း တစ်ကယ်ကို အင်အားကြီးကြီး အားပေးတာပါ. . ။

"ဘာလဲ ရွှန်းနီ. . အဲ့ဒီ အသနီကို တွယ်ပစ်၊ အေး ဒါပဲ"

"ဟာ. . ဘာလုပ်တာလဲ ကာလူးရာ"

"ဟုတ်ပြီ လှမ်းပို့. . လှမ်းပို့လိုက်"

"ဂိုး. . "

"ဟားဟားဟား. . ဟီးဟီးဟီ. . "

"ဒါဒါဒါ. . တာတာ့. . ဒါဒါဒါ. . တာတာ့. . ချဲ"

ချဲလ်ဆီးက ဦးဆောင်ဂိုးစသွင်းလိုက်လို့ မြဘုန်းနဲ့ ချိမ့်သဲ



www.burmeseclassic.com

www.burmeseclassic.com



တို့လက်တွဲပြီး ထွက်ကြတယ်. . ။

"ဟော့. . အဆီပိတ်တွေ ထိုင်ကြစမ်းကွ"

မန်ယူပရိသတ်ထဲကဆိုတာ မေးစရာမလိုတော့ပါဘူး၊ အဲ့ဒီအခိုက်မှာ ချိမ့်သဲလက်ထဲ ရေနွေးပန်းကန်လုံးနှစ်လုံး ပါသွားပြီး ချာခနဲ လှည့်ကြည့်ရင်း. .

"ဘယ်သူအော်တာလဲ"

"ငါအော်တာကွာ ဘာဖြစ်လဲ"

အသံနဲ့အတူ ဆံပင်ရှည်ရှည် ဖရိုဖရဲနဲ့လူတစ်ယောက် ငေါက်ခနဲ ထရပ်တယ်ဆိုရင်ပဲ ချိမ့်သဲလက်ထဲက ပန်းကန်လုံးတွေ တဝီဝီပျံထွက်ကုန်ပါတော့တယ်။

"ခွပ်"

"တိန်"

"ဟာ. . ကျွန်း. . ဒီ ဝတုတ်မ"

သည်တစ်ကြိမ်တော့ ချိမ့်သဲရဲ့ဒေါသတွေ အထွဋ်အထိပ် ရောက်သွားပါပြီ။ လက်ထဲမှာ ထိုင်ခုံနှစ်လုံး ဆွဲမိတယ်ဆိုရင်ပဲ မန်ယူပရိသတ်ထဲ ဟူးခနဲရောက်သွားပါတယ်။ တစ်ခါ မြဘုန်းက ပါ ခုံဆွဲပြီးလိုက်သွားတော့ ဆင်သွားရင် လမ်းဖြစ်တယ်ဆိုတာ တစ်ကယ်ပဲခင်ဗျာ။ ဝတုတ်ကြီးနှစ်ယောက်ရဲ့ ရှေ့မှာ ဘယ်သူမှ ပိတ်ကာပြီး မနေရဲသလို ဘေးရှဲကုန်ပါတယ်။

"ထွက်စမ်း ဘယ်ခွေးမသားလဲ"

ကျွန်တော်လည်း အခြေအနေအမှန်ကို သုံးသပ်ပြီးမယ် ကြည့်နဲ့ ချိုချိုခက်ကို အပြင်ထွက်ပြီး ကားတစ်စီးငှါးထားဖို့ လှတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ အဲ့ဒီနောက် ဝေဖြိုးနဲ့အတူ မြဘုန်းတို့ရဲ့ အရှံအင်အားအဖြစ် ထပ်ဖြည့်လိုက်ပါတယ်။

ဒါပေမယ့်လည်း ပြဿနာက ထင်သလောက် ဆိုးမလာဘဲ ဆိုင်ရှင်နဲ့စားပွဲထိုးတွေ အချိန်မီ ထိမ်းကြဆွဲကြလို့ ပွဲက ဆိုင်ထဲမှာ ပြီးသွားပါတယ်။ ဆိုင်ထဲမှာရန်ဖြစ်ရင် ဆိုင်ပိတ်ခံရမယ့် စည်းကမ်းကလည်းရှိတော့ ဆိုင်ရှင်ဦးတရုတ်ကြီးက သူ့စီးပွားကို အထိမခံဘူးခင်ဗျ. . ။

"မီးလို့ မြန်မြန်ပြန်ကြ၊ အဲ့ကောင်တွေ လမ်းလူမိုက်တွေ"

မယ်ကြည်ကလည်း လျှင်တယ်၊ ကားငှါးပြီး ဆိုင်အဝင်ဝမှာပဲ ရပ်ခိုင်းတယ်။ ဟိုအဖွဲ့တွေ အပြင်ထွက်သွားပြီး တစ်နေရာရာကနေ စောင့်တီးတော့မှာ သေချာနေလို့ မြဘုန်းတို့ကို ကားထဲအတင်းတွန်းသွင်းရတော့တယ်။

"ဝင်. . မြန်မြန်ဝင်"

"အာ. . အေး. . အင့်. . အိ"

အံ့ဩစရာပါပဲ. . . ၊ ကားနောက်ခန်းထဲ ဝတုတ်ကြီး နှစ်ယောက်နဲ့ ခပ်ရွယ်ရွယ်သုံးယောက် ဘယ်လိုရောက်သွားပြီး ပါလာတယ်မသိပါဘူး။ ဒါပေမယ့် စည်းစည်းလုံးလုံးရှိတဲ့ Team Work ကိုတော့ အသေအချာရခဲ့တယ်ဆိုတာ မြဘုန်းနဲ့ ချိမ့်သဲတို့ပေါင်ပေါ်မှာမှုပြီး ပွေ့ထားတဲ့ ဝေဖြိုးကိုမေးကြည့် သိနိုင်ပါတယ်။

ဒီလိုနဲ့ အတော်ရင်းရင်းနှီးနှီးကို တွဲမိပြီဆိုကာမှပဲ ဒုတိယနှစ်ဝက်စာမေးပွဲ ဖြေရမယ့်အချိန်ကို ရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခင်တော့မယ်ဆိုကာမှ ခွဲလိုက်ရတော့ အကုန်လွမ်းတစ်သက်သက်တွေ ဖြစ်ကုန်ပြီး ကျောင်းပိတ်ရက်တွေမှာ ဖုန်းတွေဆက်ကြ၊ အပြင်မှာ ချိန်းပြီးဆုံကြနဲ့၊ ရင်းနှီးမှုရဲ့ အဓိပ္ပါယ်ဟာ ပိုပြီးပြည့်စုံလာတယ်၊ ပျော်စရာအကောင်းဆုံးကတော့ အုပ်စုလိုက် ကာရာအိုကေဆိုင် သွားဖြစ်ကြတဲ့အချိန်ပါပဲ။

ဘောလုံးဝါသနာပါပြီး ဘောလုံးမကန်တတ်ကြတဲ့ ကျွန်တော်တို့အားလုံး သီချင်းကြိုက်ပေမယ့် ဘယ်သူမှ သီချင်းမဆိုတတ်ဘူးခင်ဗျ။

ကာရာအိုကေဆိုင်မှာ ကျွန်တော်တို့ကြောင့် နှစ်နာရီစာလောက် သံစဉ်တွေ အကျည်းတန်သော်လည်း သံယောဇဉ်တွေက ပိုပိုလှလာပါတယ်။ မယ်ကြည်က သူမရဲ့ ဟော့ရှော့စတိုင်နဲ့ ဆိုလိုက်ရင်လည်း ရော့ခ်အပြင်းစား၊ ဆိုသံကတစ်ခြား တီးလုံးကတစ်ခြား၊ ကျွန်တော ဘာမှမကောင်းပေမယ့် ပါဖောမင့်နံကတော့ ရှယ်ပါ၊ တစ်ကယ့် ရော့ခ်ကာစတိုင်နဲ့ ဆိုဟန်ကဟန်တွေထဲ ကျွန်တော့်ဝိညာဉ်ကို ညှို့ယူသွားလို့ သူမသီချင်းဆိုနေတုန်း အနားကပ်သွားပြီး. . .

"ငါ နင့်ကို ချစ်သွားပြီ"

သူမ သီချင်းဆက်မဆိုနိုင်တော့ပဲ ကြောင်ပြီးလှည့်ကြည့်ပါတယ်။ ကျွန်တော်ကလည်း သေချာအောင် ထပ်ပြောလိုက်ပါတယ်။

"ငါ နင့်ကိုချစ်တယ်"

ကျွန်တော်အသံက သူမလက်ထဲကိုင်ထားတဲ့ မိုက်ခရို



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကတစ်ဆင့် အက်ခိုးသံတွေနဲ့ တုန်ခါပြီး ထွက်လာပါတယ်။ ထိုင်ကြည့်နေကြတဲ့ မြဘုန်းတို့ ချိမ့်သဲတို့လည်း ပါးစပ်အဟောင်းသားတွေ ဖြစ်ကုန်ပါတယ်။ အဲ့ဒီ အခိုက်မှာပဲ မယ်ကြည်က ကိုင်ထားတဲ့မိုက်နဲ့ ပြောတယ်။

"ရှင် ရည်းစားစကား လာပြောတာလား"

ဆိုတော့ကာ. . . ကျွန်တော်လည်း အသံကို မိုက်ထဲဝင်အောင်ကပ်ပြီး. . .

"ဟုတ်တယ်"

"ဟားဟားဟားဟား. . ဟိုမှာ ဝိုင်းကြည့်နေတာ မရှက်ဘူးလား"

"အမှန်တော့ ငါတော်တော်ရှက်တတ်တဲ့ကောင်ပါ၊ ဒါပေမယ့် အချစ်စိတ်တစ်မျိုးက မရှက်တတ်တာ အံ့သြတယ်"

"ဘုရားရေ. . ရှင်တော်တော်ဆိုးပါလား"

"ငါသိသလောက်တော့. . . အချစ်ဆိုတာ လူဆိုးတွေကြောင့် ဖြစ်လာတာဟ၊ ဥပမာ. . ဟာ. . သွား. . လူဆိုး ဆိုပြီးတော့လေ"

"ဝါး. . ဟားဟားဟား"

ချိမ့်သဲရဲ့ ဦးဆောင်မှုနဲ့ ရယ်လိုက်တဲ့ အသံကြီးကတော့ ကျွန်တော်မမြင်ဘူးတဲ့ အာဠာဝကကို သတိရစေပါတယ်။

"ကဲ. . သူငယ်ချင်းတို့ ဒီသစ္စာဖောက်ကို ဘယ်လိုစီရင်သင့်သလဲ"

"ခင်ပွန်းအဖြစ် တစ်သက်တစ်ကျွန်း ချသင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ ဝေဖြိုးရဲ့ အာချောင်မှုက တစ်ကယ့်ကို ကျေးဇူးကြီးပါတယ်။ မြဘုန်းကလည်း. . .

"ဒီလိုသစ္စာဖေါက်ကို ခင်ပွန်းသည်အဖြစ် ပြင်းပြင်းထန်ထန်ကို အရေးယူသင့်ပါတယ်"

ချိုချိုခက်က ပင်ကိုယ်အနေအေးလို့ထားပါတော့၊ ချိမ့်သဲက ဗလအားကိုးရုံအပြင် ပိုပြီးမတတ်နိုင်တဲ့တွက် မယ်ကြည်က ပါးပါးနပ်နပ်ပဲ အမှုကိုရွှေ့ဆိုင်းလိုက်တယ်။

"ကောင်းပြီလေ ရက်အကန့်အသတ်မရှိ ရုံးချိန်းပေးလိုက်တယ်"

ဒီတော့မှပဲ ချိမ့်သဲတို့ လက်ခုတ်ထတီးကြပါတော့တယ်။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



**အဲ့**ဒီနောက်ရက်တွေ ကျွန်တော်တို့ ဖုန်းဆက်ပြီးချိန်ရင် တစ်ယောက်မှ ထွက်မလာကြတော့ပါဘူး။ ကျွန်တော်လည်း ရူးချင်နှမ်းချင်သလို ဖြစ်လာပါတယ်။

"မင်းပဲပြောတယ်လေ အချစ်ဆိုတာ လူဆိုးတွေကြောင့် ဖြစ်လာတာဆို"

"အင်းလေ. . ."

"ချစ်ချင်ရင် ဆိုးပေါ့ကွ၊ ရိုးနေလို့ရမလား"

"အာ. . . ဆိုးတယ်ဆိုတာလည်း ဆိုးခွင့်ရမှပေါ့ကွ၊ သူ့အိမ်သွားဆိုးလို့ ရမလား"

မြဘုန်းတို့ပြောသလောက် မဆိုးနိုင်ပေမယ့် ဖုန်းလေးနဲ့တော့ ဆိုးပါတယ်။ မနက် နေ့လည် ညအိပ်ယာဝင် တစ်နေ့သုံးကြိမ် ဖုန်းဆက်ပြီး အချစ်ကို အသက်ရှင်နေအောင် အဒေါ်ဆီဂျင်ပေးထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြာလာတော့ မယ်ကြည် နားညည်းလာတယ်ထင်ပါရဲ့ ဒုတိယနှစ်ကျောင်းတွေ ပြန်ဖွင့်တဲ့ရက်မှာပဲ. . .

"ရှင် တစ်ကယ်ချစ်လို့လား"

"ချစ်တာပေါ့ မယ်ကြည်ရယ် ရှုးတောင်ရှုးတော့မယ်"

"ကော်လာတုံးနဲ့ တိုက်ပုံနဲ့ ရှုးနေတာကြီးက ကြည့်မကောင်းပါဘူး ရှုးမှာစိုးလို့ ချစ်လိုက်ပါ့မယ်"

"တစ်ကယ်"

"ဟိုးထား ရုပ်ရှင်ရိုက်နေတာမဟုတ်ဘူးနော်. . ၊ ဒါဟာ ဘဝတဏှာဖြစ်လာဖို့ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာအကြောင်းခံလာတာ၊ ကံကြောင့်ပေါ်ပြီးသား ရုပ်နာမ်တွေဆိုပေမယ့်. . ရှင့်ရဲ့ ဝိညာဉ် နာမ်ရုပ်ကရော ကျွန်မကို တစ်ကယ်ဝေဒနာရှိနေတာ လား. . "

"အဝိဇ္ဇာ အမှောင်ဖုံးပြီး တဏှာလုံးလုံးကြီးကျနေတာ ပေါ့. . ရှင်းပြီးလား၊ ငါ့နှယ် ဝေဒနာကပ်နေရုံတင်မကဘူး. . ဝိညာဏ် နာမ်ရုပ် သဠာယတနဖဿ အားလုံး မင်းမှမင်းဖြစ်နေတဲ့ တဏှာဥပါဒါန်ကြောင့် ငါ့ဘဝကြီး ဇာတိဥပတ္တိဖြစ်ပြီး တဏှာ မရဏခရီးကို ဒိုင်ဗင်ထိုးတော့မယ်"

"ရပြီ. . ရပြီ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းထဲ ရှိသမျှလည်း ကုန်တော့မယ်"

"အောင်မာ. . မင်းကပဲ ပြောရတယ်ရှိသေး"

"ဟော့. . ကြည့်၊ ပြောရင်းနဲ့ ဒေါသသံပါလာပြီ ကိလေသဝဋ္ဋ(၃)ပါးနော် ဘာများအောက်မေ့နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာဆက်ပြောရမှန်းမသိပဲ မျက်လုံးပြူးပြီး ကြည့်နေလို့ သူမ ရယ်တော့တယ်။

ဒါပေမယ့် အဲ့ဒီနေ့မှာပဲ သူမနဲ့ကျွန်တော် လက်တွဲဖော် ချစ်သူတွေ ဖြစ်သွားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**ဘယ်**လိုပဲဖြစ်ဖြစ် ဒုတိယနှစ် ကျောင်းသားဘဝမှာ ျွန်တော် အသိပညာရော အတတ်ပညာပါ ရလာခဲ့တယ်လို့ ်ခံရတော့မှာပါ။ အတတ်ပညာကတော့ ကျောင်းသားဘဝ စ်လျှောက်လုံး သင်ယူခွင့်ရနေပေမယ့် 'အသိပညာ'လို့ခေါ်တဲ့ လေးအနက်များပြားလှတဲ့ လူမှုဘဝနီတိဟာ ဆရာတွေ သင် ြားပေးသမျှ လေ့လာမှတ်သားခွင့်ရသလိုပဲ ကိုယ်နဲ့တစ်ဆက် ်တည်းဖြစ်နေတဲ့ ပတ်ဝန်းကျင်မှာလည်း သင်ယူစရာ၊ လေ့လာ တ်သားစရာတွေဆိုတာ သိလာပါတယ်။

ပုံမှန်အားဖြင့်တော့ ကျွန်တော်တို့လို ပညာသင်အရွယ် တွေဟာ မိဘရဲ့ထောက်ပံ့စောင့်ရှောက်ပေးမှုနဲ့ ပညာသင်ဘဝ ို ကုန်လွန်ကြတဲ့သူတွေပါ။ ကျွန်တော်ဆိုရင် ကျောင်းနေပါပြီ ်တတည်းက ကျောင်းတက်ဖို့ စာကျက်ဖို့၊ ကစားဖို့၊ စားဖို့၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်ဖို့ကလွဲပြီး ဘာမှမစဉ်းစား၊ မပူပင်ခဲ့တဲ့သူပါ။

မွေးချင်းမောင်နှမ မရှိ၊ တစ်ဦးတည်းသားဖြစ်၊ သင့်တင့်လျောက်ပတ်စွာ အဆင်ပြေနေတဲ့ မိဘတွေရဲ့စီးပွားရေးက ကျိုကျိုတက် မချမ်းသာပေမယ့်၊ မကြောင့်မကျ ပြည့်စုံနိုင်တဲ့ အခြေအနေဆိုတော့ကာ ကျွန်တော့်မှာ ဘာမဆိုအဆင်သင့်နဲ့ပဲ လူဖြစ်လာခဲ့ပါတယ်။

ဝေဖြိုးတို့ မြဘုန်းတို့လည်း ကျွန်တော့်လိုပဲ ပေါ့ပေါ့ပါးပါးလေး ဖြတ်သန်းလာခဲ့ကြတဲ့သူတွေပါ။ ဆင်းရဲသားဆိုတဲ့စကား ဆင်းရဲတယ်ဆိုတဲ့ အတွေ့အကြုံနဲ့အသိဟာ ကျွန်တော်တို့ဆီမှာ တစ်ကယ်မရှိခဲ့တာပါ။

မရှိဘူးဆိုတာကလည်း ကျွန်တော်တို့ သုံးယောက်ထဲနဲ့ လူငယ်လေးဘဝကို ကျွန်တော်ဘာသာ ပြီးပြည့်စုံနေလို့ သတိမထားမိတာလည်း ပါပါတယ်။ ခုတော့. . သုံးယောက်ထပ်တိုးပြီး ခြောက်ယောက်ဖြစ်လာတဲ့အတွက် ခြောက်ယောက်စာ ပတ်ဝန်းကျင် ကူးလူးဆက်ဆံမှုတွေ ဖြစ်လာတဲ့အတွက် နယ်ပယ်အသစ်ဖြစ်တဲ့ ကြည်လင်မြမြရဲ့ဘဝကို ကျွန်တော် စတင်သိရှိခွင့်ရတယ်။

အစ်ကိုလေးယောက်ရဲ့ အငယ်ဆုံးညီမလေး ကြည်လင်မြမြက အစ်ကိုတွေရဲ့ အရိပ်အယောင်မှာ ကြီးပျင်းရပြီး၊ စရိုက်တွေပါ ကူးစက်တယ်လို့ပြောရမှာပါ၊ အစ်ကိုအကြီးဆုံးက ကိုယ်ပိုင်စတူဒီယိုနဲ့ တီးဝိုင်းထောင်ထားတဲ့ တီးဝိုင်းခေါင်းဆောင်၊ အငယ်လတ်က မော်ဒယ်၊ နို့ညှာအစ်ကိုက ဟစ်ဟော့ ဂီတသမား ဘာပဲပြောပြော အနုပညာမျိုးရိုးလို့ ပြောနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်လည်း ကြည်လင်မြမြကျမှ ဘောလုံးဝါသနာ အိုးလေးဖြစ်နေတာကတော့ ထူးခြားပါတယ်။ အနုပညာဝါသနာ ရိုက်တွေ ပါမလာပေမယ့်၊ ဝတ်စားဆင်ယင်မှု အမိုက်စား အ သန်းစားတွေကတော့ ပါတယ်ခင်ဗျ။

ပြီးတော့. . . ဘာမဆို ယောက်ျားဆန်ဆန် ပြတ်ပြတ် သားသား တွေးခေါ်လုပ်ကိုင်တတ်တာလဲ အစ်ကိုတွေရဲ့ လောင်း ရိပ်ပဲဆိုတာ ငြင်းစရာမရှိပါဘူး။

မိဘကလည်း အောင်မြင်နေတဲ့ စီးပွားရေးသမားဆို တော့ကား လက်ညှိုးညွှန်ရာ ရေဖြစ်တယ်ပေါ့ဗျာ။

ဒါက ကျွန်တော့်ချစ်သူ ကြည်လင်မြမြပါ။ သူမ သူငယ် ချင်း ချိုချိုခက်ကတော့ ဝန်ထမ်းမိဘတွေရဲ့ သမီးအလတ်ဆိုတော့ အထက်အောက်မျှစားတဲ့ အတွေးစိတ်ကလေး ရှိတယ်လို့ ဆိုရ ပါမယ်၊ အနေလည်း အေးတယ်။ ချိုခက်တို့အိမ် ဝါဆိုသင်္ကန်း ကပ်တော့ ကျွန်တော်တို့အားလုံးသွားကြတယ်ဗျ၊ အဲ့သလိုရောက် သွားမှပဲ သာမန်မိသားစုဘဝလေးရဲ့ ရောင့်ရဲနိုင်ယုံမှုလေးကို တွေ့မြင်ရပြီး စိတ်မကောင်းဖြစ်ကြတယ်။ ချိုခက်ရဲ့ အခက်အခဲ ကို ငါတို့တတ်နိုင်သလောက် ကူညီမယ်လို့လည်း ဆုံးဖြတ်မိကြ တယ်။

အဲ့ဒီထက် စိတ်မကောင်းစရာ ဖြစ်ရတာတော့ ချိမ့်ချိမ့် သဲပါ။ ချိမ့်သဲ သုံးရက်လောက်ဆက်တိုက် ကျောင်းပျက်နေလို့ ကျွန်တော်တို့တွေ လိုက်ဖို့ပြင်ကြတယ်၊ သူ့လိပ်စာကို မယ်ကြည် တို့တောင်မသိလို့ ကျောင်းသားရေးရာမှာ စုံစမ်းပြီး မယ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကားနဲ့ပဲ သွားကြတယ်။

ရပ်ကွက်လမ်းအဆုံးသာ ရောက်သွားတယ် ချိမ့်သဲအိမ်ကို မရောက်သေးဘူး၊ ကားနဲ့ဆက်သွားလို့ရတဲ့ လမ်းမဟုတ်လို့ အဲ့ဒီမှာပဲ ကားထားခဲ့ပြီး ခြေလျှင်လျှောက်ကြတယ်။ လမ်းလေးကလည်းကျဉ်း၊ နင်းစရာကလည်း ရေနဲ့ဗွက်ပဲရှိလို့ ဖိနပ်တွေချွတ်ပြီး လျှောက်ကြ. . ၊ ပြွတ်ကြပ်ပြီး မှထနေတဲ့ အိမ်ကလေးတွေကိုကြည့်ပြီး ကျွန်တော် အသက်ရှူကြပ်လာပါတယ်။

တစ်ချို့အိမ်လေးတွေဆို မီးသွေးအိတ်ကလေးတွေနဲ့ အဖြစ်လောက်ကာပြီး ယိုရွဲနေတဲ့ ဓနိမိုးနဲ့ ခွေခွေယိုင်ယိုင်လေးတွေဖြစ်နေလို့ ဘယ်လိုများနေကြပါလို့ ကျွန်တော်တွေးပူပေမယ့် . . သူတို့ဘဝနဲ့ သူတို့ကတော့ ပျော်နေတာပါပဲ။ အညစ်အကြေး အမှိုက်သရိုက်တွေ စံနစ်တကျ စွန့်ပစ်မှုကလည်းမရှိတော့ကာ အောက်မှာမြင်နေရတာကို ရှောင်ပြီးနင်းလို့ရချင်ရမယ် နှာခေါင်းကတော့ မရှောင်နိုင်ပါဘူး။ ကျွန်တော်တို့ မေးစမ်းရင်း လျှောက်ရှာရင်းနဲ့ ချိမ့်သဲအိမ်ကို ရောက်သွားကြပါတော့တယ်။

အဲ့ဒီအိမ်တန်းလေးရဲ့အဆုံးမှာ. . ဆယ်ပေပတ်လည်လောက်ပဲရှိတဲ့ ဓနိမိုး ထရံကာ အိမ်လေးက သူတို့အိမ်တန်းတွေထဲမှာတော့ အသပ်ရပ်ဆုံးနဲ့ အတောင့်တင်းဆုံးလို့ပဲ ပြောရတော့မှာပါ။

"ဟာ. . နင်တို့ ဘာလို့လိုက်လာကြတာလဲ"

ချိမ့်သဲ အားနာနာနဲ့ ညည်းညူပြောဆိုရင်း ကျွန်တော်တို့အုပ်စုကို ဆီးကြိုရှာပါတယ်။ အားလုံး ခြေထောက်ဆေးနိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ချိမ့်သဲကိုယ်တိုင် ရေတစ်ပုံးသွားခပ်လာလို့ အားနာနာနဲ့ ဆေးကြပြီး အိမ်ပေါ်တက်ကြတယ်။

"ထိုင်ကြ. . ထိုင်ကြ. . ကလေးတို့"

ထိုင်ကြလို့သာပြောတာ အိမ်သားတွေအားလုံး မတ်တပ်ရပ်နေတော့ ကျွန်တော်တို့လည်း ထိုင်ရခက် ရပ်ရခက် ဖြစ်နေချိန်မှာ ချိမ့်သဲက ကျွန်တော်တို့အားလုံးကို ခင်းထားတဲ့ဖျာမှာ အတင်းဆွဲထိုင်းခိုင်းလိုက်တယ်။ ပြီးမှ. . သူလည်း လွတ်တဲ့နေရာမှာ ဝင်ထိုင်ပြီး မတ်တပ်ရပ်နေသူတွေကို မိတ်ဆက်ပေးတယ်. .

"ဒါက ငါ့အမေ၊ ဟိုဖက်က အစ်မကြီး၊ ဒီဖက်က အစ်မလတ်၊ ငါနဲ့အမွှာမွေးတဲ့ အစ်ကိုကတော့ အလုပ်သွားနေလို့ မရှိဘူး"

ထိုစဉ် အစ်မနှစ်ယောက်က. . .

"ကဲ. . အေးအေးဆေးဆေးနားကြဦး အစ်မတို့ ဟိုဖက်ခဏလျှောက်လိုက်ဦးမယ်"

အားလုံး ချိမ့်သဲလိုကိုယ်လုံးမျိုးကြီးတွေနဲ့ ဝဝတုတ်တုတ်သားအမိငါးယောက် နေထိုင်တဲ့ ဆယ်ပေပတ်လည်အိမ်လေးကို ကြည့်ပြီး ကျွန်တော်တို့ အံ့အားသင့်နေကြပါတယ်။ အခုလည်း ကျွန်တော်တို့ငါးယောက်ကို နေရာပေးထားလို့ အစ်မနှစ်ယောက် ထိုင်စရာ နေရာမရှိဖြစ်ပြီး အောက်ဆင်းသွားကြတယ် ဆိုတာ သိသာပါတယ်။

"နင်တို့ဟာ. . ဒုက္ခခံပြီးတော့များ"

"ငါတို့ကလည်း သုံးရက်လုံးလုံးဆိုတော့ စိုးရိမ်တာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဟဲ့. . အကြောင်းအကျိုးလေး ဖုန်းဆက်ပါတော့လား"

"ငါသတိရတယ်. . ငါ့ဆီမှာဖုန်းမရှိတော့ ဖုန်းဆက်ရင် ဟိုးရပ်ကွက်ထဲကနေ သွားဆက်ရတာ၊ အဲ့ဒါထက် ဖုန်းတစ်ကောကို အနည်းဆုံး နှစ်ရာဟဲ့၊ ဆန်နှစ်ပူးဘိုးပဲ၊ ငါ အဲ့ဒါကြောင့်"

အားလုံး. . နင်ကုန်တယ်။ ဘာလို့ ကျောင်းမတက်တာလည်းလို့ ဘယ်သူမှ မမေးရဲတော့ပဲ၊ ဟိုရောက်ဒီရောက်ပဲ ပြောကြတော့တယ်။

ချိမ့်သဲ ဘာကြောင့် ဘောလုံးပွဲ ကြိုက်တာလည်း ဆိုတာ အဲ့ဒီတုန်းက မသိပေမယ့် နောင်အခါမှပဲ စာတွေဖတ်ရင်း သဘောပေါက်လာတယ်။ ရှုရှားခေတ်ပြောင်းတော်လှန်ရေးနောက်ခံနဲ့ ရေးထားတဲ့ "ဂေါ်ကီ၏အမေ" ဝတ္ထုကိုဖတ်ရင်း ချိမ့်သဲကို နားလည်သွားတယ်။ ဝတ္ထုထဲမှာတော့ ပညာလည်းမတတ်တဲ့ ပစ္စည်းမဲ့လူတန်းစားတွေဟာ အကြောင်းအရာ ပြဿနာတစ်ခု ပေါ်ပေါက်လာရင် အဲ့ဒီပြဿနာဟာ ဘယ်လိုလဲ၊ ဘာကြောင့်လဲ မစဉ်းစားတော့ပဲ သူတို့တစ်ဘဝလုံး ကုန်းခံလာခဲ့ရသမျှ ပစ္စည်းမဲ့ဒေသကို အဲ့ဒီပြဿနာပေါ်မှာ အစွမ်းကုန် ဖောက်ခွဲပစ်ကြတယ်။

ပြဿနာတစ်စုံတစ်ရာဟာ သူတို့အတွက် စိတ်ထွက်ပေါက်တစ်ခုပါပဲ။ ချိမ့်သဲကတော့ ပညာတတ်ကလေးလည်းဖြစ်တဲ့အတွက် သူမရဲ့ မပြေလည်မှု မွမ်းကြပ်မှုအားလုံးကို ဘောလုံးပွဲထဲမှာထည့်ပြီး ဖောက်ခွဲပစ်တယ်နဲ့ တူပါရဲ့။ အဲ. . ဒါကြောင့် အားရပါးရကြီးတွေ ဖြစ်နေတာလေ၊ ဒီအတွေးက ဘောလုံးပရိ



www.burmeseclassic.com

www.burmeseclassic.com



သတ်အားလုံးနဲ့တော့ မဆိုင်ပါဘူး၊ ကြုံကြိုက်နေတဲ့ ချိမ့်သဲလို တစ်စုံတစ်ယောက်အတွက်ပါ။

မြဘုန်းလို အရာရာပြည့်စုံနေတဲ့သူလည်း ဘောလုံးပွဲ အားပေးရင် ချိမ့်သဲနဲ့ မသိမကွာပဲ ဆိုတော့လေ. . ။ ဒါပေမယ့် လည်း ကွင်းထဲရောက်သွားတဲ့လူ အတော်များများဟာ အိမ်မှာ အဲကွန်းလေးနဲ့ LCD TV ကြီးနဲ့ မကြည့်နိုင်တဲ့ သူတွေဆိုတာ မငြင်းနိုင်ပါဘူး။ အဲ့ဒါကြောင့်ပဲ ချိမ့်သဲလို ပရိသတ်တွေလားလို့ စဉ်းစားစရာ ဖြစ်လာပါတယ်။ အဲ့ဒါကြောင့်ပဲ ကွင်းပတ်ပြီး သံဆန်ကာတွေ ကာထားရသလားလို့ တွေးစရာဖြစ်လာပါတယ်။

တကယ်လို့များ. . မုံရွာမှာ သုဝဏ္ဏအားကစားကွင်းလို ဘောလုံးကွင်းကြီးမျိုး ရှိခဲ့မယ်ဆိုရင်. . လက်ပံတောင်းတောင် ဒေသခံတွေ ဘောလုံးပရိသတ် ဖြစ်ကုန်ကြမလားလို့ တွေးစရာ ဖြစ်လာပါတယ်။ အနည်းဆုံးသံကွန်ချာ ခုနှစ်ထပ်လောက် ကာရံရလိမ့်မယ်လို့လည်း စဉ်းစားမိပါတယ်။

သူတို့က ဖောက်ခွဲစရာခံစားချက် ပိုများပြီး ပိုပြင်းထန်တဲ့ သူတွေမို့လို့ တကယ်သာ ဘောလုံးပွဲတွေ ဘောလုံးကွင်းတွေသာ အချိန်မီတည်ဆောက် ကျင်းပပေးလိုက်ရင် ဒေါ်ခင်ဝင်းတောင် သေနတ်မှန်ပြီး သေရမှာမဟုတ်ဘူးလို့တောင် ထင်မိပါတယ်။

စိတ်လုံးပွဲမဟုတ်လား. . ။

အဲ့ဒီအခိုက်မှာပဲ ချိမ့်ချိမ့်သဲက အိမ်ရှေ့ဖက်က မျက်နှာချင်းဆိုင်အိမ်တန်းလေးတွေရဲ့နောက်ကို မေးထိုးပြပြီး. .

"တော်သေးတာပေါ့ဟယ်၊ ငါဆယ်တန်းနှစ်လောက်က



www.burmeseclassic.com

www.burmeseclassic.com



သာ နင်တို့နဲ့ဒီလိုခင်ပြီး ဒီလိုမျိုးလိုက်လာရင် နင်တို့အားလုံး နေ တစ်ပုံးနဲ့ ခြေဆေးလို့မလောက်ဘူး သိလား၊ ကိုယ်တစ်ပိုင်း ဗွက် လူးပြီးမှရောက်မှာ. ."

"ဟုတ်လား. . ဘာလို့လဲ. ."

"အဲ့ဒီတုန်းက ငါတို့က ကွင်းထဲမှာပဲနေတာလေ လယ်တဲ ပေါ့. . ၊ အဲ့ဒီအိမ်တန်းနောက်ကစပြီး အားလုံးဆယ့်ငါးကေရှိတဲ့ လယ်ပွဲအားလုံး စီမံကိန်းမြေအဖြစ် အသိမ်းခံလိုက်ရတာ၊ အခု ဒီအိမ်တန်းအစုလေးတွေမှာ နေကြတာ. . ငါတို့လို လယ်သမား တွေနဲ့ လယ်စာရင်းငှါးတွေချည်းပဲ၊ လယ်ပိုင်ရှင်တွေကတော့ နေ စရာ ပေလေးဆယ်ခြောက်ဆယ်မြေတစ်ကွက်နဲ့ အိမ်တစ်လုံးစာ သွပ်၊ သံ၊ သစ်တွေရပါတယ်၊ ဒီအိမ်က အဲ့ဒါနဲ့ပဲဆောက်တာပေါ့

အစပိုင်းကတော့ သုံးပင်အိမ်နဲ့ မြေကွက်ကျယ်ကျယ်ပါပဲ နောက်ပိုင်း ငါ့အဖေလည်း လယ်ပျောက်သွားလို့ စိတ်ထောင်း ကိုယ်ကြေဖြစ်ပြီး အိပ်ယာထဲလဲ၊ စားဝတ်နေရေးကကြပ်ဆိုတော့ ဆယ်ပေလောက် ဖဲ့ရောင်းလိုက် အရင်းလုပ်လိုက် စားသောက် လိုက်နဲ့ အရင်းပျောက်တော့ ထပ်ဖဲ့ထပ်ဖဲ့နဲ့ နောက်ဆုံးတော့ အဖေလည်းဆုံး မြေလည်းကုန် သုံးပင်အိမ်ကြီးကနေ တဖြည်း ဖြည်းကျုံ့ရင်း ဒါပဲကျန်တော့တယ်. ."

ကျွန်တော်တို့အားလုံး ချိမ့်သဲပြောတာကို နားထောင်ပြီး အသက်ရှူဖို့ မေ့ကုန်ပါတယ်။ ဘယ်လောက်တောင် ခံစားရမလဲ ဘယ်လောက်အထိ မွန်းကြပ်ခဲ့ရသလဲ။ အဲ့ဒါကြောင့်ပဲ ချိမ့်သဲက ဘောလုံးပွဲရဲ့ အားအကောင်းဆုံးပရိသတ်ကြီး ဖြစ်ခဲ့တာလား. .



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းမဲ့လူတန်းစားမဟုတ်ဘဲ ပစ္စည်းအလုခံလိုက်ရတဲ့ လူတန်းစားတို့ရဲ့ စိတ်ဖောက်ခွဲမှုက ဘောလုံးပွဲထဲမှာလားလို့ တွေးရမှာပါ။

ဒီနေရာမှာ ကျွန်တော့်ချစ်သူ မယ်ကြည်လို လူတန်းစားတွေလည်း အများကြီး ရှိနေနိုင်ပါတယ်။ အိမ်မှာ အဲကွန်းနဲ့ LCD နဲ့ အငြိမ့်သားထိုင်ကြည့်နိုင်ပါလျက်. . ကိုယ်ပိုင်ကား ကိုယ်တိုင်မောင်းပြီး ကွင်းပရိသတ်အဖြစ် ခံယူတဲ့သူတွေပါ။ အားလုံးသောပရိသတ်တွေ အဲ့သလို လူတန်းစားချည်းပဲဆို ဘယ်လောက်များကောင်းလိုက်မလဲလို့ မုဒိတာလည်း ပွားမိပါတယ်။

တစ်ခုတော့ ကျွန်တော်စိတ်ညစ်သွားပါတယ်။ ကျွန်တော့်လို ဣန္ဒြေကြီး သိက္ခာကြီးနဲ့ ရိုးရိုးကြီးနေတတ်တဲ့သူရဲ့ ချစ်သူကြီးက ဘောလုံးပွဲ ရိုက်လွင့်ကင်မရာမြင်ကွင်းထဲမှာ ကွေးနေအောင်ကပြီး၊ အပျော်လွန်နေတဲ့ ကိစ္စကြီးပါ။ ဒီကိစ္စကြီးကို ကျွန်တော်ဘယ်လိုမှ ရှော်ထားလို့ မရနိုင်ပါဘူး။ အဲ့ဒါကြောင့်. . .





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

လေးရက်လောက်ဆက်ပြီး ခွေနေတဲ့မိုးက တောင်တရုတ်ပင်လယ်ထဲက အပူပိုင်းမုန်တိုင်းအားကိုးနဲ့ဆိုတာ သိသာပါတယ်။

အမေက ခါတိုင်းလိုပဲအောက်မေ့လို့ ထမင်းချိုင့် ပြင်ပြီးတာနဲ့ မိုးကာ၊ ထီးပါအဆင်သင့်လုပ်ပြီး အအေးမမိအောင်ဆေးတစ်ခွက်ကြိုသောက်သွားဖို့ပါ တိုက်တွန်းနေလို့. . မိုးထဲလေထဲ



www.burmeseclassic.com

www.burmeseclassic.com



မလုံမခြုံနေနေရတဲ့ ချိမ့်သဲကိုမြင်ပြီး စိတ်မကောင်းဖြစ်သွားတယ်၊ ဒါပေမယ့် ဒီမနက်ကို မြဘုန်းကကြိုမယ်လို့ ညကတည်းက ဖုန်းဆက်ထားတာပါ။

အိမ်ကဝယ်ပေးတဲ့ ကားအသစ်လေး ကိုယ်တိုင်မောင်းပြီး ကျောင်းတက်မယ်ဆိုတော့ကာ သူလည်း တက်ကြွချင်ရှာမပေါ့. . ။

"ဟဲ့သား. . ဘယ်သူ့ကားလဲ"

"မြဘုန်းလေးအမေ၊ သူ့အိမ်က ကားဝယ်ပေးလိုက်တာ"

"ဪ. . "

ဪဆိုပြီး အမေလည်း သူ့သားအတွက် စိတ်မကောင်းဖြစ်နေပုံပါ။ မဖြစ်နဲ့အမေ သားထက်ဆိုးတဲ့ဘဝတွေ အများကြီးပါ။

"ခိုင်မြရေ. . "

"အိုခေ မြဘုန်း. . ငါဆင့်သင့်ပဲ၊ အမေ သားသွားတော့မယ်"

"အေးအေး. . သား၊ မြဘုန်းရေ ကားကို ဂရုစိုက်မောင်းနော်"

"ဟုတ်ကဲ့ ဒေါ်ကြီး"

အိမ်ကထွက်လာပြီးမှ ဘေးခြံက ချိုလေးခိုင်တို့ အိမ်ရှေ့မှာ မြဘုန်း ကားရပ်ပြီး လှမ်းငေးတယ်။

"လွမ်းတယ် ချိုလေးရာ. . . "

"သွားပါ မြဘုန်းရာ၊ စောစောစီးစီး အတုတ်ခံနေရပါဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်"

မြဘုန်း မအိမလည်မျက်နှာနဲ့ ဘီးလိမ့်ထွက်ရင်း . .

"ငါ ဒီတစ်သက် ချိုလေးနဲ့ နီးစပ်ရပ့်ါမလားကွာ . . ၊ မင်းလည်း အလကားပါပဲ . . ဘာမှအားကိုးလို့ကိုမရဘူး"

"ကျေးဇူးမကန်းစမ်းပါနဲ့ကွာ . . ၊ ငါလည်း တတ်နိုင်သလောက် ကူညီတာပဲ"

"ဒီလိုတော့ကူညီကွာ ခိုင်မြ"

"ဘာလဲ"

"ငါစာတစ်စောင်ရေးထားတယ် အဲ့ဒါလေးတော့ပေးပေးကွာ"

ကျွန်တော်လည်း နားရာဇာဝတ် အသင့်ခံမယ့်အစား . . ဒါလောက်က အပန်းမကြီးလို့ ခေါင်းညိတ်လိုက်တယ်။ ဝေဖြိုးကို ဝင်ခေါ်ပြီး ကျောင်းကိုရောက်လာတော့ မဂျာကင်နံ့တင်းမှာ မယ်ကြည်တို့သုံးယောက်က ရောက်တောင်ရောက်နေကြပါပြီ။

"ဟာ . . ဘယ်လဲ ခိုင်မြ"

"အတန်းထဲဝင်တော့မယ်"

"ဟာ . . ဆိုင်ခဏ ထိုင်မယ်လေ"

ကျွန်တော်ဘာမှမပြောဘဲ စာသင်ဆောင်ဘက် ဆက်လျှောက်လာခဲ့တယ်။

အတန်းထဲဝင်မယ်လို့သာ ပြောတာပါ . . အရမ်းစောနေသေးလို့ ကော်ရစ်တာမှာပဲ အပြင်ဖက်လှည့်ရပ်ပြီး ငေးနေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခတ်မှိုင်းမှိုင်း ဖြစ်နေတဲ့ ရာသီဥတုက ကျွန်တော့်စိတ်ကို လည်း အုံ့မှိုင်းစေတယ်။

မကြာပါဘူး ရှုပ်ယှက်ခတ်နေအောင်လှတဲ့ ကျွန်တော် ချစ်သူဟာ ကော်ရစ်တာအတိုင်းလျှောက်လာပြီး ကျွန်တော့်ဘေး မှာ အိုက်တင်လေးနဲ့ ခါးထောက်ရပ်လိုက်ပါတယ်။ ကျွန်တော် လှည့်မကြည့်ပါဘူး။

"ဟင်း. . ယောကျ်ားတန်မဲ့ စိတ်ကောက်တာတဲ့"

"ကောက်စရာအကြောင်းမရှိဘူး"

"မကောက်ရင် ဘာလို့ ကင်န်တင်းကိုမလာလဲ. . ဟင်း"

"မင်းကိုတွေ့ရင် ဆဲမိမှာစိုးလို့ ရှောင်နေတာ"

"ဘာ. ."

"အခု ငါရှက်နေတယ်၊ မင်းကြောင့်. . ငါ အရှမ်းရှက်နေ တယ်"

"ဘာဖြစ်လို့လဲ"

"မင်းကို မြဘုန်းတို့ မပြောဘူးလား"

"မပြောပါဘူး"

"မင်း အိမ်ကရော မပြောဘူးလား"

"ဘာတွေလဲ. . ရှင်ဘာတွေ လာပြောနေတာလဲ"

ကျွန်တော်လှည့်ကြည့်ပြီးမှ. . .

"မင်း မနေ့က ဘောလုံးပွဲသွားတယ် မဟုတ်လား"

"သွားတယ်လေ"

"အေး. . ယောကျ်ားတွေကြားထဲ အရှက်မရှိ တွန့်တွန့်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးကနေတဲ့ မင်းမျက်နှာကို တီဗွီထဲမှာ ငါတွေ့တယ်၊ မဟုတ်ဘူး တစ်နိုင်ငံလုံးတွေ့တယ်ကွ"

သူမ တစ်ချက်တော့ မျက်လုံးလေးဝိုင်းသွားပြီးမှ ချက်ချင်းပဲ ဘာမှမဖြစ်သလို ပြုံးပစ်ပြီ။

"ဟုတ်လား . . မိုက်လား ပြန်ကြည့်လို့ရရင် ကောင်းမှာ ပဲ"

"ဘာ . . ဘာဖြစ်တယ် မယ်ကြည်၊ မင်း မရှက်ဘူးလား"

"အို . . မျိုးချစ်စိတ်ထက်သန်မှုကိုပြတာပဲ ရှက်စရာလား"

"ဟာ . . မတန်မရာကွာ၊ အဲ့ဒါ မျိုးချစ်စိတ်ပြတာ မဟုတ်ဘူး . . ရှုတာ . . ရှု"

"ဖောက်"

"အား"

မြန်လိုက်တဲ့လက် ပူလောင်စပ်ဖျင်းသွားတဲ့ မျက်နှာကို ဘွန်တော် အံ့ဩတကြီး ပြန်တည်ကြည့်ရင်း ပြုံးလိုက်တယ်။

ထို့နောက် . . .

"အိုခေ မယ်ကြည်၊ မင်းကို ဘောလုံးပွဲ မတိုင်ခင် အချိန်အထိ မင်းနဲ့ပတ်သက်ပြီး အရာအားလုံးကို ချစ်ခဲ့တယ်၊ ဒါပေမယ့် အဲ့ဒီမြင်ကွင်းကိုတော့ မုန်းတယ်၊ ဆက်ပြီး ငါမုန်းတဲ့ မြင်ကွင်းနဲ့ မင်းဆက်နေမယ်ဆိုရင် . . ငါ မင်းကို လမ်းခွဲလိုက်တော့မယ်"

သူမ ပုခုံးတွန့်ပြပြီး . . .

"ဟုတ်လား သေချာစဉ်းစားပြီးပြီလား"

"ဟုတ်တယ် . . ငါတို့ကျောင်းပြီးတော့မယ်၊ ဒီကရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီထက်နီးစပ်တဲ့ဘဝကို သွားကြတော့မှာ၊ ခုချိန်မှာ လမ်းခွဲလိုက်ရင် တစ်သက်စာပဲဆိုတာ ငါတွေးတယ်၊ ဒါပေမယ့် ငါမကြိုက်တဲ့ဆယ်ခုမှာ ကိုးခုကို နားလည်ပေးပြီး တစ်ခုကိုပဲ ကန့်ကွက်ခဲ့တာ အဲ့ဒါလေးကိုတောင် မင်းဘက်က နားလည်မပေးနိုင်ရင် မင်းငါ့ကို တစ်ကယ်ချစ်တာရော ဟုတ်ရဲ့လားလို့ သံသယဖြစ်စရာ ရှိလာတယ်၊ အဲ့ဒီတော့. . ငါ့ကိုစဉ်းစားခိုင်းမယ့်အစား မင်းကိုယ်တိုင် စဉ်းစားပြီး ရွေးချယ်လိုက်ပါ"

"တောက်. . ရှင်ဟာ တကယ့်အရိုးတုံးကြီးပဲ"

ကျွန်တော် ခွန်းတုံ့ပြန်မနေတော့ပဲ လှည့်ထွက်လာခဲ့တယ်။ မြဘုန်းရဲ့ကားထဲမှာ ထိုးကျန်ခဲ့တာသိလျှက်နဲ့ မိုးရွာထဲမှာ လမ်းလျှောက်ပြန်လာခဲ့ပါတယ်။

ရုပ်ရှင်တွေထဲမှာတော့ ဒီလိုစိတ်လေကြေကွဲခန်းဟာ နောက်ခံတီးလုံးတွေ၊ ခပ်ဆွေးဆွေးသီချင်းတွေနဲ့ အတော်ကြည့်လို့ကောင်းပါတယ်။

ကျွန်တော် လျှောက်လာရင်းနဲ့ အဲ့သလိုသတိရပြီး. . မင်းသားအိုက်တင်ဖမ်းကာ လျှောက်ကြည့်တယ်၊ နည်းနည်းခံစားလို့ရပေမယ့်. . ရုပ်ရှင်လောက် ကြည့်မကောင်း၊ သွားလို့ကောင်းတာ သေချာတယ်ဗျ။

ပုဆိုးက မိုးရေစိုလာလေလေ၊ ကပ်တပ်ကပ်တပ်နဲ့ လမ်းလျှောက်ရတာ မလွတ်လပ်လေပါပဲ၊ သည်ကြားထဲ ဖိနပ်ကပဲခင်တော့ ပုဆိုးအဖျားနဲ့ ခြေသလုံးမှာ စပ်ရှားရှားကြီးဖြစ်ပြီး ခရီးတွင်တွင်မတွင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကြာကြာလျှောက်လေ. . ကိုယ်ဖီလင်ခံချင်တဲ့စိတ်က ပျောက်လေမို့လို့ ကားငှါးပြီး. . ကားပေါ်မှာပဲ အိုက်တင်လေးနဲ့ ဆွေးလိုက်ပါတော့တယ်. . ။

၉ ၉ ၉ ၉



www.burmeseclassic.com

www.burmeseclassic.com



"**မင်း**တို့က ဘာရောဂါထကျတာလဲ ခိုင်မြဲ"

ညနေဘက် ဆိုင်ထွက်ထိုင်ရင်း မြဘုန်း စူအောင့်အောင့် နဲ့မေးလို့. . .

"ဘာကိုလဲ"

"မင်းနဲ့ မယ်ကြည်လေကွာ၊ မင်းကလည်း ဘာမပြော ညာမပြောပဲ ပြန်သွားတယ်၊ ဟိုတစ်ယောက်လည်း သူ့ကားထဲ မှာသွားငိုနေတယ်၊ ကြီးမှဝက်သက်မပေါက်နဲ့ကွာ ပြန်ချော့လိုက်"

"ဟာ. . ဘာလို့ချော့ရမှာလဲ"

တစ်ခါ ဝေဖြိုးကပါ. . .

"မင်း တစ်ကယ်ပြတ်နိုင်လို့လား ခိုင်မြဲ"

"သူ့ဘက်က သိပ်တင်းလွန်းရင်တော့ ပြတ်ရမှာပဲကွာ၊ မတတ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေလေ E.Majer က ငါ့ဘော်ဒါက လိုက်ဖန်မယ်လုပ်နေလို့ ငါတားထားတယ်၊ ဒါဆို လွှတ်ပေးလိုက်တော့မယ်"

ကျွန်တော် တောင့်ခနဲဖြစ်ပြီးလှည့်ကြည့်တော့ သကောင့်သားတွေရယ်ကြတယ်။ အဲ့ဒီနောက် မြဘုန်းက ပုခုံးပုတ် နှစ်သိမ့်ပြီး. . .

"စိတ်လျှော့ကွာ ခိုင်မြရာ၊ ကျောင်းပြီးတော့မယ်. . ငါတို့မှာမရှိလို့ စိတ်ညစ်နေရတာ. . မင်းကရပြီးသားတောင် လွှင့်ပစ်မယ်ဆိုတော့ လွန်တယ်ကွာ"

"မဟုတ်သေးဘူး မြဘုန်း၊ ရှေ့လျှောက် ကျောချင်းကပ်ရင်ချင်းအပ်ရမှာ ဘာမဟုတ်တဲ့ ကိစ္စလေးတောင် ညှိယူလို့ မရရင် ဘဝအတွက် တစ်ကယ်လိုအပ်တဲ့ကိစ္စတွေ ဘယ်လိုလုပ်ကြမလဲ၊ တစ်သက်လုံး စိတ်ဆင်းရဲသွားရမယ့်ကိစ္စကို အဲ့ဒီအချိန်ကျမှ ထွေးမရအန်မရ ဖြစ်မယ့်အစား အခုကတည်းက"

"ဒါတော့ ငါကန့်ကွက်တယ် ခိုင်မြ"

ဝေဖြိုးက ကျွန်တော့်စကားကိုဖြတ်ပြီး. . .

"ငါ့အစ်ကိုက တကယ့်လူဆိုးကွ ပွေချက်ကလည်း လန်ထွက်နေတယ်၊ သောက်သောက်စားစား ဘာကိုမှ အလေးမထားတဲ့လူ၊ ဆယ်တန်းလည်း မအောင်ဘူး၊ အမေဆိုတာ. . အစ်ကို့ကြောင့် မျက်ရည်ခြောက်တယ်ကို မရှိဘူး၊ အိမ်ထောင်လည်းကျရော ပြောင်းပြန်လှန်ပစ်လိုက်သလား အောက်မေ့ရတယ် အရှမ်းကိုရင့်ကျက်ပြီး လူကြီးဆန်သွားတာကွ"

"အဲ့ဒါ ဝသွားလို့ကွ၊ မဟုတ်ရင် ကဲဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



မြဘုန်း ဝင်နှောက်သဖြင့် ဝေဖြိုးက. .

"မင်း အဲ့ဒါကြောင့် ကျန်ရစ်ဖြစ်နေတာ"

"ဘာဆိုင်လဲ"

"အခု ခိုင်မြတို့ ပြန်တွဲဖို့ ငါပြောနေတာကွ"

"အေးလေ ငါကရော ဘာပြောလို့လဲ"

"ကဲကွာ. . ထားလိုက်တော့၊ အဲ့ဒါ ခဏမေ့ထားပြီး မင်း ကိစ္စလုပ်ပေးမယ်၊ ခဏနေရင် ချိုလေးခိုင် ကျူရှင်သွားဖို့ ထွက်လာတော့မှာ ဘယ်မှာလဲစာ"

"အဲ. ."

မြဘုန်း မျက်လုံးတွေပြူးထွက်လာပြီး ထခုန်တော့ မလို ဖြစ်ပြီးမှ. . .

"ငါသေပြီ ခိုင်မြ"

"ဟေ. . ဘယ်လိုကြောင့်လဲ'

မြဘုန်းလန့်တာကိုကြည့်ရင်း ကျွန်တော်ရော ဝေဖြိုးပါ လန့်နေတုန်း မြဘုန်းက. . .

"ငါ သွားပြီကွာ"

"အေးလေ ဘာဖြစ်တာလဲ"

"ငါ ချိုလေးအတွက် ရေးထားတဲစာကို စာအုပ်ထဲ ညှပ် ထားတာ ကျောင်းဆင်းကာနီးမှ ချိုချိုခက်က စာအုပ်လာငှါးလို့ အဲ့ဒီစာအုပ်ကို ငှါးပေးလိုက်တယ်. .၊ သွားပြီကွာ. . သွားပါပြီ"

"ဟာ. . ဘာသွားစရာရှိလဲ ချိုလေးလို့ နာမ်စားသုံးထား တာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး. ."

"အေးလေ. . ချိုးလေးနဲ့. . ချိုးခက်. . ခက်. . အဲ"

ဝေဖြိုး ဟုတ်တိပတ်တိဝင်ပြောပြီးမှ ငုတ်စိငုတ်စိဖြစ်သွားတယ်။

"ဖုန်းဆက်ရင် အချိန်မီမလား"

"ဟုတ်တယ်"

"ဟုတ်တယ်"

ကျွန်တော်ပေးတဲ့အကြံအတိုင်း မြဘုန်း သူ့လက်ကိုင်ဖုန်းဖွင့်ပြီး ချိုချိုခက်ဆီ လှမ်းခေါ်လိုက်တယ်။

"ဟော့ကောင် စပီကာဖွင့်ကွာ ငါတို့လည်း နားထောင်မယ်"

"ဟဲလို"

"အဟီး. . သိသားပဲ ဖုန်းဆက်မယ်ဆိုတာ"

တစ်ဖက်က ချိုချိုခက်ရဲ့ ရှက်စနိုးလေး ပြောလိုက်တဲ့အသံကြောင့် မြဘုန်းမျက်လုံးပြူး မျက်ဆန်ပြူးနဲ့. . .

"ဟို. . ဟို. . စာ. . စာ. . စာအုပ်ထဲမှာ စာပါသွားတာလေ"

"သိပါတယ် ဖတ်ပြီးပြီ"

"ဟမ်"

"အရမ်းရှက်တာပဲ ဘာမှန်းလဲ မသိဘူး. . လူဆိုးကြီး"

"ဟာ. . ချို . . ချိုခက်"

"ဘာလဲ. . အဖြေက ချက်ချင်းပေးရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓေါ. ."

"သိပ်လည်း ဝမ်းသာလုံးဆို့မနေနဲ့ စာမေးပွဲနောက်ဆုံးနေ့မှ. .၊ ဟွန်း. . ဒါပဲနော်"

"ဟာ. . ချို. . ချို. . ဖုန်းချသွားပြီဟ"

ကျွန်တော်တို့နှစ်ယောက် မအောင့်နိုင်ပဲ ရယ်ကြတော့တယ်။

"မရယ်နဲ့ကွ. . ဒီမှာအကုန်လွဲကုန်ပြီ"

"အဟီးဟီး. . လွဲတာပဲ ခတ်ကောင်းကောင်း"

"ဟာ. . ငါမကြိုက်ဘူး"

"ဘာ. . မင်းလို ဝက်သိုးကောင်ကများ choice လုပ်ချင်နေသေးတယ်၊ ရတာယူလိုက်"

မြဘုန်း ရှုံ့ရှုံ့ရှားရှားဖြစ်ပြီး စားပွဲထိုးကို ပိုက်ဆံခေါ်ရှင်းတယ်။

"ဟ. . ပြန်တော့မလို့လား"

"မပြန်သေးဘူး"

"မပြန်သေးပဲ ဘာလို့ရှင်းတာလဲ"

"ဘာလုပ်ရမှန်းမသိလို့ကွ. . ချီးပဲ"

"ကဲပါ မြဘုန်းရာ. . ချိုချိုခက်လည်း မဆိုးပါဘူး"

"ငါ့အကြိုက်မဟုတ်ဘူးလေ"

"ဟုတ်တယ်. . နောက်တော့ကြိုက်သွားလိမ့်မယ်၊ လောလောဆယ် မင်းက အမှန်အတိုင်းပြောလိုက်ရင် ချိုခက် ကိုယ့်ကိုယ်ကို သတ်သေလောက်အောင် ရှက်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တောက်. . ငါ့နှယ်ကွာ"

အဲ့ဒီနေ့ ညနေပိုင်းလေးက မြဘုန်းကြောင့် ကျွန်တော် အတော်စိတ်ပေါ့ပါးခဲ့ရတယ်။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



"နှင်တို့ ဘာတွေဖြစ်နေတာလဲ"

"ဘာကိုလဲ ချိမ့်သဲ"

ကင်(န်)တင်းထဲ လိမ့်လိမ့်လိမ့်လိမ့်နဲ့ ဝင်လာတဲ့ ချိမ့်သဲက ခုံဆွဲထိုင်ရင်း ပြောလိုက်တာပါ။ သူ့အသံက. . ဆယ်မိုင်လောက် မနားတမ်းပြေးလာပြီးမှ အမောမစေ့ပဲ စကားပြောနေတဲ့ အသံမျိုးပါ။

"ငါ မနေ့က မယ်ကြည်ရဲ့အိမ်ကို ရောက်ပြီးပြီ၊ ကျောင်းပျက်နေတာ ဒီနေ့ပါဆို လေးရက်ရှိသွားပြီ၊ ဒီနေ့လည်း မလာဘူး"

"အဲ့ဒါကို ငါကလိုက်ခေါ်ပေးရမှာလား"

"ငါ ပိတ်တီးမိတော့မယ်"

ချိမ့်သဲက ပြောလည်းပြော လက်နဲ့လည်း ရွယ်လိုက်လို့ ကျွန်တော်လည်း လန့်ပြီး ကိုယ်ကို နောက်ဖက်ယိမ်းထားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျောင်းသားရေးရာဖက် ခဏဆိုပြီး ထွက်သွားတဲ့ မြဘုန်းတို့ကိုတောင် အားကိုးတကြီး လှမ်းမျှော်မိတယ်ခင်ဗျ။

"ဒီမှာ ငါပြောတာ သေချာနားထောင်"

"အေးပါ . . ပြော"

"မိကြည်ရဲ့ဘဝကို နင်ဘယ်လောက်သိသလဲ"

"အာ . . သိတာပေါ့"

"ဘာသိလဲ . . ဘာသိလဲ နင်မသိလို့ ဒီလိုလုပ်နေတာ"

"အာ . . ဖြည်းဖြည်းပြောပါဟာ၊ သွားတွေကျွတ်ထွက်လာပါဦးမယ်"

"ဒီမှာ မိကြည်က . . ."

သင်းခနဲရလိုက်တဲ့ ရနံ့တစ်ခုကြောင့် ကျွန်တော့်ရင်တွေ ဒိတ်ခနဲခါပြီး မော့ကြည့်လိုက်တော့ ကြည်လင်မြမြ။ လောလောဆယ်တော့ မကြည်လင်တဲ့မျက်နှာနဲ့ ကျွန်တော်တို့ကို ငုံ့ကြည့်နေရင်းက ချိမ့်သဲရဲ့လက်ကို ဆွဲမလိုက်တယ်။ သူမရဲ့ ခွန်အားသေးသေးကွေးကွေးလေးကြောင့် မဟုတ်ပေမယ့် အလိုက်သင့်လေးထရပ်ပေးတဲ့ ချိမ့်သဲကို ပုခုံးဖက်ပြီး ဆိုင်ထဲကနေ ခေါ်ထုတ်သွားတော့တယ်။

ကျွန်တော်နားမလည်သလို အကြာကြီး ငေးကြောင်ကာလှမ်းကြည့်နေသော်လည်း သူမတို့နှစ်ယောက်စလုံး ပြန်မလာကြတော့ပါဘူး၊ အဲ့ဒီအခိုက်မှာပဲ ချိုခက်ရောက်လာပြီး . . .

"ဟဲ့ နင်တစ်ယောက်ထဲလား"

"အေး . . ချိမ့်သဲနဲ့မယ်ကြည်တောင် အခုပဲ ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com


သွားတယ်"

"ဟုတ်လား နင်တို့ ပြန်ချစ်သွားကြပြီပေါ့"

"မဟုတ်ပါဘူးဟာ ငါနဲ့ချိမ့်သဲနဲ့ ထိုင်စကားပြောနေတာ လာခေါ်ထုတ်သွားတာ"

"ပြန်ချော့လိုက်ပါဟဲ့ နင်ကလဲ"

"နေပါဟာ နင်တို့မိန်းမတွေက ချော့လေမော့လေပဲ"

"အံမာ. . အစာဝလို့ ဥာနပုံချင်ရင် ဒီလိုပဲပြောကြတာ"

"ဘာ. . ငါက ဘာစားရလို့ ဘယ်ပြန်ရမှာလဲ"

"တော်. . "

"ဟုတ်တယ်လေ ငါဘာမှမစားရဘူး. . မေးကြည့်"

"တော်ပြီ. . "

ချိုချိုခက် မျက်နှာလေးရဲတက်လာလို့ ကျွန်တော်လည်း ကိုယ့်စကားကိုယ် ပြန်စဉ်းစားပြီး ငြိမ်နေလိုက်တယ်။ ချိုခက်က ကော်ဖီ တစ်ခွက်လှမ်းမှာပြီး ရှက်စနိုး မျက်နှာပေးလေးနဲ့. . .

"ဟဲ့. . မြဘုန်းတို့ရော"

"ကျောင်းသားရေးရာဘက်သွားတယ်"

"ရော့. . "

"ဘာလဲ"

"ပြန်စာလေ"

"ဟင်. . နင်ပြောတော့ စာမေးပွဲပြီးမှဆို"

"ဟုတ်တယ် သူခံစားနေရမှာစိုးလို့"

"မှန်း. . နင်ဘာတွေ ရေးထားလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဖွင့်မကြည့်နဲ့ဟာ ငါရှက်တယ်၊ နင်တစ်ခုတော့ ပြောပေး"

"အင်း. . ဘာပြောရမှာလဲ"

"အရက်၊ ဆေးလိပ်၊ လောင်းကစား ရှောင်ရမယ်၊ မရှုပ်ရဘူး. . ."

"လိမ္မာပြီး စာကြိုးစားရမယ်၊ အတန်းမလစ်နဲ့ ကျောင်းမှန်မှန်တက် ဒါပဲမဟုတ်လား"

"သိရင်ပြီးတာပဲ"

"နင်တို့မိန်းကလေးတွေ ဒိုင်ယာလော့ အသစ်ကလေး ဘာလေး ရှာကြည့်ကြပါဦးလား"

"အဲ့ဒီအဟောင်းကြီးကိုတောင် နင်တို့ယောကျ်ားတွေ ရှောင်နိုင်လို့လား"

"ငါတို့သုံးယောက်ကတော့ ရှောင်တယ်"

"ဒီလိုပဲ ပြောတာပဲ၊ ဒါနဲ့. . ဟိုလေ မြဘုန်း ငါ့ကို ကြိုက်နေတာ ကြာပြီမဟုတ်လား"

ကျွန်တော်ရယ်ချင်ပေမယ့် မြို့ချပြီး. . .

"ပထမနှစ် စတက်ကတည်းက ဆိုပါတော့ဟာ. . သူမှာ ဖွင့်လည်း မပြောရဲ၊ ပြောလိုက်ရင် ငြင်းမှာလည်း စိုးရိမ်နေလို့ ဒီအတိုင်းပဲ အဝေးကနေ ဟတ်ထိနေတာ၊ ဒီကောင် အဲ့ဒီစိတ်နဲ့ မစားနိုင် မအိပ်နိုင်ပဲဖြစ်နေလို့ ငါတို့မနည်းချော့မော့ ဖျောင်းဖျ ထားရတာဟ၊ အဲ့ဒါကြောင့် အဲ့ဒီကိုယ်လုံးကြီး ဒီအတိုင်းဖြစ်နေတာ၊ လွှတ်ထားလိုက်လို့ကတော့ လက်သည်းခွံလောက်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



မယ်ထင်တယ်၊ ဒီကောင် အရမ်းခံစားတတ်တာ. . ."

"ငါလည်းသိပါတယ်ဟယ် အဲ့ဒါကြောင့် ပြန်စာပေးလိုက်ရတာ၊ တော်ကြာ စိတ်လေပြီး စာမေးပွဲမဖြေနိုင်မှာစိုးလို့လေ"

"ဟုတ်တာပေါ့ ကောင်းတာပေါ့၊ ဒါနဲ့ နင်ရော မြဘုန်းကို ဘယ်တုန်းကတည်းက စိတ်ဝင်စားနေတာလဲ"

"အဟီး. . ငါလည်း ပထမနှစ်တက်ကတည်းကပေါ့"

"ဟော. . ."

"ဒါက ငါ့အိပ်မက်ဟ၊ ငါ့ရဲ့အိမ်ထောင်ဘက်က ကာယအား ဉာဏအား ကောင်းရမယ်၊ မြဘုန်းက ဗလလည်းကောင်း ပညာလည်းတတ်တယ်လေ. . အဟင်းဟင်းဟင်း"

"ငှဲ. . ငှဲ. . ငှဲ. ."

"ဟဲ့. . ချိမ့်သဲတို့ဘယ်သွားတာလဲ"

"မသိဘူး ဒီတည့်တည့်ပဲ ထွက်သွားကြတာ"

"ငါလိုက်သွားလိုက်ဦးမယ်၊ ကော်ဖီဘိုး ငါရှင်းခဲ့မယ်သိလား. ."

"နေ. . နေ. . ထားခဲ့၊ ငါပဲ ရှင်းမယ်"

ကျွန်တော် ရယ်လည်းရယ်ချင် စိတ်မကောင်းလည်းဖြစ်မိတယ်။ လူ့ဘဝဆိုတာ မချက်တတ်ချက်တတ်နဲ့ ချက်ထားတဲ့ ထမင်းအိုးလိုပဲ ပျော့တူးမနပ်ကြီးဗျ။

ကိုယ်မြင်ရတဲ့ ပတ်ဝန်းကျင်လေးမှာတောင် ဒီလောက် ဘာသာရပ်စုံစုံလင်လင် ရှိနေတာ. . ၊ မမြင်နိုင်သေးတဲ့ ပတ်ဝန်းကျင်ထဲမှာရော ဘယ်လောက်များ သပွတ်ထနေမလဲဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အံ့သလို. . ပျော်ရွှင်စွာ စိတ်ညစ်နေရင်းနဲ့ပဲ ထိုင်နေတုန်း ဝေဖြိုးတစ်ယောက်ထဲ ပြန်ရောက်လာပြီး တခိခိ ရယ်နေလို့။

"ဘာဖြစ်တာလဲဟ. ."

"မြဘုန်းကို. . မသွားပြီ"

"ဘယ်သူလဲ"

"ချိုခက်"

ကျွန်တော်တို့ သောခနဲ ရယ်လိုက်ကြတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

မင်းအိပ်ပျော်နေတဲ့အခါ

မသာ လှလှလေးလို ဝါဝင်း

အပြစ်ကင်းလွန်းပါတယ်..လို့တင်စားတာ..

ပါးရိုက်လွှတ်တယ်ဗျာ..

သိပ်လွန်တာပဲ...။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

**တစ်**ညလုံး တစ်အိဖျောက်ဖျောက် ရွာနေတဲ့မိုးက မိုးစင်စင်လင်းတဲ့အချိန်မှာ အိပ်ပျော်သွားသလို ငြိမ်ကာ တိတ်သွားတယ်။ ကျွန်တော်လည်း ကိုယ့်အတွေးနဲ့ကိုယ် ညဉ့်နက်တဲ့အထိ အိပ်မပျော်ပဲ အစောကြီးပြန်နိုးနေပြီး ပြန်အိပ်လို့လည်းမရ။

ထမင်းစားခန်းထဲ အဖေနဲ့အမေရဲ့ စကားပြောသံတွေ ကြားနေရပြီး မျက်လုံးတွေက ဖွင့်လို့မရ။ ထိုအခိုက်မှာပင် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



အုံးအောက်ရောက်သော လက်ကိုင်ဖုန်းက အော်တော့မှ . .။

"ဟယ်လို"

"ဟယ်လိုလုပ်မနေနဲ့ ဒီမှာပြဿနာတက်နေပြီ"

အသံက ချိမ့်သဲရဲ့အသံဆိုတာ သိပြီး ကျွန်တော် မျက်လုံးကျယ်ကာ. . .

"ချိမ့်သဲ ဘာလဲ"

"မယ်ကြည် ငါ့အိမ်ရောက်နေတယ်၊ အိမ်က ထွက်လာတာတဲ့"

"ဟေ. ."

"နင်မြန်မြန်လာခဲ့၊ သူ့ စိတ်တွေလည်းမငြိမ်ဘူး. . အခုပဲ ငါ့ဆီမှာနေမယ်၊ တော်ကြာ. . ပြန်တော့မယ်နဲ့ မနေ့ညကလည်း ဘယ်မှာအိပ်ခဲ့လဲမသိဘူး"

"ဟာ မဟုတ်သေးပါဘူး"

"ဒီမှာ အပိုတွေပြောမနေနဲ့ နင်လာခဲ့ ဒါပဲ"

ချိမ့်သဲ ဖုန်းချသွားပေမယ့် ကျွန်တော်ဖုန်းမချနိုင်ပဲ ငိုင်နေမိတယ်၊ ဒီပြဿနာလေးနဲ့. . မယ်ကြည် ဒီလောက် ကသောင်းကနင်း မဖြစ်သင့်ဘူး မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်သွားဖို့ လိုအပ်နေတဲ့အတွက် ခုတင်ပေါ် ကဆင်းပြီး ရေချိုးခန်းထဲ လျှောက်ဝင်လာခဲ့တယ်။

ၛ ၛ ၛ ၛ



www.burmeseclassic.com

www.burmeseclassic.com



**အ**ချိန်မီလေးလို့တောင် ပြောရမှာပါပဲ၊ ကျွန်တော် ငှါးသွားတဲ့ကားက ချိမ့်သဲတို့ရပ်ကွက်ထိပ်အရောက် ရပ်ကွက်လမ်းထိပ်မှာ ချိမ့်သဲနဲ့မယ်ကြည်တို့ တွန်းလားဆွဲလားဖြစ်နေကြလို့ ကျွန်တော် အပြေးရောက်သွားတယ်။

"ဟဲ့ မြန်မြန်လာ၊ ဒီမှာ ငါဘယ်လိုမှ တားမရတော့ဘူး"

ဘေးလွယ်အိတ်တစ်လုံးနဲ့. . လျှာထိုးဦးထုပ် ခပ်ရွဲ့ရွဲ့ဆောင်းထားတဲ့ မယ်ကြည်ပုံက အခုမှာ တကယ့်ဂျစ်ပစီပုံပေါက်နေလို့. . .

"နင် ဘာတွေအရှုးထနေတာလဲ မယ်ကြည်"

"ဘာ. . ငါ့ဘာသာ ရူးရူးမရူးရူး နင်နဲ့ဘာဆိုင်လဲ"

"ဘာ. . နင်က နင်နဲ့ငါနဲ့တောင် ပြောနေပါလား"

"ပြောတယ်. . ဘာဖြစ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရုပြီ ချိမ့်သဲ . . သူကိုထားခဲ့တော့"

"ငါစိတ်ချလိုက်မယ်နော်"

"အေးပါ . . ငါက သူချစ်သူ အရင်းခေါက်ခေါက်ကြီးပါ"

"ဖွီ . ."

မယ်ကြည် ပုခုံးတွန့်ပြီး အငေါ်တူးပြနေလို့ ကျွန်တော် အသည်းယားပြီး လက်မောင်းအရင်းကနေ ဆွဲကိုင်ပြီး ခေါ်လာတယ်။

"ဟာ . . လွှတ် ဘာလုပ်တာလဲ၊ လွှတ်နော်"

"မကျေနပ်ရင် မင်းအော်ဟစ်ပြီး အကူအညီတောင်းနိုင်တယ်၊ ငါကတော့ လုံးဝမလွှတ်ဘူး"

"ငါ တကယ်အော်မှာနော်"

"အော်လေ . . အခု မင်းကိုငါခေါ်လာတာ ကူညီဖို့၊ မင်းအော်တာက ငါ့ကိုဒုက္ခပေးဖို့၊ အဲ့ဒီတော့ ကြိုက်တာသာလုပ်"

မယ်ကြည် ယက်ကန်ယက်ကန် ပါလာပေမယ့် မအော်ပါဘူး။ ဒါပေမယ့် . . .

"လွှတ်ဟာ သူများမြင်ရင် ငါဘာဖြစ်နေမလဲ"

"ကောင်းပြီလေ . . ငါနဲ့ ဣန္ဒြေရရ လိုက်မလား"

"အင်း . ."

ကျွန်တော် လွှတ်ပေးလိုက်မှ သူ့အဝတ်အစားကို ဟိုဆွဲ ဒီပြင်လုပ်ပြီး နှုတ်ခမ်းတထော်ထော်နဲ့ လိုက်ပါလာခဲ့တယ်။

ချိမ့်သဲတို့ရပ်ကွက်ကိုလွန်ရင် ကတ္တရာလမ်းရဲ့ဘေးဘယ်ညာမှာ ရှုမဆုံး လယ်ကွင်းပြင်ကြီးဗျ . .။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို မိုးလေသာနေတဲ့အချိန်မှာ တယိမ်းနွဲ့နွဲ့ စိမ်းလဲ့နေတော့မယ့် စပါးခင်းကြီးတွေမြင်ရရင် ဘယ်လောက်များ ကောင်းလိုက်မလဲလို့တွေးရင်း ဒေသန္တာရ ဒဿနလွဲနေတဲ့ ရှုမဆုံးကွင်းထီးထီးကြီးကို ကြည့်ပြီး ကျွန်တော်ရင်တွေပါ လွင့်ဟာနေတယ်။

အမှန်တော့ လယ်ကွင်းထဲ စပါးခင်းမရှိတာနဲ့ ကျွန်တော့်ရင်ဘတ် ဟာတာတာကြီးဖြစ်နေတာက မဆိုင်ပါဘူး၊ ခံစားမှုလည်း သက်သက်စီပါ။ လယ်ကွင်းတွေငေးပြီး ရင်နာရင်ခံ ရမှာက ချိမ့်ချိမ့်သဲဆိုရင်. . ကျွန်တော်က မယ်ကြည်ကို ငေးပြီး ရင်ခံရမှာလေ။ အဲ့ဒါကမှ သဘာဝကျကျမို့လို့ ကျွန်တော့်ရဲ့ ခြောက်သွေ့နေတဲ့အကြည့်ကို မယ်ကြည့်ဆီ ရွှေ့လိုက်ပါတယ်။

ဂျစ်ပစီမ မယ်ကြည်ကတော့ ကျွန်တော့်ကိုမကြည့်ပါဘူး။ ဖူးဖူးလေးလှအောင် ထော်ထားတဲ့နှုတ်ခမ်းတွေကို ဖွားလရာကျဲကျဲလေးလွင့်နေတဲ့ ဆံမျှင်တွေနဲ့ တွဲစပ်ပြီး ဘေးတစောင်းလေးမြင်နေရတဲ့ သူမမျက်နှာအနေအထားက Frame Work လုပ်စရာမလိုတဲ့ မျက်နှာရဲ့ဖွဲ့စည်းပုံနဲ့ အင်မတန်မှ မက်မူးစရာကောင်းပါတယ်။

ဝန်ခံရရင်. . ကျွန်တော့်စိတ်နဲ့သူမစရိုက်က အံဝင်ဂွင်ကျသာမဖြစ်သေးတာ ကြည်လင်မြမြဆိုတဲ့ မိန်းမလှလေးက ကျွန်တော့်နှလုံးသားမှာ အတော်အထိုင်ကျနေပါပြီ။ စိတ်ထဲမကြည်လင်လို့သာ ပြတ်ကြစဲကြမယ်လို့သာပြောတာ တကယ်သာဝေးနေလိုက်ရရင် ကျွန်တော်အသေမြန်နိုင်ပါတယ်။

ဒါပေမယ့်လည်း တစ်ဘဝစာ ရည်ရွယ်သူလေး အတင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာအောင် ကျွန်တော်ကြိုးစားရပါဦးမယ်။ ဟန်ကိုယ့်ဖို့ဆိုတဲ့ စကားအတိုင်း အတည်ပေါက်နဲ့ အပီဟောက်နိုင်အောင် ကိုယ့်ဘာသာကြိုတ်ပြီး အားထည့်ထားရတယ်ခင်ဗျ။

အတော်ဝေးဝေးအထိ လျှောက်လာကြပြီးမှ မယ်ကြည်က...

"ရှင်က ဘာကိုကူညီမှာလဲ"

"အယ်..ရှင်တွေဘာတွေဖြစ်လာပြီဆိုတော့ နည်းနည်းစိတ်တည်ငြိမ်လာတဲ့သဘောပေါ့၊ အဟုတ်ဟုတ် ထားပါတော့ မင်းဘာလုပ်ချင်သလဲ"

"ကျွန်မ အိမ်မှာမနေချင်တော့ဘူး"

"ဟော..အိမ်မှာမနေချင်ရင် ဘယ်မှာသွားနေမလဲ"

"မသိဘူး"

"ဘာကြောင့်လဲဆိုတာ ပြောပြသင့်တယ်မဟုတ်လား"

"ရှင်က ကျွန်မ ရင်ဖွင့်တိုင်ပင်ရမယ့်သူမှမဟုတ်တာ..ရှင်နဲ့ကျွန်မက လမ်းခွဲပြီးသားလေ"

"ဒါပေမယ့် ချစ်သူအဟောင်း အနေနဲ့တော့ တိုင်ပင်လို့ရပါတယ်"

"အဟင်းဟင်း..ပြန်ဆက်ချင်တာနဲ့ပဲ စကားတွေခင်းနေလိုက်တာ"

"အဟုတ်ဟုတ် ဒါကတော့ ငါဘယ်လောက်ပဲ ဆက်ချင်ဆက်ချင် မင်းဆက်ချင်မှ ဖြစ်တာပါကွ..၊ ဘဝင်မြင့် မနေစမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ရှင်ဘာကူညီမှာလဲ၊ ကျွန်မအခု အိမ်ကအပြီး ထွက်လာတာ"

ဝန်ခံရရင်. . ကျွန်တော် နည်းနည်းဖျားချင်သလိုလို ဖြစ်လာတယ်။

မကူညီလို့တော့ မဖြစ်ဘူးဗျ၊ ဒီရှုပ်ယှက်ခတ်နေအောင် လှတဲ့ ကောင်မလေးကို ကျွန်တော်စွန့်လွှတ်ဖို့ ဘယ်လိုမှ အဆင်သင့်မဖြစ်သေးဘူး၊ မနေ့ကညအထိ လွမ်းနေတုန်း ဆိုတော့ကာ

"မင်း ငါ့အိမ်မှာ လိုက်နေမလား"

"အလိုတော် မဖြစ်နိုင်တာကစပြီ"

"ဘာလို့မဖြစ်နိုင်ရမှာလဲ"

"အဲ့သလိုလိုက်နေရင် ရှင့်မိဘတွေက ကျွန်မကို ဘယ်လိုထင်မလဲ. . စဉ်းစဉ်းစားစားလဲ ပြောပါဦး"

"စဉ်းစားပြီးပြီ၊ မင်းလုံးဝမျက်နှာမငယ်ရအောင် အထင်သေးမခံရအောင် ငါစီစဉ်မယ်၊ ငါ့မှာ နည်းလမ်းရှိတယ်"

"ဘယ်လိုနည်းလမ်းလဲ"

"မမေးနဲ့ မင်းယုံကြည်လား မယုံဘူးလား ဒါပဲပြော"

"ဟင်. . ဘာမှန်းမသိပဲနဲ့ ဘာနဲ့ယုံရမှာလဲ"

"ငါပြောပြီးပြီလေ မျက်နှာမငယ်စေရဘူး၊ အထင်သေးမခံရဘူး၊ အိမ်မှာ ငါနဲ့တန်းတူရည်တူ အခွင့်အရေးလည်းရရမယ်၊ ကုန်ကုန်ပြောမယ်ကွာ မင်းနဲ့ငါ ပြဿနာဖြစ်ရင်တောင် ငါ့မိဘက မင်းဖက်က ရပ်တည်စေရမယ်"

"မဆိုးပါဘူး. . ၊ ဘာမှန်းမသိပဲ အရမ်းကောင်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ စိတ်ဝင်စားစရာပဲ၊ ဟုတ်ပြီလေ ကျွန်မယုံလိုက်ပါ့မယ်"

"ဒါပေမယ့် အခွင့်အရေးတစ်ခုတော့ ပေးရမယ်"

"ဘာလဲ"

"ငါမင်းကို ပြန်ချော့မယ်"

သူမ ပြန်မပြောဘဲ ပုခုံးတွန့်ကာ ပြောင်ပြတယ်။

နောက်က ကားဟွန်းသံကြားလို့ လှမ်းကြည့်တော့ အငှားကားဖြစ်နေတဲ့အတွက် လှမ်းတားလိုက်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင်. . ဒီနေ့က အဆင်မပြေမှုတွေနဲ့ ပျော်စရာကောင်းတဲ့ နေ့လေးတစ်နေ့ပါပဲ၊ နှစ်ယောက်တွဲလျှောက်လာတာကိုမြင်တိုင်း ပြုံးစိစိဖြစ်သွားကြတဲ့သူတွေ များလာတော့. . မယ်ကြည်ရော ကျွန်တော်ပါ ဘာသာသတိထားမိလာကြတယ်။

သူများတွေပြုံးလည်း ပြုံးချင်စရာလေ၊ ကျွန်တော်က ပုလဲပေါက်ပုဆိုး အနက်ပွင့်ကို ကော်လာတုံး အဖြူနဲ့ဝတ်ပြီး တိုက်ပုံအင်္ကျီကိုလက်မောင်းမှာ ချိပ်လို့၊ မယ်ကြည်က အနက်ရောင်စတော့ကင်ကို ခွာချွန်ဖိနပ်အနက်နဲ့. . .

ဝတ်ထားတာလဲ ဘလောက်(စ်)၊ ဦးထုပ်တစ်စောင်းနဲ့ လယ်သာဘောလွယ်အိပ်ကိုလည်း ရှေ့ပစ်လွယ်ထားသေး၊ ဆံပင်က သုံးထပ်အဖြောင့်၊ နားကွင်းတွေ၊ ဖန်စီဆွဲကြိုးလက်ကောက်တွေကလည်း အထပ်ထပ်၊ ရှုပ်ယှက်ခတ်နေတဲ့ ခေတ်အလန်း



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ ရိုးပုံရိုးပန်းကြီးတစ်ယောက် တွဲလျှောက်လာမှတော့. . အင်းပေါ့. . .။ ကြာလာတော့ မယ်ကြည် ရှက်လာတဲ့ပုံပါ။

"အခု ဘယ်သွားမှာလဲ"

"မင်းစိတ်ပျော်အောင်လို့ ဈေးပတ်မယ်၊ ကစားကွင်း သွားမယ်၊ နေ့လည်စာရော ညစာပါ မင်းစိတ်ကြိုက် အပြင်မှာ ကျွေးပြီးမှ ရုပ်ရှင်ကြည့်ချင်တယ်ဆိုလည်း ပြပေးမယ်၊ မှုန်နေတဲ့ မင်းမျက်နှာလေး မွှေးချင်လာအောင် ကြည်လင်လာမှ အိမ်ပြန် မယ်"

"ဟာ. . ဒီပုံစံမျိုးနဲ့ လျှောက်မသွားချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ သူများတွေရယ်ကုန်ပြီ"

"ရှက်လို့လား"

"ရှက်တာပေါ့"

"ဪ. . မင်း ရှက်တတ်သားပဲ"

"ရှင်နော်"

ဒီထက်ပိုပြီးစနောက်လို့ မဖြစ်မှန်းသိလို့. . .

"ဒါဆို မနက်စာ စားကြရအောင်"

အဲ့ဒီနောက်. . နှစ်ယောက်ထဲ သီးသန့်ခန်းမှာလို့ရတဲ့ ထမင်းဆိုင်ကိုရှာပြီး မနက်စာ ကျွေးလိုက်တယ်။

"ကျွန်မတို့ပြန်ကြမယ်"

"ဟာ. . အစောကြီး ရှိသေးတယ်လေ"

"မနေ့ညက မအိပ်ရတော့ အိပ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က ဘယ်မှာသွားနေနေတာလဲ"

"ချိုခက်တို့အိမ်မှာ တစ်ညလုံး အခွေထိုင်ကြည့်နေတာ"

"ဪ . . အဲ့ဒါကြောင့် မင်းမျက်နှာက မလန်းတာကိုး အိုခေလေ ပြန်ကြတာပေါ့"

ကားငှားပြီးပြန်လာတော့ ထမင်းဆိုင်တက်တယ်နဲ့ တူ့ပါရဲ့ မယ်ကြည်ကျွန်တော်ပုခုံးပေါ် မှီပြီး အိပ်ပျော်လာတယ်၊ ဖုန်းဝင်လာလို့ ကြည့်လိုက်တော့ ချိမ့်သဲလေ။

"ဟဲ့ . . အဆင်ပြေလား"

"အခု ငါ့ပုခုံးပေါ်မှာ အိပ်ပျော်နေတယ်"

"ဘုရားရေ . . နင် ဆေးခတ်လိုက်တာလား"

"ဟာ . . တောက်တီးတောက်တဲ့ . ."

"သနားပါတယ်ဟာ နင်ဂရုစိုက်လိုက်ပါ ဒါပဲနော်"

ကျွန်တော် ဖုန်းပိတ်ပြီး ပြုံးတယ်၊ မွန်းကြပ်လွန်းတဲ့ ဘဝဒုက္ခကြီးနဲ့ ချိမ့်သဲက ပြေလည်ပြည့်စုံတဲ့ ကြည်လင်မြမြကို သနားပါတယ်တဲ့။ အင်းလေ . . သူငယ်ချင်းဆိုတော့လည်း . .



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

ကျွန်တော့စိတ်အထင် အဖေရုံးသွားမယ် အမေ တစ်ယောက်ထဲ အိမ်မှာရှိမယ်ပေါ့၊ ဒီနေ့တနင်္ဂနွေဆိုတာ ကျွန်တော်မေ့ပြီး ညှော့ခန်းထဲမှာ သတင်းစားဖတ်နေတဲ့ အဖေ့ကိုမြင်မှ ရင်ထဲ ဒိန်းခနဲဖြစ်ပြီး သတိရသွားတယ်။

"ဒီနေ့ အဖေ့နားရက်ပဲကွ. . ငါ့နှယ်"

အဖေ လှမ်းကြည့်ပြီး မျက်လုံးတွေတောင် ပုတ်ခတ်ပုတ်



www.burmeseclassic.com

www.burmeseclassic.com


ခတ် ဖြစ်သွားတယ်။ အဲ့ဒီအခိုက်မှာပဲ အမေလည်း ကော်ဖီဗန်းလေးနဲ့ ထွက်လာပါတယ်၊ နေ့လည်စာစားပြီး ကော်ဖီသောက်ကြမှာလေ. . .

အမေလည်း အဖေ့လိုပါပဲ ကျွန်တော်တို့ နှစ်ယောက်ကို အံ့အားသင့်ပြီး ကြည့်တယ်။ ပြီးမှာ ဆက်လျှောက်လာပြီး. . .

"သား. . လာလေ ဘာလုပ်နေတာလဲ"

"ဟုတ် အမေ"

ကျွန်တော် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီးမှ မယ်ကြည့်လက်ကိုဆွဲပြီး ကျွန်တော်နဲ့အတူ ကြမ်းပြင်မှာပဲ ဒူးထောက်ထိုင်ခိုင်းလိုက်တယ်။

"အဖေနဲ့အမေ သူ့နာမည်က ကြည်လင်မြမြပါ၊ သားနဲ့ တစ်တန်းတည်း တစ်ခန်းတည်း အတူကျောင်းတက်နေတဲ့သူပါ။ အခု ကျွန်တော် သူ့ကိုခိုးပြေးလာတာပါ"

"ဟေ"

"ဟင်"

"ဟာ. . ရှင်. . အဲ့. . အဲ့ဒါ. . ဘာ"

အားလုံးလန့်ဖျပ်ကုန်ပေမယ့် ကျွန်တော်ဂရုမစိုက်ပါဘူး။

"အမှန်တော့ ကြည်လင်မြမြက ကျွန်တော့်ကိုမကြိုက်ပါဘူး ကျွန်တော်ကသာ ကြိုက်တာပါ၊ အဲ့ဒါကြောင့် သူ့ကိုညာပြီး အိမ်ခေါ်လာခဲ့တာ"

"ကောင်းရော အမေကြီးရေ၊ ကိုင်း ဘယ်လိုလုပ်ကြမလဲ"

"အို. . ဘယ့်နှယ့်လုပ်ရမလဲ ကလေးမလေးမိဘတွေဆီ


www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံး အကြောင်းကြားရမှာပေါ့"

"အခု သူ့မိဘတွေ ရန်ကုန်မှာမရှိဘူး အမေ၊ ဗုဒ္ဓဂါယာ ဘုရားဖူးထွက်သွားကြတယ်၊ သူလည်း ဘုရားဖူးလိုက်သွားဖို့ပဲ သွားကာနီးဆဲဆဲ သင်တန်းကိစ္စ အရေးကြီးတယ်လို့ပြောပြီး ကျွန် တော်ခေါ်ထားခဲ့တာ"

"ဟောတော်. . ဒုက္ခပါပဲ"

အဖေလည်း ခေါင်းတွေကုတ်ပြီး ပြုံးတယ်။

"မင်းကွာ အဖေတူတာလည်း ဒီလောက်တောင် တူရသ သားကွ၊ ငါလည်းမင်းအမေကို အဲ့သလိုညာခိုးပြီး ပေါင်းလာတာ"

"ဗျာ"

"ဟာ. . ရှင် ကလေးတွေရှေ့မှာ၊ မဖြစ်ပါဘူး နှစ်ဖက် မိဘ သဘောမပါပဲ မင်းတို့သဘောအတိုင်းတော့ ပေါင်းသင့်ခွင့် မပေးနိုင်ဘူး၊ အဲ့ဒီတော့ အမေပြောတာကို သား နားထောင်စမ်း"

"ဟုတ်"

"သား အခုလုပ်လာတာ အရမ်းအပြစ်ကြီးလွန်းတယ်၊ မိန်းကလေးဆန္ဒလည်းမပါဘူး မိဘဆန္ဒလည်းမပါဘူး"

ကျွန်တော် အဖေ့ကို လှမ်းကြည့်လိုက်လို့. .

"ကိုမြင့်လွင် ရှင် ဘာမှဝင်မပြောနဲ့နော်. "

"ဟေ. . ငါဘာပြောနေလို့လဲ"

"မပြောနဲ့ ဒီမှာ အခုလောလောဆယ် မိန်းကလေး မိဘ တွေ ခရီးသွားနေတဲ့အတွက် မိန်းကလေးကို အမေစောင့်ရှောက် မယ်၊ ဒီညကစပြီး အမေနဲ့ ခေါ်သိပ်မယ်၊ အန်တီပြောတာလက်ခံ



www.burmeseclassic.com

www.burmeseclassic.com



လား သမီး"

"ဟုတ် အန်တီ"

"ကိုမြင့်လွင်. . ဒီညကစပြီး ရှင်ဟိုအခန်းလွတ်မှာ သွားအိပ်"

"ဟာ . . ငါနဲ့ဘာဆိုင်လို့ မင်းနဲ့ ခွဲအိပ်ရမှာလဲကွ"

"ဆိုင်ဆိုင်. . မဆိုင်ဆိုင်"

အဖေ ဇက်ပုပြီး ငြိမ်သွားမှ အမေက. .

"သားရယ် မင်းဘာစိတ်ကူးပေါက်ပြီးတော့များ ငါ့နှယ်"

"အာ. . . အမေသူကိုကြည့် ဘယ်လောက်လှလည်းဆိုတာ၊ ကျောင်းကကောင်တွေလည်း အုံခဲပြီးတော့ကို လိုက်နေတာ ကျောင်းလည်းပြီးတော့မယ် ကျွန်တော် ဒီလိုမှမစွန့်စားရင် မရတော့ဘူးအမေရ အဲ့ဒါကြောင့်"

မယ်ကြည် ရယ်ချင်ပက်ကျိဖြစ်နေလို့ အသာ့မျက်လုံးအကြည့်နဲ့ သတိပေးထားလိုက်ရတယ် ခုချိန်ထိ အိုခေနေပြီလေ။

"သမီးကရော သူပြောတာ ယုံတာပဲလား"

"အဟင်း. . သူ. . သူငယ်ချင်းတွေဆိုတော့"

"အေးပေါ့လေ၊ ကဲ. . ကဲ. . သမီးနားမလား"

"ဟုတ်"

"လာ. . အန်တီနဲ့လိုက်ခဲ့"

မယ်ကြည်နဲ့အမေ ဧည့်ခန်းထဲကထွက်သွားမှ အဖေမြှုချထားသမျှ ကြိတ်ကာ တခိခိရယ်တော့တယ်။ ကျွန်တော်လည်း ရောရယ်ရင်း အမေချထားခဲ့တဲ့ ကော်ဖီပန်းထဲက ကော်ဖီတစ်



www.burmeseclassic.com

www.burmeseclassic.com



ချက် ယူသောက်လိုက်တယ်။

"ငါနှယ်ကွာ တကယ်ပါပဲ၊ အဟတ်ဟတ် ကောင်မလေး ကလည်း မကြိုက်ဘူး. . မိဘတွေလည်းမသိဘူး၊ အဲ့ဒါကို ခေါ်သာတယ်. . အဟတ်. . ဟတ်. . ဟတ်. . အဲ"

အဖေ ရယ်ရင်းက တစ်ခုခုကို သတိထားမိလေဟန်နဲ့. . ကျွန်တော့ကိုကြည့်ပြီး. . .

"သား. ."

"ဗျာ"

"မင်း ခုလိုလုပ်လိုက်တာကို ကောင်မလေး သိပ်ပြီးမတုန်လှုပ်ပါလား"

"ဗျာ"

ကျွန်တော်ခုမှ တစ်ကယ်ရင်တုန်တာပါ။

"သား. . မင်း တစ်ခုခုတော့ လွဲနေသလားကွဟေ"

"မလွဲပါဘူးအဖေ. . ကျွန်တော် သဘောကျတာသူပါ"

"ဟုတ်တယ်လေ သူက မင်းကိုသဘောမကျဘူးလေ"

"ဒါပေမယ့် ခင်တယ်လေ အဖေ၊ အခုအမေက စောင့်ရှောက်မယ်ဆိုတော့ သူ့အတွက် လုံခြုံပြီး မတုန်လှုပ်တာနေမှာပေါ့"

"ဪ. . အေး ဒါကြောင့်ဖြစ်မယ်ထင်တယ်"

တော်ပါသေးရဲ့ အဖေ ကျွန်တော့်စကားကို လက်ခံသွားသေးလို့ပဲ။ ဒါပေမယ့်လည်း ကျွန်တော့်ကို အသက်လောက်ချစ်တဲ့ မိဘတွေအပေါ် အခုလို မရိုးမသား ပြောမိတာတော့ အင်မတန်



www.burmeseclassic.com

www.burmeseclassic.com



ကို အပြစ်ကြီးတယ်ဆိုတာ ကျွန်တော်သိပါတယ်။

ကျွန်တော့်မှာလည်း ဒီလိုမှမစီစဉ်ရင်. . မယ်ကြည်ကို ဘယ်ဆီလိုက်ရှာရမှန်းမသိအောင် ဖြစ်မှာလေ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**နောက်**တစ်နေ့ မနက်မှာတော့ ကျွန်တော် အိပ်မက်မက်နေသလိုပဲ ခံစားလိုက်ရတယ်။ တစ်ခြားမဟုတ်ပါဘူး၊ မယ်ကြည်ပါ၊ မှန်ဇာ ကော်လာထောင် ရင်ဖုံးလက်ပြတ် အင်္ကျီလေးနဲ့ ဘီမိုနီပွင့်ရိုက်ထည်လေးဝတ်ပြီး ထမင်းစားခန်းထဲ ဝင်လာတဲ့ ပုံစံလေးပါ။

ကျွန်တော့်မှာ စားသောက်နေရင်းက ထိုင်ရမလို ထရမလိုဖြစ်သွားအောင် အံ့ဩရတာပါ၊ ကျွန်တော်ပါးစပ် အဟောင်းသားနဲ့ ဖြစ်နေလို့ အမေက. . .။

"မင်းသူငယ်ချင်းမှာ အဝတ်အစား အပိုမပါဘူးလေသားရဲ့၊ အဲ့ဒါကြောင့် အမေ အပျိုဘဝတုန်းကဝတ်တဲ့ အဝတ်တွေ ဆုတ်ပေးထားတာ. . .၊ ကံကောင်းချင်တော့ တိုင်းချုပ်ထားသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အဖေကပါ အံ့ဩသနင်း ပုံမျိုးနဲ့. . .

"လှလိုက်တာသမီးလေးရာ၊ အမှန်ပြောရရင်. . မနေ့က ခိုင်မြက လှတယ်လို့ပြောတာကို အနက်ကယ် တစ်ကယ်မသိသေးတာပါ။ အခုမှပဲ ငါ့သမီး တကယ်လှမှန်းသိတော့တယ်"

ပြီးမှ ကျွန်တော့်ဘက်လှည့်ပြီး. .

"ဒီလိုဖုံးကွယ်ထားတဲ့ အလှတရားကို မြင်တတ်အောင် ကြည့်တာလဲ. . ဒီအဖေနဲ့ တူကိုတူနိုင်လွန်းပါလားကွ. . ဟေ"

"ဩော်. . အဖေ့သားပဲဟာ"

"ကဲ. . . သားအဖနှစ်ယောက် စကားပေါ်မနေနဲ့၊ တစ်ယောက်က ရုံးသွားရမယ်၊ တစ်ယောက်က ကျောင်းသွားရမယ် သမီးလေး. . စားလေ"

"ဟုတ်"

ဒါတောင် အဖေက လေသံနဲ့. .

"သားရေ. . မဆိုးဘူးကွ အဖေ့လိုယောက်ျားမ ချောချော ခန့်ခန့်က ချွေးမရှုပ်ဆိုးဆိုးနဲ့မဖြစ်ဘူး မလွှတ်စေနဲ့"

အမေ အံ့ကြိတ်ပြီးလှမ်းကြည့်နေလို့. . သားအဖနှစ်ယောက် ခတ်သုတ်သုတ်စားသောက်နေလိုက်ကြတယ်။

စားသောက်ပြီး ကျောင်းသွားဖို့ပြင်ဆင်ပြီး ထွက်လာကြတော့ အမေက ဧည့်ခန်းမှာ အဆင်သင့်ဖြစ်နေပြီ။

"ရော့. . ဒါက သားချိုင့်၊ ဒါက သမီးချိုင့်၊ ဩော် ဒီငွေ ထီးတွေယူသွားကြ"

"ခဏလေး"



www.burmeseclassic.com

www.burmeseclassic.com



အမေ အတွင်းခန်းဖက်ပြေးဝင်သွားပြီး ပြန်ထွက်လာတော့. . .

"ကဲ. . ရော့ တစ်ယောက်ငါးထောင်စီ ယူထားကြ"

"အန်တီ ဘာလဲဟင်"

"ကျောင်းမုန့်ဘိုးလေ သမီးရဲ့"

သူမ ပိုက်ဆံကိုင်ပြီး ကြောင်အနေပြီးမှ အမေ့ရင်ခွင်ထဲ ပြေးဝင်ပြီး ဖက်ထားတယ်၊ အမေလည်း အိုးတိုးအတနဲ့၊ အဲ့ဒီနောက် မယ်ကြည်က အမေ့ပါးပြင်လေးကို တယုတယ နမ်းမွှေးပြီး. . .

"သမီး အမေ့လို့ ခေါ်ချင်တယ်"

"အို. . ခေါ်ပေါ့ သမီးရဲ့. . အဟင်းဟင်း"

"အမေ သမီးကျောင်းသွားတော့မယ်"

"အေး. . သမီးလေး၊ ကားအတက်အဆင်း ဂရုစိုက်ကြလမ်းကိုလည်း ဂရုစိုက်ကူးနော်"

"ဟုတ်. ."

ရုတ်တရက်မို့လို့ ကျွန်တော်လည်း ငေးကြောင်ကြောင်ကြီးဖြစ်သွားတယ်။ နောက်မှ မယ်ကြည့်နောက်ကို ပြေးလိုက်သွားပြီးကြည့်တော့. . မယ်ကြည် ငိုနေတယ်။

"ဟင်. . ကောင်းပြီကောင်းရက်နဲ့ ဘယ်လိုဖြစ်တာလဲ"

"ရှင့်အမေကို ကျွန်မကို ပေးပါလားဟင်"

"ဟာ. ."

"တကယ်"



www.burmeseclassic.com

www.burmeseclassic.com



ခြံရှေ့က ကားဟွန်းသံကြောင့် ကျွန်တော်တို့စကား ပြတ်သွားကြတယ်၊ မြဘုန်းက ဝေဖြိုးကိုသွားကြိုပြီးမှ ကျွန်တော့်ဆီရောက်လာတာပါ၊ ကားထဲကနေ မြဘုန်းရောဝေဖြိုး မျက်လုံးပြူးကြီးတွေနဲ့ ခေါင်းပြူကြည့်နေကြပြီးမှ ဝေဖြိုးက အထိတ်တလန့်အသံနဲ့. . .

"ဟာ. . ဒါ. . ဒါ. . မယ်ကြည်လား"

"အေးလေ"

"ဟမ်. . ဒါ. . ဒါဆို မင်းတို့ ပွဲပြီးသွားပြီလား"

"မပြီးသေးဘူး အချိန်ပိုဆက်ကစားနေတာ"

"မဟုတ်ဘူးလေ. . အခု. . အခုက"

"အာကွာ. . သွား. . ထွက်. . မင်း ရှေ့မှာသွားထိုင် နောက်မှာ ငါတို့နှစ်ယောက် ထိုင်မယ်"

ဝေဖြိုး ရှေ့ခန်းပြောင်းပေးပြီး ကျွန်တော်တို့နှစ်ယောက် နောက်မှာဝင်ထိုင်ပြီးတဲ့အထိ မြဘုန်း အူတူတူနဲ့ လှည့်ကြည့်နေတုန်းလေ။

"မြဘုန်း"

"ဟေ"

"မောင်းလေကွာ"

"အာ. . အေး. . ငါတော့ အိပ်မက်ပဲထင်နေတာ၊ အေး အေး. ."

"မြဘုန်းရ ဒီလိုတော့လည်း တို့မယ်ကြည်လေးက တစ်ကယ်အပီလေးပါလားကွ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ. . ရင်တောင် ဖိုသွားတယ်"

ကျွန်တော် နောက်ကနေခေါင်းခေါက်ပစ်မှပဲ နှစ်ယောက်သား ပြီတီတီမျက်နှာတွေနဲ့ အသံတိတ်သွားကြတယ်။

မယ်ကြည်ကတော့ အဝေးကိုအကြည့်ပို့ပြီး ငြိမ်နေတယ်၊ တစ်လမ်းလုံး ကျွန်တော်ဘာမေးမေး ဘာပြောပြော ဘာမှကိုပြန်မပြောတော့ပဲ ငြိမ်လွန်းလို့ ကျွန်တော်တောင် နည်းနည်း စိုးရိမ်သွားတယ်။ ဒါပေမယ့်. . မေဂျာကင်နံ့တင်းရောက်လို့ ခြောက်ယောက်စုံတော့မှ. .

"ရှင် ဘောလုံးပွဲလိုက်ပြပေးပါလား"

"ဟေ. . ဘယ်ပွဲလဲ ဒီမှာဘာပွဲရှိလို့လဲ"

"မြန်မာ အက်ဖ်စီနဲ့ အက်တာစတား ကန်ကြမှာ"

"ဟမ်. . ဟုတ်လား သွားကြမယ်လေ"

ချိမ့်သဲပါကြွတက်လာပြီး အားပါလာလို့. . .

"နေပါဦး ဘယ်ကွင်းလဲ ဘယ်ချိန်လဲ"

"ဒီနေ့ညနေပွဲ ရန်ကုန်ယူနိုက်တက်ကွင်းမှာ"

ညနေပွဲဆိုတော့လည်း ကျောင်းဆင်းမှ သွားလို့ရတဲ့အတွက်. . .

"အိုခေလေ ဘောလုံးပွဲကြည့်ရမှ စိတ်ပျော်မယ်ဆိုရင် ငါလိုက်ပို့ပါ့မယ်"

"ဘာလဲကွ ငါတို့လည်း ဘောလုံးပွဲကြိုက်တာပဲ အားလုံးသွားမှာပေါ့"

"အေးလေ ဘယ်သူက မလိုက်နဲ့ပြောလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့မယ်ကြည်နဲ့ တစ်တွဲ၊ မင်းနဲ့ချိုခက်နဲ့ တစ်တွဲဆိုတော့ အိုခေ ချိမ့်သဲနဲ့ဝေဖြိုး တွဲလိုက်ကွာ ညနေ လစ်ကြမယ်"

ချိမ့်သဲ ထခုန်အော်ဟစ်နေလို့ မြဘုန်းနဲ့ဝေဖြိုးတို့ ရှုံ့မဲ့ပြီး နားပိတ်ထားကြတယ်။

ဘောလုံးသမားအစစ်တွေကန်နေတဲ့ ပွဲမဟုတ်ပေမယ့်လည်း ဘောလုံးပွဲချစ်ကြတဲ့ ပရိသတ်ရဲ့အားပေးမှုက တစ်ကယ်ကို လေးစားလောက်တယ်။ ရုပ်ရှင်နဲ့ ဂီတအနုပညာသည်တွေကန်နေကြဆိုတော့ တစ်ချို့ကလည်း မင်းသားကြည့်ချင်လို့ လာအားပေးကြတာလည်း ပါတယ်ခင်ဗျ။

ဒါပေမယ့်လည်း ကျွန်တော်တို့အုပ်စုက အမှန်အကန်အားပေးနေတယ်ဆိုတာ သိသာတယ်။ ကျွန်တော်၊ မယ်ကြည်၊ ချိုသဲတို့က မြန်မာအကက်ဖ်စီဘက်က ၊ မြဘုန်းဝေဖြိုး ချိမ်သဲတို့က အက်တာစတား . . ။

အားပေးချက်ကတော့ လန်ထွက်နေအောင် ဆူပွက်နေတာ ခင်ဗျ။

"ဆွဲထား ဆွဲထား . . ဟာ ဒီဖက်မှာ လွတ်နေတာ၊ ပေးလိုက်ပါတော့လား"

"အိုခေ . . ဖိုးချစ်ကွ . . ဖိုးချစ်၊ ကစ် . . ကစ်စမ်းဟာ"

"ဝေး . . ဟေး . . ပြေးပြေး . . "

ရှေ့ထွက်ခုန်ပေါက်ပြီး အားပေးနေတဲ့ မယ်ကြည့်ကိုကြည့်ပြီး ကျွန်တော်စိတ်ထဲမှာ ပြန်ပြောမပြတတ်တဲ့ နူးအလည်မှုတစ်ခုကို ခံစားလိုက်ရတယ် ချိမ့်ချိမ့်သဲလိုပဲ ဘောလုံးပွဲအားပေး



www.burmeseclassic.com

www.burmeseclassic.com



ရင်း ဘဝရဲ့မွန်းကြပ်မှုကို ဖောက်ခွဲပစ်နေသလား။

မယ်ကြည် ဘောလုံးပွဲကြိုက်တာ အဲ့ဒါကြောင့်ပဲလား. . လား. . လား. . ဆိုတဲ့ အတွေးတွေဟာ. . .။





www.burmeseclassic.com

www.burmeseclassic.com

ချစ်သူ

စကားမှုပို

တူနှစ်ကိုယ်ကြား

ခံစားချင်စွာ

ထွေးပွေ့ပါလည်း

အာပုပ်နံ့တော့ ကြောက်မိတယ်...။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

**အ**မှန်တော့ ကျွန်တော်ကိုယ်တိုင်လည်း ဘောလုံးပွဲကြည့်ရတာ နှစ်သက်တဲ့ သူတစ်ယောက်ပါပဲ။ ဒါပေမဲ့ မြဘုန်းတို့ နှစ်သက်ပုံနဲ့လည်း မတူသလို ချိမ့်ချိမ့်သဲနဲ့လည်း မတူပါဘူး. . ။ မယ်ကြည်နဲ့လည်း မတူပါဘူး။

တွေးကြည့်တာပါ. . . ။

မြဘုန်းကတော့ တကယ့်ဝါသနာရှင်လို့ ပြောနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်လည်း ကလေးဘဝကနေ ရှစ်တန်းကျောင်းသားအထိ ရပ်ကွက်ပွဲ ကျောင်းပွဲတွေအထိ ကန်ခဲ့တဲ့ ဆလက်ရှင်ခင်ဗျ။

ရှစ်တန်းအောင်ရင် အားကစားသိပ္ပံတက်ပြီး ဘောလုံးသမားကောင်းတစ်ယောက် ဖြစ်အောင်ကြိုးစားမယ်ဆိုတဲ့စိတ်နဲ့ ရည်ရွယ်ချက်ကြီးခဲ့သူပါ။ သို့သော်လည်း မြဘုန်းရဲ့ မိဘတွေက ပင်ပန်းတယ်၊ အခန့်မသင့်ရင် ကျိုးနိုင်ပဲ့နိုင်တယ်ဆိုပြီး. . အဲဒီအားကစားကို လုံးဝသဘောမတူလို့ မြဘုန်း ခြေထောက်တွေ ပင်စင်ယူလိုက်ရပြီး စိတ်နဲ့ပါးစပ်နဲ့ကန်နေရတာ ကြာပါပေါ့လား။

ဝေဖြိုးက တစ်မျိုးဗျ၊ သူက ဘောလုံးပွဲတစ်ပွဲကို ဘယ်အသင်းက နိုင်ချေရှိတဲ့ အသင်းဆိုတာ ခန့်မှန်းပြီး ကြည့်တဲ့သူ။ ဒီနေ့ဘယ်အသင်းမှာ ဘယ်သူပါတယ်. . ၊ ဘယ်သူက ဒဏ်ရာကြောင့် လိုင်းနပ်ထဲမှာမပါဘူး၊ အိမ်ကွင်းနဲ့အဝေးကွင်း အခြေအနေ၊ ပရိသတ်ကအစ ဒိုင်ကအစတွက်ပြီး. . ဘယ်သူရှုံးနိုင်တယ် ဆိုတာမျိုးပါ။

ဒီနေရာမှာ ချိမ့်ချိမ့်သဲကတော့ ရှင်းတယ်ခင်ဗျ၊ နောက်ပိုင်း ရင်းနှီးလွန်းမက ရင်းနှီးလာတော့ သူမကိုယ်တိုင် ဝန်ခံထားတာလည်း ရှိပါတယ်၊ ဘောလုံးပွဲဆိုတာ ငါ့ဘဝအတွက် စိတ်ဖိစီးမှုမှန်သမျှ အကောင်းဆုံး လျှော့ချလို့ရတဲ့နေရာပဲ၊ တစ်ပွဲစာလောက် ဖောက်ခွဲလိုက်ရင် အတော်ပေါ့ပါး သွားတယ်ဆိုပဲ၊ ချိမ့်ချိမ့်ကတော့သာမန်ပါ၊ ဘောလုံးပွဲနဲ့ပတ်သက်ပြီး. . မျက်စိအားနေလို့ကြည့်တာ ဆိုတဲ့ပရိသတ်ပါ။

ကျွန်တော်ကတော့ ဒီလိုကြည့်တယ်ခင်ဗျ။ ကစားပွဲတစ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်မှာ အသင်းသားအချင်းချင်းရော ပြိုင်ဘက်ကစားသမားတွေအပေါ်မှာ. . ဘယ်သူကဘယ်လောက် အားကစားစိတ်ဓာတ်အပြည့်နဲ့ ကစားခဲ့သလဲ။

ဂိုးသွင်းနိုင်ရင် နံမည်ကြီးတယ်ဆိုပြီး ကိုယ့်ခြေထောက်ထဲ ဘောလုံးရောက်တာနဲ့ အခြေအနေ ပေးပေးမပေးပေး ဂိုးထဲကန်ထည့်နေတဲ့ အတ္တတိုက်စစ်မှူးလား၊ ကိုယ်ကန်သွင်းလိုက်တဲ့ဂိုးဟာ ကိုယ့်အတွက်လား၊ အသင်းအတွက်လား၊ နှစ်ခုစလုံးအတွက်လား။

အသက်မရှူနိုင်လောက်အောင် ပင်ပန်းရတဲ့ ကစားနည်းနဲ့ ခက်ခက်ခဲခဲ သွင်းယူလိုက်ရတဲ့ ဂိုးတစ်ဂိုးဟာ ဘယ်လိုလေးနက်တဲ့အဓိပ္ပါယ်ကိုဆောင်မှ ပင်ပန်းရကျိုးနပ်တဲ့ အဖိုးတန်သွင်းဂိုးလည်း ဆိုတာမျိုးပေါ့။ ပြီးတော့ ကျွန်တော်က ဒိုင်လူကြီးကိုလည်း စိတ်ဝင်စားပါတယ်။

ဒိုင်လူကြီးဆိုတာအင်မတန် သမာသမတ်ကျတဲ့ ခုံသမာဓိတရားသူကြီးနဲ့ ဘာမှမခြားပါဘူး၊ သူ့ရဲ့ ဆုံးဖြတ်ချက် အတိမ်းအစောင်းဟာ အသင်းတစ်သင်းအတွက် ယူကျုံးမရတဲ့ နစ်နာမှုမျိုးကို သေချာပေါက်ပေးနိုင်တယ်ဆိုတော့ကာ ဒိုင်က သူသဘောကျတဲ့အသင်းဖက် ပါနေတယ်ဆိုရင် ကျွန်တော် အဲ့ဒီပွဲကို ဆက်မကြည့်တော့ပါဘူး။

မသေသေအောင် သတ်ခိုင်းနေတဲ့ ရောမခေတ်ကြီးထဲ ပြန်မသွားချင်တော့ပါဘူး. . ။

ကောင်းပြီ မယ်ကြည်က ဘယ်လိုပရိသတ် အမျိုးအစား



www.burmeseclassic.com

www.burmeseclassic.com



လဲ။ ဘာကြောင့် ချိမ့်သဲလို မိုးမမြင်လေမမြင် အားပေးချင်ရသလဲ။

ကျွန်တော့်အတွေးများ အဲ့ဒီနားလေးမှာကျောက်ချ ရပ်နားလိုက်ရတယ်။ ကျွန်တော့်လက်ကိုင်ဖုန်း အသံမြည်နေတဲ့အတွက် ကျွန်တော်ဆက်မတွေးတတ်တာကို ဖုန်းလာလို့ဆိုပြီး ဖုန်းကိုရမယ်ရှာလိုက်ရတယ်။

"ဟဲလို"

"........"

"သြော်. . . ချိမ့်သဲ၊ အင်း. . ပြော"

"........."

"ဘာဖြစ်တယ်"

"......."

"......."

"ပြော. . အင်း. . အင်း ငါနားထောင်နေပါတယ်"

".........."

"အေးဟာ. . ကျေးဇူးပဲ"

".........."

"စိတ်ချပါ ဒါပဲနော်"

ကျွန်တော်ဖုန်းပိတ်ပြီး ဆက်တွေးစရာ ရလာတယ်။ ဘာကြောင့် မယ်ကြည်ဖြစ်နေရသလဲ၊ ဒီလောက် ရင်းနှီးနေပြီး ဘာကြောင့်မသိတာလဲဆိုတာကတော့ ကျွန်တော် အတော်ညံ့ဖျင်းတာပဲလို့ အဖြေထွက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


"နင် အိမ်ထဲမဝင်သေးဘူးလား မိုးတွေအုံ့နေပြီ"

လှည့်ကြည့်လိုက်တော့. . မယ်ကြည်က ကျွန်တော့်ကို ကော်ဖီတစ်ခွက် လှမ်းပေးပြီး သူလည်းဝင်ထိုင်တယ်။ ကျွန်တော် ကော်ဖီမသောက်သေးပဲ သူမ တစိမ့်စိမ့်သောက်ပြီး ငြိမ်နေတာ ကို လှမ်းကြည့်ရင်း"

"နင်ငါ့ကိုပြောသင့်တယ်"

"ဘာကိုလည်း"

"ချစ်သူဆိုတာ တစ်ချိန်မှာဘဝ တစ်ခုတည်းဖြစ်လာမယ့် အားကိုးဖော်၊ တီးတိုးဖော်မဟုတ်ဘူးလားမယ်ကြည်"

"နင် ဘာတွေပြောနေတာလည်း"

အစကတည်းက အခြေအနေမှန်ကို ငါသိရမယ်ဆိုရင် နင့်ကိုအပြစ်မပြောရက်ပါဘူး ဒီလိုလည်း စိတ်ကောက်စိတ်ဆိုး ကြမှာမဟုတ်ဘူး၊ အဲဒီအပြင်ကို နင်စိတ်ချမ်းသာအောင် ငါအ များကြီး ကူညီနိုင်လိမ့်မယ်ထင်တယ်"

"ချိမ့်သဲပြောလိုက်ပြီလား"

"ဟင့်အင်း. . နင်ကိုယ်တိုင် ပြောတာကိုပဲ ငါသိချင်တယ်၊ ပြောပါ. . ."

ကျွန်တော် သူမကော်ဖီခွက်ကိုပါလှမ်းယူပြီး ကျွန်တော် နှင့်သူမကြားမှာ ကော်ဖီနှစ်ခွက် ယှဉ်လျှက်ချလိုက်တယ်။ အဲ့ဒီ နောက် သူမဆီက ပင့်သက်ရှိုက်သံကြားရပြီး. . .။

"ငါက မိဘမဲ့တစ်ယောက်ပါ။ ဖေဖေနဲ့မေမေတို့က သမီး မိန်းကလေး လိုချင်လို့ဆိုပြီး ငါ့ကိုလူမှုဝန်ထမ်းဌာနကနေ တရား


www.burmeseclassic.com

www.burmeseclassic.com



ဝင်ခေါ် ယူပြီး မွေးစားကြတယ်၊ ငါ့ကိုမွေးစားပြီး တစ်နှစ်ပြည့်တဲ့ အချိန်မှာပဲ မေမေဆုံးသွားတယ်. . ငါ့အရွယ်နဲ့ ငါ့အသိဉာဏ်က မမှတ်မိနိုင်သေးတဲ့ အရွယ်ကပေါ့၊ ရှိလှမှ (၂)နှစ်လောက် ထင်တာပဲ၊ ဒါပေမယ့် အဲ့ဒီအရွယ်လေးနဲ့ငါ့ကို မိသားစုတစ်ခုလုံးက ဂြိုလ်ဆိုးမ ဂြိုလ်ကောင်မဆိုပြီး စိတ်ခုနာကျည်းလာခဲ့ကြတယ်၊

ငါ့အစ်ကိုတွေက ပိုဆိုးတာပေါ့၊ အယူအစွဲကြီးတဲ့ အဖွားက နားရွက်တိုနဲ့ခြေနှစ်ချောင်း မကာယ်ကောင်းဘူး၊ ငါ့ကြောင့် သူ့သမီးဆုံးရတာဆိုပြီး အမုန်းပွားတော့. . . အစ်ကိုတွေလည်း အဖွားရဲ့စကားနဲ့ သံယောင်လိုက်ပြီး ငါ့အပေါ် မှာမုန်းခဲ့ကြတယ်၊ ဖေဖေကတော့ လူကြီးစိတ်နဲ့ အရာရာဖြည့်တွေးပြီး ငါ့အတွက် စဉ်းစားပေးခဲ့တယ်၊ ငါ့အိမ်မှာ ဖေဖေ့ဒရိုင်ဘာ လင်မယားနဲ့ ဖေဖေသာ မရှိတော့ရင် ငါလည်း ဘဝပျက်ပြီ၊

အစ်ကိုအလတ်က ကျောင်းသွားရင် ငါ့ကို ရေကန်ထဲ တွန်းချဖူးတယ်၊ အစ်ကိုငယ်က ငါရသမျှမုန့်ဖိုး အကုန်သိမ်းတယ်၊ အစ်ကိုကြီးက မူးမူးနဲ့ ငါ့ကိုကြံစည်တဲ့အထိ ကြိုးစားခဲ့တယ်၊ ငါ့ဘဝတစ်လျှောက်လုံး အဲ့သလိုအန္တရာယ်တွေနဲ့ ထုသားပေသားကျပြီး ကြီးပြင်းလာခဲ့ရတော့ ငါ့စိတ်ကိုငါကိုယ်တိုင်မဖော်ဖြေရင် ငါ လူ့ဘဝကြီးမှာ မနေသင့်တော့တဲ့ မိန်းမတစ်ယောက်ဆိုတာ ငါနားလည်လာတယ်၊

ဖေဖေကတော့ ငါ့ဘက်က အမြဲလို ကာကွယ်ပေးခဲ့တယ်၊ အရွယ်ရောက်လာတာနဲ့အမျှ ဖေဖေ့ရဲ့ရပ်တည်မှုက ငါ့ဘက်မှာပိုနေတော့ အစ်ကိုတွေရဲ့ အမုန်းတရားက ပိုပြီးပြင်းထန်



www.burmeseclassic.com

www.burmeseclassic.com



သာတယ်၊ ငါသုံးဖို့ ကားတစ်စီးဝယ်ပေးလိုက်တဲ့နေ့က အိမ်မှာ သားအဖတွေ ပြဿနာတက်ကြတယ်၊ အခုလည်း ငါ့ကားကို အစ်ကိုလတ်က ခတ်ပြောင်ပြောင်ပဲရောင်းပစ်လိုက်တယ်၊ ဖေဖေနဲ့ အကြီးအကျယ်စကားများကြတယ်၊ အဲ့ဒီတော့ ငါအဲ့ဒီမှာ ဆက်ပြီးနေသင့်သလားဆိုတာ စဉ်းစားကြည့်ပေ့ါ၊

ငါလည်း ချိမ့်သဲလိုပါပဲ. . ဘောလုံးပွဲတစ်ပွဲဟာ သေသောက်တဲ့ မွန်းကြပ်မှုနဲ့ ငါ့စိတ်ကို အကောင်းဆုံးလျှော့ချဖေါက်ခွဲပစ်နိုင်တဲ့ နေရာတစ်ခုပဲ၊ ဝန်ခံရရင် ငါ နင်နဲ့ချစ်သူဖြစ်ရတာ စိတ်ချမ်းသာတယ်. . ပျော်တယ်၊ ဟင်းလင်းပွင့်နေတဲ့ ငါ့ဘဝကြီးမှာ တစ်ခုတည်းသောအားကိုးရာအဖြစ် ခင်တွယ်ခဲ့မိတယ်၊ မမျှော်လင့်ပဲ နင့်ဆီကဒေါသတွေ အပြစ်တင်မောင်းမဲမှုတွေ ရလိုက်တော့ ငါအရမ်းဝမ်းနည်းပြီး စိတ်ရောလူပါ လွတ်ထွက်သွားတယ်၊ အိမ်ရောက်တော့ အစ်ကိုကြီးက တစ်ခါ ငါ့ကိုပြဿနာရှာလာလို့ ငါသူ့ခေါင်းကို သူသောက်တဲ့ပုလင်းနဲ့ ရိုက်ခွဲပြီး အိမ်ကထွက်လာခဲ့တာပဲ. . အဲ့ဒါအကုန်ပဲ”

ဒီတစ်ခါ ပင့်သက်ရှိုက်မိတာကျွန်တော်ပါပဲ။

သနားစရာကောင်းတဲ့ ချစ်သူရဲ့ဘဝကို တစ်သက်လုံး ရင်ခွင်ထဲထည့်ထားတော့မယ်လို့ ကျွန်တော် တစ်ထိုင်တည်းဆုံးဖြတ်ပြီး သူမရဲ့ လက်ဖဝါးလေးတွေ လှမ်းဆုတ်ယူလိုက်တယ်။ ပြီးတော့ သူမဖက် အသာတိုးကပ်ပြီး သူမပုခုံးလေးကို ဆွဲယူပွေ့သိမ်းထားလိုက်တယ်။

“အား. . ပူတယ်“



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီခွက် မှောက်ပြီး သူမထအော်ပစ်လို့ အဖေရော အမေပါ အိမ်ထဲက ပြေးထွက်လာကြတယ်။

ဩော်..ငါ့နှယ်..။

ꩤ ꩤ ꩤ ꩤ



www.burmeseclassic.com

www.burmeseclassic.com



**တံ**ငါနားနီးတံငါ . . မုဆိုးနားနီးမုဆိုး ဆိုတာပဲလား . . ပုဂ္ဂိုလ်ခင်လို့ တရားမင်တာပဲလား။ သေချာတာတော့ ကြည်လင်မြမြ စိတ်ဝိညာဉ်ဟာ အမေ့အပေါ် မှာ မှီတွယ်လွှန်းနေတာပါပဲ။ အမေ့ရဲ့ မျက်နှာရိပ်မျက်နှာကဲကို ကျွန်တော့်ထက်တောင် ပိုဖတ်တတ်သလားလို့တောင် တွေးမိပါတယ်။ မိုးလင်းမိုးချုပ် တမေမေနဲ့ ကျွန်တော်တောင် နည်းနည်းအမြင်ကပ်လာတယ်ခင်ဗျ။

အမေကလည်းဂရုစိုက်တယ်၊ မယ်ကြည်နဲ့ အတူဈေးသွား၊ မယ်ကြည် ကြိုက်တတ်တာတွေ ဝယ်လာ . . ချက်ကျွေးနဲ့ အတွဲမိနေတာများ . . သားအမိအရင်းတွေလားလို့တောင် . . အောက်မေ့ရပါတယ်။ ဝတ်စားဆင်ယင်မှုပုံစံကအစ အမေဆင်ပေးပြီး အမေ့စိတ်ကြိုက်နေလာတော့ တစ်ကယ့်ကို လှယဉ်ကျေးမယ်ဖြစ်လာလေလေ ချွေးမချောလေးလိုချင်တဲ့ အမေ့ကော ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ကိုတွန်းလေလေပါပဲ. . .။

"မင်း ဘယ်လိုလည်းကွ လူလေးရ၊ အဆင်မပြေသေးဘူးလား"

"သားလည်း ကြိုးစားတာပဲ အဖေရ"

"ဟာ. . အတော်ညံ့တဲ့ကောင်ပါလားကွဟေ"

"ဩော်. . မညံ့လို့ အိမ်ရောက်အောင် ခေါ်လာတာပေါ့အဖေရဲ့"

"အေးကွာ မင်းအမေကလည်း အလွတ်ကိုမပေးတာ"

"သားရေ ကျောင်းသွားချိန်နီးပြီလေ"

မီးဖိုခန်းထဲကနေ အမေအသံပေးလိုက်လို့ အဖေမျက်မှန်ပြောင်းပြန် ကောက်တတ်ပြီး သတင်းစာလှမ်းဆွဲကြည့်တယ်။

"အင်း. . ငါတောင် မျက်စိတွေ အတော်အားနည်းသွားပါလား"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



မိုးရာသီက နှုတ်ဆက်နေပြီဖြစ်လို့ ကျွန်တော်တို့ စာမေးပွဲဖြေဖို့ အရမ်းကိုနီးကပ်နေပြီဆိုတာ သတိမေ့နေရင်တောင် မိုးချိမ်းသံကြီးတွေက သတိပေးနေကျပါ။

မေဂျာချိန်ပြီးတော့ ကျွန်တော်နဲ့မြဘုန်းတို့ ကင်န်တင်းဘက်ထွက်လာကြရင်း ဝေဖြိုးက. . .

"မင်းကောင်ကြီးတော့ ငြိနေပြီကွ ခိုင်မြရ"

"ကောင်းတယ်. . အိမ်သာရှိရက်နဲ့ ခြုံတိုးချင်တဲ့ကောင်"

"အဲ့ဒါမဟုတ်ဘူး. . ချိုခက်နဲ့"

"ဟမ်. . ငွတ်ကုန်ကြပြီလား"

မြဘုန်း မှုန်သိုးသိုးနဲ့ ဝမ်းချုပ်နေတဲ့ ဆင်ကြီးလို လျှောက်နေလို့ ကျွန်တော်တို့ မျက်စပစ်ပြီး ရယ်ကြတယ်။ အဲ့ဒီနောက်မှ မြဘုန်းက. . .

www.burmeseclassic.com



"ငါတော့ ရေတိမ်နစ်တော့မယ် ထင်ပါရဲ့ကွာ"

"အောင်မာ. . ဟန်ဆောင်မနေစမ်းပါမဲ့ကွာ၊ ချိုခက် လောက်ရတာပဲ တော်လှပြီ"

"မင်းတို့. . အညွန့်တုံးစကား သိပ်ပြောကြပါလားကွ. . ဟေ"

မြဘုန်း မကျေမနပ်နဲ့ ပြန်အော်နေခိုက်မှာပဲ ချိုခက်တို့ အုပ်စု နောက်ကပြေးလိုက်လာကြပြီး ချိမ့်သဲက. . .

"ဒါမျိုးလစ်ထွက်လို့ရမလား. . ဟင်း၊ ယောက်ျားတွေ များ ခုချိန်ကတည်းက လစ်ထွက်ဖို့ ကြံစားနေကြတာ၊ ဟဲ့. . ဆွဲထား"

ချိမ့်သဲ စကားဆုံးတယ်ဆိုရင်ပဲ ချိုခက်က မြဘုန်းလက် မောင်းကြီး ခိုးစီးထားလိုက်တယ်။ ပြီးမှ. . .

"ချိမ့်သဲ. . လုပ်လေ"

ဘာတွေဘယ်လို တိုင်ပင်ထားတယ် မသိဘူးခင်ဗျ. . ချိမ့်သဲက ဝေဖြိုးလည်ပင်းကို သူမလက်မောင်းကြီးနဲ့ ဝင်ချိပ်ဆွဲပြီ လျှောက်လို့ ဝေဖြိုးခမျာ သွားကြားညှပ်သလို ယက်ကန်ယက်ကန် လေး ပါသွားတယ်။ ချိမ့်သဲက. . .

"နင်ကများ ငါ့ကိုစာပေးတယ် ဟုတ်လား"

"ဘာ. . ဟာ. . မဟုတ်ကဟုတ်က"

"ဟဲ့. . မယ်ကြည်. . ငါ့လွယ်အိတ်ထဲကရတဲ့စာ ပြ လိုက်စမ်း"

မယ်ကြည် ပြုံးစစနဲ့ စာရွက်တစ်ရွက်ကို ထုတ်ဖြန့်ပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဆော့ပင် စာလုံးအကြီးကြီးတွေ ရေးထားတာခင်ဗျ။

တစ်ထုံးတစ်ခါကြီးကို ချစ်လိုက်ချင်တော့တယ် ချိုမြိုင်ရယ်...

"အာ. . အဲ့ဒါ ငါ့လက်ရေးမဟုတ်ဘူး"

"မဟုတ်လည်း နင်ကိုယ်တိုင် ငါ့လွယ်အိတ်ထဲ လာထည့်တာလေ"

"ဘာ. . ဟာ. . "

"ဟဲ့အကောင် ငါ ဆွဲညှစ်ပစ်လိုက်လို့ နင့်ခေါင်းက ဝက်ခြံထွက်သလို ထွက်သွားမယ်၊ ဟောမှာ. . နမူနာ"

"အား. . . "

"မှန်မှန်ပြော ငါ့မှာ လူသက်သေ ပစ္စည်းသက်သေ အားလုံးရှိတယ်"

"ငါ. . အ. . မဟုတ်. . အား. . လား. . လား"

"ဝန်မခံဘူးလား"

"ငါမှ. . အား"

"ဝန်ခံစမ်း"

"အား. . နာတယ်ဟ"

"ဝန်ခံလေ"

"အား. . အား. . အေး. . အေး"

"ဘာအေးတာလဲ၊ နင်မဟုတ်လား"

"အား. . အေး. . ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com


"နင် ငါ့ကိုနောက်တာလား၊ တကယ်ချစ်လို့လား"

"ဘာလို့ချစ်ရမှာလဲ"

"ဘာ. . ဒါဆို နောက်တာပေါ့၊ သေပေတော့"

"အား. . အား. . တကယ်ချစ်တာ"

"သေချာတယ်နော်"

"အား. . သေတော့မယ်. . အား"

"အိုကေ ဒီနေ့ကပြီး နင်နဲ့ငါ ရည်းစားဖြစ်ပြီ၊ ငါက နင့်အ ချစ်ကို သူငယ်ချင်းတွေရှေ့မှာ သက်သေထားပြီး လက်ခံလိုက်ပြီ"

"အား. . အေး. . အေးပါ"

"သစ္စာဖောက်လို့ကတော့ သေပြီမှတ်. . သွား"

ချိမ့်သဲ လွှတ်ပေးလိုက်တယ်ဆိုရင်ပဲ ဝေဖြိုးခမျာ ပျော့ခွေ ပြီး ဖင်ထိုင်ကျသွားတယ်။ ဒါကို မြဘုန်းကြည့်ပြီး တခိခိ ရယ်နေ လို့ ကျွန်တော် မြဘုန်းကို မေးလိုက်တယ်။

"အဲ့ဒါ မင်းလက်ချက်လား မြဘုန်း"

"အေးလေကွာ ခုမချစ်လည်း နောက်ချစ်လာလိမ့်မယ်၊ ယူထား အဖတ်တင်တယ်ဆိုတာ ဒီကောင် ငါ့ကိုပြောခဲ့တဲ့ စကား လေကွာ၊ ဒီကောင်က ငါ့ထက်တောင်သာသေးတယ်၊ ငါက အ ဖတ်သေးလေးပဲတင်တာ၊ ဒီကောင်က အဖတ်ကြီးကွ၊ ဟား. . ဟား. . ဟား. . ဟား. . "

အဲ့ဒီအချိန်မှာပဲ ပြဿနာက ကျွန်တော့်ဖက် လှည့်လာ တယ်။ ချိမ့်သဲက မြဘုန်းကို နားရင်းအုပ်ပစ်လို့ မြဘုန်းအရယ် ရပ်ပြီး ကြည့်မှ. . .


www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါ နင်နဲ့ငါ ပူးပေါင်းစစ်ဆင်ရေးလုပ်မယ်"

"အင်း. ."

"နင်က မယ်ကြည်ကို ဖက်ထား၊ ငါက ခိုင်မြကို ဖက်ထားမယ်၊ သူတို့နှစ်ယောက် ပြန်မချစ်မချင်း မလွှတ်နဲ့"

"ဟမ်. . ."

မြဘုန်း နှုတ်ခမ်းတွေ လျှာနဲ့သပ်နေလို့ ကျွန်တော်အသည်းယားသွားပြီး မယ်ကြည်ကို ဆွဲပြေးပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူရဲ့အနမ်း
ပျားရည်ဆမ်းသို့
ချိုလျှမ်းဖွေးအိ
အေးမြကြည်စင်
ပိပြင်တုန်လှိုက်
ရင်ထဲခိုက်လည်း
လမိုက်တဲ့ည
ဆုံခဲ့ရ၍
တစ်ဘဝစာ
တစ်ညတာနှင့်
သေချာလက်တွဲ
မြဲနိုင်ဖို့ကြံ
မိုးသောက်ယံမှ
သိလိုက်ရသည့်
မြမြကြည်ကြည့်
ပပဝတီမှာ(ပါဘာဝတီ)
ရယ်စရာကောင်း
ရှေ့သွားနှစ်ချောင်းကျိုးနေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

ရက်သတ္တပတ် နှစ်ပတ်ဆိုတဲ့ အချိန်ကာလက ကျွန်တော်တို့အားလုံး စိတ်အာရုံတစ်ခုတည်းမှာ စုစည်းထားစေတယ်၊ အဲ့ဒါကတော့ စာမေးပွဲမှာက နောက်ဆုံးနှစ် စာမေးပွဲလည်းဖြစ်လို့ အားလုံးကြိုးကြိုးစားစား ဖြေဆိုကြရင်း တက္ကသိုလ်နယ်မြေကို အလှဆုံး နှုတ်ဆက်လိုက်ကြတယ်။

နောက်ဆုံးဘာသာရပ်ဖြေဆိုပြီး လွတ်ထွက်လာတဲ့စိတ်တွေနဲ့ ကျွန်တော်တို့ခြောက်ယောက် နေ့တစ်ပိုင်းစာလောက် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှိလက်ရှိ လျှောက်သွားပစ်လိုက်တယ်။ မြဘုန်းရဲ့ကားလေးက ကျွန်တော်တို့ခြောက်ယောက်အတွက် ကွက်တိပါပဲ။

ညနေစောင်းတော့ ဂိမ်းစင်တာတစ်ခုမှာ ဝင်မွှေပြီး ပြန်ဆင်းအလာ မြေညီထပ် လျှပ်စစ်လှေကားထိပ်မှာ ကြည်လင်မြင့်ကို လူတစ်ယောက်က ခပ်တင်းတင်း ဖမ်းဆုပ်ဆွဲခေါ်သွားတယ်။

"လွှတ်. . လွှတ်. . နော်. . ကိုလေး လွှတ်"

ကျွန်တော် ကြောင်ပြီးရပ်ကြည့်နေတုန်း. . မြဘုန်းက နောက်ကနေ တွန်းလွှတ်လို့ သတိဝင်ပြီး ပြေးလိုက်သွားတယ်။

"ဟေ့လူ ဘာလုပ်တာလဲ လွှတ်စမ်း"

ကျွန်တော်ပြောတဲ့အတိုင်းပဲ သူမကို လွှတ်လိုက်တယ်။ ဒါပေမယ့် ကျွန်တော့်မျက်နှာကို ဖြောင်းခနဲမြည်အောင် ဖြတ်ရိုက်ချလိုက်လို့ ကျွန်တော်လည်း ပုံခနဲ ပစ်လဲကျသွားတယ်။

အဲ့ဒီအချိန်မှာ မြဘုန်းက ခုန်အုပ်ကာ ဝင်ချုပ်ပြီး ချိမ့်သဲက ပယ်ပယ်နယ်နယ် ထိုးကြိတ်ပါတော့တယ်။

အခြေအနေက အတော့်ကို ရှုပ်ထွေးပြင်းထန်ကုန်လို့ စင်တာလုံခြုံရေးတွေ အပြေးရောက်လာပြီး ကျွန်တော်တို့အားလုံးကို လုံခြုံရေးရုံးခန်းထဲ ခေါ်သွင်းလိုက်ကြတယ်။

"မင်းက ဘာကြောင့် ဒီမိန်းကလေးကို ဆွဲပြေးတာလဲ"

"သူက ကျွန်တော့်ညီမပါ။ အိမ်ကနေ ပျောက်သွားတာ ရက်အတော်ကြာနေပြီ၊ ဖေဖေလည်း သူ့ကြောင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်နေပြီဗျ၊ အဲ့ဒါကြောင့် အိမ်ကိုပြန်ခေါ်သွားမလို့"

"ဟုတ်သလား. . မိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်မြမြ မငြင်းနိုင်ဘဲ ငြိမ်နေတဲ့အတွက် ဒါအမှန်ပဲဆိုတာ လုံခြုံရေးမှူးက ယူဆပြီး ဟိုလူဆီက ယူထားတဲ့ လိပ်စာအတိုင်း သူမတို့အိမ်ကို ဖုန်းခေါ်လိုက်တယ်။ ထိုအခါမှ သူမက

"အိမ်. . အိမ်ကို ခေါ်နေတာလား၊ ကျွန်မ ပြန်မလိုက်ဘူးနော်. . ဒါပဲ"

"ငါတို့က ဝတ္တရားအတိုင်း ဆောင်ရွက်တာပါ၊ ဒီလိုဖြေရှင်းပေးတာ မကြိုက်ရင် သက်ဆိုင်ရာရဲဌာနကို လွှဲပေးပါ့မယ်"

ဆိုတော့ကာ မြဘုန်းနဲ့ ချိမ့်သဲတို့ မျက်လုံးတွေ ပြူးကုန်လို့သူမ အသာငြိမ်နေလိုက်ရတယ်။ မြဘုန်းတို့ လက်ဆပြင်းချက်ကဟိုတစ်ယောက်ရဲ့မျက်နှာမှာ သပြေသီးကြီးဖြစ်နေပြီ မဟုတ်သား။

တစ်နာရီလောက်တော့ ကြာမယ်ထင်တယ်၊ လုံခြုံရေးအခန်းထဲကို ဦးလေးကြီးတစ်ယောက် ဝင်လာပြီး ကြည်လင်မြမြကို ဆွဲယူပွေ့ဖက်ထားလိုက်တယ်။

"သမီးရယ် ဖေဖေစိတ်ပူလိုက်ရတာ"

ထိုအခါ သပြေသီးမျက်နှာနဲ့ ပုဂ္ဂိုလ်က. . .

"ဖေဖေ့ကို သား အဲ့ဒါကြောင့် တင်းတာ၊ ဒီမှာကြည့်ဦးသူ့ကြောင့်ရတဲ့ဒဏ်ရာ. . ဒါတောင် ဖေဖေက အဲ့ဒီဟာလေးပဲသား. . ."

ဒီတော့မှ ဦးလေးကြီးက. . .

"ဘယ်လိုဖြစ်ရတာလဲ ဒါဏ်ရာက များလှချည်လား"

"ဟိုဝတုတ်ကြီးနှစ်ယောက် ဝိုင်းကြိတ်တာဗျ၊ သား လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ဘူး"

ထိုစဉ် ချိမ့်သဲက. . .

"မကျေနပ်လည်း သေလိုက်လို့ရတယ်ဟဲ့. . ၊ နင် ဘာလို့ မပြောမဆိုနဲ့ ငါ့သူငယ်ချင်းကို ဆွဲပြေးတာလဲ၊ နင်ဘာလို့ အရှင် စပြီး ရိုက်သလဲ"

"ဟုတ်တယ်ဖေဖေ. . သူတို့က သမီးသူငယ်ချင်းတွေပါ ဒီနေ့စာမေးပွဲပြီးလို့ လျှောက်လည်ကြတာ၊ ကိုလေးက ရုတ်တ ရက် ဆွဲပြေးတော့ သူတို့က သမီးအတွက် ဝင်ကူကြတာပါ"

"အေးပေါ့ အဲ့သလိုဆိုမှတော့ ဖြစ်ပြီပေါ့ကွ၊ ကဲ. . ကဲ. . အပြန် ဆေးခန်းတစ်ခါတည်းဝင်မယ်၊ ဟိုကလေးတွေလည်း အိမ် ပြန်ကြတော့"

"သမီး ပြန်မလိုက်တော့ဘူး ဖေဖေ"

"ဟင်. . "

ဦးလေးကြီး အတော့်ကို လန့်ဖျပ်သွားပြီး ကျွန်တော့်ကို ပြူးပြဲကြည့်နေလို့ ကြည်လင်မြမြက. . .

"သူ့နာမည်က ခိုင်မြဲပါ၊ သမီးနဲ့ မေဂျာတူ အတန်းတူပါ လောလောဆယ် သမီးတို့ သူ့မိဘတွေနဲ့ပဲ အတူနေကြတယ် အခု ကျောင်းပြီးပြီဆိုတော့ သမီးတို့ အလုပ်လုပ်ကြမယ်၊ ကိုယ့် ဘဝ. . . "

"တော်တော့သမီး"

"ဖေဖေ. . မဖြစ်ဘူးနော်၊ သမီး မလိုက်ဘူး"

"ကောင်းပြီလေ သမီးရွေးချယ်ပါ၊ အခု ဖေဖေနဲ့ သမီး



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေ အဆက်အသွယ်ရထားပြီ၊ သူတို့လည်း သမီးကို ပြန်ရှာဖို့ ပြည်ပကနေ ပြန်ရောက်နေကြတယ်၊ အဲ့ဒီတော့ သမီးမိဘတွေနဲ့ ပြန်တွေ့မလား. . နေခဲ့မလား၊ သမီး ကြိုက်တာဆုံးဖြတ်ပါ"

ဆိုတော့ကာ ကျွန်တော်တို့အားလုံး သူမဆီ အကြည့်ရောက်ပြီး ကိုယ်စီ တူညီတဲ့ အတွေးတွေနဲ့ တစ်စုံတစ်ခုပြောဖို့ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြတယ်။ အဲ့ဒါကြောင့် ကျွန်တော်ကပဲ. .

"လိုက်သွားလိုက်ပါ မယ်ကြည်၊ သားသမီးအတွက် မိဘဆိုတာ တစ်သက်စာခွန်အားပါ၊ တစ်ခါလောက်ပဲဖြစ်ဖြစ် တွေ့ကြည့်လိုက်ပါ"

"ဟုတ်တယ် မယ်ကြည်၊ နင်တွေ့သင့်တယ်"

"အေးဟာ. . ငါလည်း အဲ့ဒီအတိုင်း ဖြစ်စေချင်တယ်၊ ငါတို့က အချိန်မရွေး ပြန်ဆုံနိုင်တာပဲ"

ကျွန်တော် မြင်ဖူးသမျှထဲမှာတော့ သူမရဲ့ ဒီမျက်ဝန်းလေးကို ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါဘူး။

နူးညံ့သိမ်မွေ့ခြင်း၊ တိုးလျှိုးတောင်းပန်ခြင်း၊ ချစ်ရိပ်ချစ်ငွေ့တွေ လွဲခိုညှိအိခြင်း. . . စတဲ့ အဓိပ္ပါယ်တွေနဲ့ ဝန်းဖွဲ့နေတဲ့ အကြည့်ဆိုတော့ကာ ကျွန်တော် သူမလက်ကလေးကို ဖွဖွဆုပ်ပြီး နှစ်သိမ့်လိုက်တယ်။

"ငါတို့ သေချာပေါက် ပြန်ဆုံကြမယ်"

"အင်း. ."

ꩤ ꩤ ꩤ ꩤ



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . သမီး ဘယ်ကျန်ခဲ့လဲ"

ညည့်ခန်းထဲလှမ်းဝင်လိုက်တယ်ဆိုရင်ပဲ ကျွန်တော်မျှော်လင့်ထားတဲ့ ပထမဦးဆုံးမေးခွန်းကို စပြီးလက်ခံရရှိပါတယ်။ ဘာမှမဟုတ်တဲ့ အချိန်ကာလလေးဆိုပေမယ့် အမေနဲ့မယ်ကြည်ရဲ့ကြားမှာ အင်မတန်သိမ်မွေ့တဲ့ သမုဒယပေါင်းစည်းမှုတွေ အခိုင်အခန့်ဖြစ်ထွန်းခဲ့ပြီမဟုတ်လား။

နဂိုကမှ သမီးမိန်းကလေး လိုချင်နေတဲ့အမေဟာ မယ်ကြည့်ကို မြင်မြင်ချင်း. . ဘာမှမရွေးချယ်နိုင်၊ မကန့်ကွက်နိုင်ဘဲ လက်ခံခဲ့တာကြည့်ရင် သိပါတယ်။ မီကောင်းဖခင်တို့ရဲ့ ဝတ္တရားအတိုင်း ဆောင်ရွက်စီမံတာလည်း တစ်ပိုင်းပေါ့. . .။

"သား အမေမေးနေတယ်လေ ကြည်လင်မြမြချောလို့"

ကျွန်တော့်မျက်နှာမကောင်းတာကြောင့် အမေပိုပြီး စိုး



www.burmeseclassic.com

www.burmeseclassic.com



နိမ်နေတဲ့ပုံပါ။

"သူ့အဖေနဲ့တွေ့လို့ ပြန်ခေါ်သွားပြီး အမေ. ."

"ဟင်. ."

အမေ ရုတ်တရက် ဘာမှပြန်မပြောနိုင်ဘဲ ငိုင်ကျသွားပါတယ်။ ခဏကြာမှ. .

"ဘယ်လိုတွေဖြစ်ကြတယ်ဆိုတာလည်း အမေ့ကို သေချာရှင်းပြပါဦးသားရယ် အမေရင်တွေတုန်လိုက်တာ. ."

"သား သံပုရာရည်တစ်ခွက်လောက် သောက်ချင်တယ်"

"အေး အမေဖျော်ပေးမယ်၊ လာ. . လာ. . ဒီမှာခဏထိုင်ပြီး နားလိုက်ဦး. ."

အမှန်တော့ အမေမေးတာကို ဘယ်လိုဖြေသင့်တယ်ဆိုတာ စဉ်းစားဖို့ ကျွန်တော်အချိန်နည်းနည်းယူလိုက်တာပါ ပရိသတ်ကြီးရယ်။ ကျွန်တော်လည်း ဒီလောက်လွယ်တဲ့ အခြေအနေလေးကို ဒီအတိုင်းဘယ်လိုပြောပြော ရပါတယ်. . ။ ဒါပေမယ့် အပြန်လမ်းတစ်လျှောက်လုံး တွေးလာတာ အတွေးက တော်တော်နက်နေပြီ. . ။

မယ်ကြည့်မွေးစားအဖေက မယ်ကြည့်ရဲ့ မိဘအရင်းတွေနဲ့ တွေ့ပြီးဆိုတာ တကယ်ရော ဟုတ်ရဲ့လား. . ၊ တကယ်ပဲဟုတ်နေသလား. . ၊ အကယ်၍များ သူ့မိဘအရင်းတွေက ပြန်ခေါ်သွားတော့မယ်ဆိုရင် ဘယ်လိုလုပ်ကြမလဲ. . ၊ ပြည်ပမှာနေတာဆိုတော့ ပြည်ပကိုထွက်သွားရင် သေပြီ။

ငါတို့ သေချာပေါက်ပြန်ဆုံကြမယ် ဆိုတဲ့စကားတတိက



www.burmeseclassic.com

www.burmeseclassic.com



ငါတို့နှစ်ယောက်ဖက်မှာ တကယ်ပဲရှိနိုင်ပါ့မလား။ လောလော
ဆယ် မယ်ကြည်နဲ့အဆက်အသွယ်လုပ်နိုင်ဖို့က အဓိကဆိုတော့

"သားလေး ရော့. . ဒီမှာ ဖြည်းဖြည်းသောက်နော်သား"

"ဟုတ်ကဲ့အမေ"

"ဟဲ့ဟဲ့. . သား သီးကုန်မယ်လေ. ."

ကျွန်တော်ယူပြီး တစ်ခွက်လုံးကုန်အောင် ဆက်တိုက်
မော့ချပြီး ကုန်မှပဲ ဖန်ခွက်ကိုပြန်ချလိုက်တယ်။ ဒါလည်း ကျွန်
တော့်ရင် မီးမငြိမ်းပါဘူး. .။ အဲ့ဒီနောက်တော့ အမေသိချင်တဲ့
အကြောင်းအရာကို ဖြည်းဖြည်းချင်းပြောပြလိုက်ပါတယ်. .။

"ဒါက. . လတ်တလောပြဿနာပါအမေ. .၊ တကယ့်
ပြဿနာအရင်းခံက မယ်ကြည်ဟာ မွေးစားသမီးပါ၊ အခု သူ့မိဘ
အရင်းတွေက ပြည်ပကနေ ရောက်လာပြီး အဆက်အသွယ် လုပ်
နေကြပြီ. .၊ သားအထင်တော့. . မယ်ကြည့်ကိုတွေ့တာနဲ့ ပြန်
ခေါ်သွားဖို့ သေချာပေါက် လောဘတက်ကြမှာပဲ. ."

"အဲ့သလောက်မလွယ်ဘူးလေသားရဲ့၊ အခုရှိတဲ့မွေးစား
မိဘတွေက ဘယ်မှာအလွယ်တကူ ထည့်ပေးနိုင်မလဲ. ."

"ထည့်ပေးနိုင်တဲ့အကြောင်းတွေရှိတယ်အမေ. ."

"ဟေ. ."

အဲ့ဒါနဲ့ပဲ အမေသဘောပေါက်နားလည်အောင် မယ်
ကြည်ရဲ့ဘဝတစ်ခုလုံး ကျွန်တော်သိထားသလောက် ချပြလိုက်
တယ်။

"ဘုရားရေ. . သနားစရာကောင်းလိုက်တဲ့ကလေး၊ ငါ့



www.burmeseclassic.com

www.burmeseclassic.com



နဲ့ယ်. . ဒုက္ခပါပဲ. . ”

“လက်ရှိမွေးစားအဖေလည်း မယ်ကြည့်အပေါ်မှာ ဖခင်ကောင်းပါ. . တာဝန်ကျေပါတယ်၊ အဲ့ဒါကြောင့်လည်း သားပြန်ထည့်ပေးလိုက်တာပါ. . ၊ ဒါပေမယ့် သားသူ့ကို မဆုံးရှုံးချင်ဘူး အမေရယ်. . သားဘယ်လိုလုပ်ရမလဲ. . ”

“နေဦးလေသား၊ သားအဖေပြန်လာရင် အမေတို့ တိုင်ပင်ကြတာပေါ့၊ အမေလည်းဘာမှမသိဘဲနဲ့ ကလေးမလေးကို ဒီအတိုင်းချစ်ခဲ့တာပါ၊ မင်းအဖေလည်း အဲ့ဒီကလေးမကို ချစ်တာပါပဲ. . ၊ ပြန်လာလို့သိသွားရင် စိတ်မကောင်းဖြစ်ဦးမှာပဲ. . ၊ သားလည်း စိတ်အထိခိုက်မခံပါနဲ့. . ၊ သားအဖေပြန်လာတော့ တိုင်ပင်ပြီး အမေတို့ အကောင်းဆုံးကြိုးစားကြတာပေါ့. . ဟုတ်ပြီလား. . ”

“ဟုတ်. . ”

“အေး. . အေး. . စိတ်အပန်းပြေအောင် ရေချိုးလိုက်ပါလားသား. . ”

“ဟုတ်ကဲ့ အမေ. . ”

ကဲ. . မယ်ကြည်ရေ. . ငါတို့မိသားစုက နင့်ကို မေတ္တာတရားအပြည့်နဲ့ အလိုရှိနေပြီဆိုတာ နင်သိခွင့်ရစမ်းပါ. . ၊ ငါတို့ကံတရားကို ငါတို့ဘာသာ ဖမ်းဆုပ်ကြရအောင်ဟာ. . ။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



ဒီရက်တွေမှာ. . သူငယ်ချင်းတွေ ဖုန်းတဂွမ်ဂွမ်ဆက်ပြီး သတင်းမေးကြ၊ တစ်နေရာချိန်းပြီး အကြံထုတ်ကြနဲ့. . ကျွန်တော့်အတွက် အားလုံးပင်ပန်းနေကြပါပြီ။

မယ်ကြည်ကတော့ နောက်ဆုံးခွဲခဲ့ကြတဲ့အချိန်ကစပြီး. . ဖုန်းဆက်လို့လည်းမရ အိမ်ရှေ့သွားပြီး လျှောက်ပြန်သံပေး လုပ်တော့လည်း အရိပ်အယောင်တောင်မတွေ့လို့ မြန်မာပြည်ထဲမှာ ရှော ရှိသေးရဲ့လားလို့ စိုးရိမ်လာမိပါတယ်။ ကျွန်တော့်အဖေကတော့ ဒီပြဿနာကို သိပြီးတဲ့နေ့ကစလို့ သိသိသာသာကို မှိုင်သွားတယ်ခင်ဗျ။

ကျွန်တော့်ကိုလည်း အားမလိုအားမရ တဖျစ်တောက်တောက်လုပ်နေလို့ မနေ့မနက်က အဆာခံစားကြရင်း. . အမေနဲ့တောင် စကားတစ်ခွန်းစ၊ နှစ်ခွန်းစ များကြသေးတယ်။ ရုံးသွား



www.burmeseclassic.com

www.burmeseclassic.com



ခါနီးတော့ ကျွန်တော့်ကို တီးတိုးလေးအားပေးပါတယ်။

"သိပ်လည်းစိတ်ပူမနေနဲ့လူလေးရာ. . အဖေလည်း ကြိုးစားကြည့်ပါဦးမယ်၊ ဖူးစာကံဆိုတာ မူးတာအမှန်ပဲကွ. . အမူးပြေတော့လည်း အထူးလေနဲ့ ကိုယ့်ဆီရောက်လာနိုင်ပါတယ်. .၊ ဘာမှမကြားရ မသိရရင် အဲ့ဒါသတင်းကောင်းပဲ. ."

အားလုံးထဲမှာ အရဲရင့်ဆုံးနဲ့ သတ္တိအရှိဆုံးကတော့ ချိမ့်ချိမ့်သဲခင်ဗျ။ တစ်ရက် မယ်ကြည်တို့ခြံနားရောက်တော့ ချိမ့်ချိမ့်သဲက. .

"ဒီလိုလုပ်. . နင်တို့အားလုံး ဟိုးကအအေးဆိုင်မှာထိုင်စောင့်၊ ငါခြံထဲဝင်ပြီး မယ်ကြည့်ကိုဝင်တွေ့မယ်၊ ရှိရင်ခေါ်ထုတ်လာခဲ့မယ်. ."

အဲ့ဒါကိုဝေဖြိုးက ပြာပြာသလဲ ကန့်ကွက်တယ်. .။

"ငါသဘောမတူဘူးချိမ့်သဲ၊ မယ်ကြည့်မှာ အစ်ကိုတွေရှိတယ်၊ ဟိုတလောကပဲ သူ့အစ်ကိုတစ်ယောက်ကို နင်ဖွဲ့ထားတာ၊ နင့်ကိုမြင်တာနဲ့ သေချာပေါက်မှတ်မိမှာပဲ. ."

"မှတ်မိတော့ဘာဖြစ်လဲ. . ငါ့ကိုပြန်ဖွဲ့မှာလား. ."

"ဖွဲ့မှာပဲ၊ ပြီးတော့ သူ့ခြံထဲမှာ နင့်ကို ဘာဘီကျူးလုပ်စားသွားမယ်. . ဘာမှတ်လဲ. ."

ဘာပဲဖြစ်ဖြစ် ချိမ့်သဲ နည်းနည်းတော့ သဘောခွေ့သွားပုံရတယ်။ ဝေဖြိုးက သူ့အတွက် စိတ်ပူပေးတယ်မဟုတ်လား. .။

အဲ့ဒီနောက် ချိမ့်သဲက. .

"ဒါဆို. . နင်အဖော်လိုက်ခဲ့လေ. . နင်ပါရင် ငါပိုပြီးအား



www.burmeseclassic.com

www.burmeseclassic.com



ရှိတာပေါ့. . ”

ကျွန်တော်ထင်ပါတယ်. . . ဝေဖြိုးမျက်နှာလေး ဖီးကင်း လောက်ပဲရှိတော့မယ်ဗျ။

“ငါ. . ငါတို့. . တစ်. . တစ်ခြားနည်းလမ်း ရှာကြရ အောင်လား. . ဟင်. . ”

“တော်. . ယောကျ်ားဖြစ်ပြီး သွေးမရှိတဲ့ကောင်၊ နင်တို့ သွားကြ. . အအေးဆိုင်ကစောင့်. . ”

အဲ့ဒီအချိန်မှာ မယ်ကြည်တို့ခြံတံခါးရှေ့ တည့်တည့် လည်း ရောက်နေပြီဖြစ်လို့ ချိမ့်သဲ ချာခနဲလှည့်ပြီး ဝင်သွားပါတော့ တယ်. . ။

ဒါဟာ သာမန်မဟုတ်တဲ့ အမြင့်ဆုံးအရေးပေါ် အခြေ အနေလို့ ကျွန်တော်နားလည်လိုက်တဲ့အတွက် အနီရောင်အဆင့် သတ်မှတ်ပြီး. ချိမ့်သဲနောက်ကနေ ကျွန်တော်လိုက်ဝင်သွားပါ တယ်။ ပြီးတော့. . ဝေဖြိုး၊ မြဘုန်းနဲ့ ချိုချိုခက်တို့ပါ အတွဲလိုက် ခြံထဲရောက်လာကြတော့တယ်။

ဖြစ်ချင်တော့လည်း တကယ့်ကို လုံးဝမျှော်လင့်မထားတဲ့ အခြေအနေခင်ဗျ။ ကျွန်တော်တို့ငါးယောက် ခြံအဝင်လမ်းအ တိုင်း လျှောက်သွားလို့မှ ခြေလှမ်းဆယ်လှမ်းတောင် မပြည့်ပါဘူး ဗျာ. . ညာဘက်မြက်ခင်းပြင်ပေါ်မှာ ဘီယာနဲ့ဂီတာနဲ့ ဝိုင်းဖွဲ့နေ ကြတဲ့ မယ်ကြည့်အစ်ကိုတွေ သုတ်ဆို ထလျှောက်လာပါရော လား. . ။

“ဟော့. . အဲ့ဒါဘယ်လဲ. . ဘာကိစ္စလဲ. . ”



www.burmeseclassic.com

www.burmeseclassic.com



အားလုံး တုံ့ခနဲရပ်ပြီး အခြေအနေကို ရင်ဆိုင်လိုက်ကြတယ်။ အဲ့ဒီမှာချိမ့်သဲက. . .

"ကျွန်မတို့က ကြည်လင်မြမြရဲ့သူငယ်ချင်းတွေပါ။ ကြည်လင်မြမြနဲ့တွေ့ချင်လို့. ."

ဆိုတော့ကာ. . . မယ်ကြည့်အစ်ကိုသုံးယောက်ထဲက တစ်ယောက် ရှေ့တိုးထွက်လာပြီး. .

"အော်. . လက်စသတ်တော့ ငါ့ကိုသမသွားတဲ့ ဝတုတ်မပါလား. ."

"ဘာပြောတယ်. ."

"နားကန်းနေလား. .၊ ဟုတ်လား. . ဝက်နာမ. ."

ချိမ့်သဲ တစ်ကိုယ်လုံး သိမ့်ခနဲ ခါတက်သွားပြီး အဲ့ဒီတစ်ယောက်ဆီကို အလုံးလိုက်ကြီး ပစ်ဝင်သွားတဲ့အတွက် ကျွန်တော်တို့လည်း ရပ်မနေနိုင်တော့ဘဲ ချိမ့်သဲနောက်က ထပ်အပ်မကွာ လိုက်ပါသွားပါတယ်။ တကယ်တမ်းကျတော့ မယ်ကြည့်အစ်ကိုတွေ သွေးမရှိဘူးခင်ဗျ။

လူတွေကြည့်လိုက်ရင်တော့ တက်တူးတွေထိုးထားပြီး၊ ဆံပင်ရှည်ရှည် မျက်မှောင်တွေတွန့်ချိုးထားလို့ တအားဖြတ်ရိုက်ပစ်တော့မယ့်ပုံမျိုး။ ချိမ့်သဲလည်း ရှေ့တိုးသွားရော နောက်ဆုတ်နောက်ဆုတ်နဲ့ တစ်ချိုးတည်း လစ်ပြေးတာ သူတို့အိမ်ဖက်ကိုဗျို့။

"လိုက်. . လိုက်ဟေ့. . လိုက်ဟ. ."

"ဟုတ်တယ် မလွှတ်စေနဲ့. ."

"မိရင် ပေါင်ခြံကစပြီး ရိုက်ချိုးပစ်စမ်း. ."



www.burmeseclassic.com

www.burmeseclassic.com



ခုမှတော့ ပေါက်တဲ့နဖူး ဒေါးမထည့်ဘူး ဆိုတဲ့စိတ်နဲ့ ကျွန်တော်တို့လည်း အဆုံးထိသွားလိုက်ကြတယ်။ သူတို့ ညှိခန်းထဲဝင်ပြေးတော့ ကျွန်တော်တို့လည်း ညှိခန်းထဲအထိပေါ့။

"ဟော့. . ဟော့. . ဘယ်လိုဖြစ်တာတုန်းဟ. ."

လူကြီးတစ်ယောက် ဆက်တီဝိုင်းကနေထပြီး ဝင်တားလို့ ကြည့်လိုက်တော့ မယ်ကြည့်ရဲ့အဖေဆိုတာ ကျွန်တော်တို့သိပြီး ရပ်လိုက်တယ်။

"သြော်. . မင်းတို့က သမီးသူငယ်ချင်းတွေကို. ."

ကျွန်တော်တို့အုပ်စုက မြင်ရင်မမှတ်မိစရာကိုမရှိတာပါ။ အဲ့ဒါကြောင့် မယ်ကြည့်အဖေက. .

"အန်ကယ်သဘောပေါက်ပြီး မင်းတို့သူငယ်ချင်းကို လာရှာတာမဟုတ်လား. ."

"ဟုတ်ပါတယ် အန်ကယ်. ."

"အေးကွာ. . . အန်ကယ်စိတ်မကောင်းပါဘူး၊ မင်းတို့ သူငယ်ချင်း မနေ့ညကလေယာဉ်နဲ့ ပြည်ပကရောက်လာတဲ့ သူ့မိဘတွေနဲ့ လိုက်သွားပြီ. ."

ကျွန်တော်တို့အားလုံး ရုပ်ကြီးစင်တွေလို အတောင့်လိုက်ကြီး ငြိမ်ကျသွားတယ်။ အဲ့ဒီနောက်တော့ ကျွန်တော်ကပဲ. .

"အခုလိုပြောပေးတာ ကျေးဇူးတင်ပါတယ်အန်ကယ်. . ကျွန်တော်က မယ်ကြည့်ရဲ့ချစ်သူပါ. . အန်ကယ်မသိပေမယ့် ကျွန်တော့်မိဘတွေသိပြီး ကျောင်းပြီးရင် လက်ထပ်ပေးဖို့သဘောတူထားပါတယ်၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦးခင်ဗျာ. ."



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ရုပ်ကြီးစင်က မယ်ကြည့်ဖခင်နဲ့ သူ့အစ်ကိုတွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဣန္ဒြေရရနဲ့ ခြံထဲကပြန်ထွက်လာခဲ့ကြပါတယ်။

အပြင်ရောက်မှ ဝေဖြိုးက တွေးတွေးဆဆလေသံနဲ့..

"မယ်ကြည် ပြည်ပကိုလိုက်သွားပြီဆိုတာ မင်းယုံသလား ခိုင်မြ..ငါတော့မယုံဘူး.."

"ဟေ..ဘာကြောင့်လဲ.."

"မယ်ကြည် အဲ့ဒီလောက် မပျော့ညံ့ဘူးကွ.."

ဒီတစ်ခါတော့ ဝေဖြိုးကို ကျွန်တော်လေးစားသွားပါတယ်။ ဟုတ်တယ် ဘယ်လိုအခြေအနေမျိုးမှာမဆို တကယ်ဝေးရဖို့ အကြောင်းဖန်လာရင်တော့ ဖြစ်တဲ့နည်းနဲ့ ဆက်သွယ်မယ် အသိပေးမယ်ဆိုတာ သေချာတယ်လေ..။

ပြီးတော့ အခုမှတွေ့တဲ့ မိဘဆိုသူတွေကို ခုချက်ချင်း လက်ခံလိုက်တယ် ဆိုတာကလည်း မဟုတ်သေးဘူး မဟုတ်လား။ မှန်တာပေါ့..၊ ဒါဆို မယ်ကြည်ရှိနေနိုင်တာပဲပေါ့၊ ကျေးဇူးပါဝေဖြိုး။ အဲ..ဒီနေ့ မစ်ရှင်တစ်ခုလုံးအတွက် ဦးဆောင်မှုပေးနိုင်ခဲ့တဲ့ ချိမ့်သဲကတော့ အထူးပေါ့..။






www.burmeseclassic.com

www.burmeseclassic.com

တစ်ချက်တည်းနဲ့ကျင်းဝင်တဲ့ရိုက်ချက်မျိုးနဲ့
မင်းရင်ကို..ထိုးဖောက်ပြီး
နှလုံးသား တိခုံပေါ်ရောက်သွားချင်တယ်...။
(ကောင်မလေးကပြောတယ်..)
"ရှင်က...ဂေါက်သီး..ပဲ..တဲ့..."



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

"ဟာ..မြင့်လွင်.."

"ခွေးကောင် ကျော်ဇ..ကြီးပွားနေလို့ ငါ့ကိုမေ့တာပေါ့ဟုတ်လား.."

"မေ့စရာလားကွ..၊ မင်းသာ ကြွက်တွင်းထဲက မထွက်တာ..ခင်တင့်ရော.."

"အိမ်မှာပေါ့ကွ.."

အရွယ်လွန်မှ ပြန်ဆုံခွင့်ရတဲ့ သူငယ်ချင်းနှစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖက်လှဲတစ်ကင်းရှိမှက. . မြင်သူတွေကိုတောင် အပျော်ကူးစက်စေတယ်။ ဦးကျော်ဇေစားပွဲပေါ်က လူခေါ်ဘဲ(လ်)နှိပ်သံကြောင့် ရုံးခန်းထဲ ဝန်ထမ်းမိန်းကလေးတစ်ယောက် ဝင်လာပြီး. .

"အမိန့်ရှိပါ. . ဥက္ကဋ္ဌကြီးရှင့်"

"အေး. . ကော်ဖီခါးခါးနှစ်ခွက် လာပို့ကွာ. ."

အဲ့ဒီနောက် ဦးကျော်ဇေက သူ့ရုံးခန်းထဲက ဆက်တီစားပွဲဝိုင်းဆီ ခေါ်လာပြီး. .

"ထိုင်ကွာ သူငယ်ချင်း. . ခွေးမသား မသေမပျောက် ပြန်တွေ့ကာမှ လွမ်းလွန်းလို့သေတော့မယ်. . ချီးပဲ. ."

"ဟဲဟဲဟဲ. . ငါလည်းမင်းလိုပဲ ငယ်ငယ်တုန်းကလို နရင်းအုပ်ချင်စိတ်ကို မနည်းမြိုထားရတယ်. ."

"တော်ပါကွာ. . ခင်တင့်ကို ခိုးပေးလိုက်လို့ ငါဘာဖြစ်ကျန်ခဲ့လဲ မင်းသိလား. ."

"ဟေ. . ပြောပါဦး. ."

"သူ့အဖေတရားသူကြီးက ငါနဲ့အောင်ကျော်ကို ချက်ချင်းလိုက်ဖမ်းပြီး အချုပ်ထဲထည့်ထားတယ်. ."

"ဟမ်. ."

"ထောင်ချပစ်မယ်ချည်းလုပ်နေလို့ ငါ့မိဘတွေ နေ့တိုင်းသွားတောင်းပန်ရတယ်ကွ. ."

"အေးကွာ. . ငါစိတ်မကောင်းပါဘူး၊ ငါလည်း မြင်မိလို့ကတော့ ပွဲသိမ်းပြီဆိုပြီး တစ်ခါတည်းမီးခိုးပျောက် သုတ်တာဟကောင်ရ. .၊ ကုန်လိုက်တဲ့ပိုက်ဆံဆိုတာ သောက်သောက်လဲ

www.burmeseclassic.com


ပဲ. . ၊ ငါတို့ အဲ့ဒီကနေစထွက်ပြီး ပြည်မှာတစ်ည၊ နောက် မန္တလေး မှာတစ်လ၊ ပြီးတော့မှ ရန်ကုန်ပြန်ဆင်းလာပြီး သုံးလလောက်နေတယ်၊ အဲ့ဒီကမှ လင်မယားနှစ်ယောက်စလုံး စက်ဘူကိုထွက်ပြီး လေးနှစ်တိတိနေခဲ့တာ ငါ့သားကို အဲ့ဒီမှာပဲ မွေးခဲ့တာလေ. ."

"ဟုတ်လား အဲ့ဒီတစ်ယောက်ထဲလား. ."

"အေး. . အခုကျောင်းပြီးပြီဆိုတော့ အတော်ပဲ ငါ့သားကို မင်းကုမ္ပဏီမှာပဲ အလုပ်ဝင်ခိုင်းတော့မယ်"

"အဟုတ်ဟုတ်. . သိပ်ရတာပေါ့ကွာ၊ ဒါနဲ့ မင်းကရော ဘာစီးပွားရေးလုပ်နေလဲ"

"ငါလည်း စက်ဘူမှာလေးနှစ်လုပ်ခဲ့တဲ့ကုမ္ပဏီက ဒီမှာ ရုံးခွဲလာဖွင့်တော့ ငါက ဝန်ထမ်းဟောင်းအနေနဲ့ပြန်ဝင်ပြီး အဲ့ဒီမှာပဲ မြဲနေတာလေ. . ၊ ခုတော့ ရှယ်ယာလေးဘာလေး ထည့်ထားလို့ အီးစီအဖွဲ့ဝင်ပေါ့ကွာ. . မင်းလောက်တော့ ဘယ်ဟုတ်ပါ့မလဲ. ."

"အေး. . ဟုတ်ပါပြီ၊ အခု မင်းငါ့ကိုဘယ်လိုရှာတွေ့တာလဲ. ."

"ဥက္ကဋ္ဌကြီး ကော်ဖီလာပို့ပါတယ်"

"အိုခေ. . သမီး ဝင်ခဲ့ပါ. ."

အဲ့ဒီနောက်. . ဦးမြင့်လွင်တို့ ခဏ စကားပြတ်သွားပြီး ဝန်ထမ်းမိန်းကလေး ပြန်ထွက်သွားမှ ဦးကျော်ဇေက. .

"ကဲ. . သောက် သူငယ်ချင်း၊ ဒါ ပြင်ဦးလွင်ကော်ဖီစစ်စစ်တွ. . ငါ့ကုမ္ပဏီစိုက်ခင်းကထွက်တာ၊ ကြော်ငြာခစရိတ် သိပ်မ


www.burmeseclassic.com

www.burmeseclassic.com


ကုန်တော့ ပစ္စည်းကွာလတီ အပြည့်သုံးနိုင်တာပေါ့ကွာ. . ဟဲဟဲ"

"အေးကွာ. . မင်းနဲ့ငါ ပဲခူးမှာကော်ဖီကိုစွန့် စကားများပြီး စားပွဲထိုးတွေလိုက်ရိုက်လို့ ထွက်ပြေးရတာတောင် မှတ်မိသေး"

"တော်. . တော်. . ငယ်ကျိုးငယ်နာတွေ သိပ်ပေါ်လာရင် မင်းကိုငါ စိတ်နာမိလိမ့်မယ်. .၊ မင်းတို့လင်မယားကြောင့် ငါအချုပ်ထဲမှာအိပ်ရတာ ဆယ်ရက်ကွ. . လဖွတ်ရဲ့၊ ကဲ. . ပြောစမ်းပါ မင်းငါ့ကို ဘယ်လိုရှာတွေ့သွားတာလဲ"

ဦးမြင့်လွင် ကော်ဖီခွက်ချပြီး ဦးကျော်ဇကို သေချာကြည့်လိုက်တယ်။ ပြီးမှ. .

"ငါ ခုချိန်ထိစဉ်းစားလို့မရတာတစ်ခုကွာ. . အဲ့ဒါအရင်ပြောမယ်"

"အေး. . ပြော. ."

"မင်းရဲ့အငယ်ဆုံးသမီး ကြည်လင်မြမြနဲ့မင်းနဲ့ ဘယ်နေရာမှာမှ မတူပါလားကွာ. ."

"ဟေ. ."

"ကြောက်သွားသလား မောင်ကျော်ဇ မကြောက်ပါနဲ့ ခုချိန်ထိ ငါ့သားက မိုးပေါ်ထောင်ဖောက်နေတုန်းပါပဲကွ. . ဟားဟား"

ဦးကျော်ဇ မရယ်မပြုံးနိုင်ဘဲ မျက်မှောင်တွန့်ပြီး. .

"နေ. . နေစမ်းပါဦး မင်းသားနာမည်က. ."

"ခိုင်မြလေ. . ဖအေတူ လူချောလူလှလေကွာ"


www.burmeseclassic.com

www.burmeseclassic.com


ဦးကျော်ဇ သက်ပြင်းကြီးချပြီး ညည်းတယ်. . ။

"ငါ့နှယ်ကွာ. . ကြုံလည်းကြုံတတ်တဲ့ ရေစက်ပါလားကွ ဟေ. . ခိုင်မြကြ မင်းရဲ့သားကိုး၊ ဒါဆို ငါ့သမီးထွက်သွားတုန်းက မင်းအိမ်မှာပေါ့. . "

"ဟုတ်တယ်. . ဒါပေမယ့် အိမ်ကမယ်တိကျ ခင်တင့်အကြောင်း မင်းသိတယ်မဟုတ်လား"

"အေး. . ပြောပါဦး"

"ငါ့သားက ကျွန်တော်မိန်းမ ခိုးလာတယ်လို့လည်းပြောရော သေသေချာချာစစ်ဆေးပြီး ကြည်လင်မြမြကို ခေါ်သိမ်းလိုက်တော့တာပဲ၊ ညကို သူ့ဆီမှာခေါ်သိပ်လို့ ငါ့ကိုတောင် ဧည့်ခန်းထဲ ကန်ထုတ်ထားတယ်ကွာ. .၊ လူကြီးမိဘသဘောမပါပဲ လုံးဝမပေးစားဘူးဆိုပြီး သူ့မျက်စိအောက်ထားထားတာ၊ အဲ. . ကျောင်းသွားတဲ့အချိန်တော့တွဲပေါ့. .၊ ဖြစ်ချင်တော့ စာမေးပွဲနောက်ဆုံးရက်ဖြေပြီး သူငယ်ချင်းတွေနဲ့လျှောက်လည်တဲ့အချိန် မင်းနဲ့တွေ့လို့ ပြန်ခေါ်သွားတယ်တဲ့. . "

"အဲ့ဒါ ငါ့ဆီကို ဘာလို့ချက်ချင်းအကြောင်းမကြားတာလဲ"

"ဟေ. . မင်းတို့ ဗုဒ္ဓဂါယာသွားတယ်ဆို"

"ဟော့ကောင် ငါကခရစ်ယာန်လေကွာ"

"အာ. . အဲ့ဒါတော့ သူတို့ပြောတာကွ၊ ငါတို့ခံလိုက်ရတာ ပေါ့"

"ကဲ. . ထားလိုက်တော့ အခုမင်းကောင် လိပ်စာစုံစမ်း


www.burmeseclassic.com

www.burmeseclassic.com



ပေးလို့ မင်းငါ့ဆီရောက်တာပေါ့ ဒီလိုလား"

"မဟုတ်ဘူး ငါတို့ကုမ္ပဏီပါတနာတစ်ယောက်ဆီက မမျှော်လင့်ဘဲ မင်းရဲ့သတင်းကိုကြားလို့ ငါ့သားပြောတာနဲ့ တိုက်ဆိုင်ပြီး လာရှာတာ"

"ဟုတ်ပြီ အခုဘာလုပ်မလဲ"

"ဟ. . ပေးစားကြမှာပေါ့ကွ. . ဘာလဲ မင်းက ငြင်းချင်လို့လား"

"ငြင်းစရာလားကွာ၊ ဒါပေမယ့် သူ့မိဘတွေသဘောက အဓိကကျနေတယ်ကွ"

"ဟေ. . အဲအဲ. . ဟုတ်တယ် သားပြောတာမေ့နေတယ် အဲ. . အဲဒါပြောစမ်းပါဦး"

"အင်း. . . ပြောရရင်တော့အရှည်ကြီးပဲ၊ ဒီကလေးမက ကံဆိုးမကွ၊ ဝန်ခံရရင် ခင်မာကြည်ရဲ့သမီးပဲ"

"ဟ. . နေပါဦး ခင်မာကြည်ဆိုတာ မင်းနဲ့ ဒုတိယနှစ်တုန်းကဖြစ်တဲ့ ခင်မာကြည်မဟုတ်လား"

"ဟုတ်တယ် ငါ့စိတ်ထဲမှာ ငါ့သမီးလို့ထင်နေတာ ခင်မာကြည်ကလည်း မဟုတ်ဘူးလို့ငြင်းတယ်၊ ဒီကလေးကို တောမှာပြန်မွေးပြီး မိဘမဲ့ဂေဟာမှာ သွားအပ်လိုက်တယ်၊ သူက အိမ်ထောင်ပြုပြီး ပြည်ပထွက်သွားတယ်၊ ဟိုရောက်ပြီးမှ ဘာစိတ်ကူးပေါက်တယ်မသိဘူး ကလေးကိုခေါ်မွေးထားပေးဖို့ ငါ့ကိုလှမ်းပြီး အကူအညီတောင်းတယ်၊ ငါ့မိန်းမကလည်း မိန်းကလေးလိုချင်တော့ ငါတစ်ဖက်လှည့်နဲ့ပြောပြတာကိုလက်ခံပြီး မွေးစားလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုပါတော့"

"ဪ. . အဲ့ဒီလိုလား အခုရော. ."

"အခု သမီးက ခင်မာကြည်နဲ့လိုက်သွားတယ်၊ လန်ဒန်ကို မဟုတ်ဘူး ဘန်ကောက်ကသူ့အမျိုးသားဘက်က အမျိုးတွေဆီပါ၊ သူတို့ ရွှေ့အပတ်ထဲ ရန်ကုန်ပြန်ရောက်လိမ့်မယ်. .၊ အမှန်တော့ ငါထည့်မပေးချင်ဘူးကွာ၊ မိခင်မေတ္တာငတ်နေတဲ့ကလေး မို့လို့ မအေကလည်း အခုမှ အလွမ်းလာသည်းနေတာနဲ့ စိတ်ပြေလက်ပျောက် ထည့်ပေးလိုက်တာ"

"သူတို့ ဘယ်မှာတည်းမှာလဲ"

"ငါ့အိမ်ပေါ့ကွ လဖွတ်ရ. ."

ဦးမြင့်လွင် လက်ဖျောက်တီးပြီး. .

"အိုခေ. . ရောက်ရင်ဖုန်းဆက်ကွာ၊ ငါ့ချွေးမကို ငါကိုယ်တိုင်လာခိုးမယ်"

"ဟော့ကောင်. . ဒီတစ်ခါ ငါအချုပ်ထဲထပ်ရောက်ရရင်တော့ မင်းသေပြီ"

"အေးဆေးပါသူငယ်ချင်းရာ၊ အိုခေ. . ငါသွားမယ်. . ရော့ ဒါငါ့လိပ်စာကဒ် ဖုန်းဆက်"

"မင်းဟာလေ ငယ်ကျင့်ကိုမပျောက်ဘူး၊ အခု ခင်တင့်ကရော. . မင်းကိုလက်ခံပြီလား"

"ငုံတောင်ငုံထားချင်တယ်တဲ့"

ဦးကျော်ဇေအသံတိတ်ဆဲလွှတ်တယ်။

ဘာပဲဖြစ်ဖြစ် ဒီကိစ္စအတွက် ဦးကျော်ဇေလည်း စိတ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မှုရသွားတယ်။ ကြည်လင်မြမြကို ငယ်ချစ်လေးခင်မာကြည် အလွမ်းပြေအဖြစ် သူ့အရိပ်တကြည့်ကြည့်ထားခဲ့ရတာလေ။

ခုလို မြင့်လွင်ရဲ့သားနဲ့ အိမ်ထောင်ချပေးပြီး အနားမှာပဲ ထားခွင့်ရမယ်ဆိုရင်တော့. . ။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းသာဆို ကံတရားက ကျွန်တော့်ဘက်မှာပေါ့။ ဒါပေမယ့်ပရိသတ်ရယ်. . . ကံအလှည့်အပြောင်းက တကယ် ကြောက်စရာပါ။ အဲ့ဒီနေ့က အဖေ ဦးကျော်ဇဆီက ပြန်လာလာ ချင်း ကျွန်တော့်ဆီဖုန်းဆက်တယ်. . .

"လူလေးရေ ဝမ်းသာလိုက်တော့ကွ"ဆိုတဲ့စကားကို ကျွန် တော် ခုချိန်ထိ ကြားနေတုန်းပါပဲ။ မယ်ကြည်တို့ပြန်ရောက်မယ့် ရက်ကို ကျွန်တော်မျှော်ရင်း သူမတို့အိမ်ရှေ့နားက အအေးဆိုင် မှာ မယောင်မလည်သွားထိုင်ရင်း ခေါ်လိုက်တိုင်း 'စက်ပိတ်ထား ပါတယ်ရှင်'လို့ ပြန်ဖြေတတ်တဲ့ သူမဖုန်းကို မပျင်းမရိ ပြန်ခေါ် ရင်းနဲ့ အချိန်တွေရွှေ့လျားမှန်းမသိ ရွှေ့လျားလာခဲ့တယ်။

နောက်ဆုံးတော့ မယ်ကြည်တို့ ဘန်ကောက်ကနေ ရန် ကုန်မပြန်ဖြစ်တော့ဘဲ လန်ဒန်ကို ပြန်သွားပြီဆိုတဲ့ အဖေ့ဆီက



www.burmeseclassic.com

www.burmeseclassic.com



ကြားရတဲ့သတင်းနဲ့ ကျွန်တော့်မျှော်လင့်ချက်များ အမှောင်ကျ သွားခဲ့ပါတော့တယ်. . ။

အဲ့သလို နေ့ရက်တွေရဲ့နောက်မှာ တစ်နှစ်ဆိုတဲ့ အချိန် ကာလဟာ ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘဲ ကုန်လွန်သွားခဲ့ပါ တယ်။ အဲ့ဒီတစ်နှစ်အတွင်း အိမ်မြှောင်အမြီးပြတ်စိတ်နဲ့ ကျွန် တော်လည်း အဖေ့ကုမ္ပဏီမှာ အလုပ်ဝင်၊ မြဘုန်းနဲ့ ချိုခက်လည်း လက်ထပ်ကြ၊ ဝေဖြိုးနဲ့ချိမ့်သဲကတော့ ခုချိန်အထိ လက်ထပ်နိုင်ဖို့ အခွင့်အရေး မရကြသေးပဲ ဝေဖြိုးရဲ့ များမြောင်လှတဲ့ အကြောင်း ပြချက်တွေကြောင့် ချိမ့်သဲတောင် လက်လျှော့ရမလိုတောင် ဖြစ် နေတယ်။

အချစ်ဆိုတာ အဲ့ဒါပါပဲ. . ၊ အမြောက်ပြောင်းဝကြီး ရင် ဘတ်တေ့ပြီး ချစ်မလား မချစ်ဘူးလားလို့ ချိမ်းချောက်ပါစေ၊ မချစ် ရင် အသေခံဖို့ အဆင်သင့်ဖြစ်နေတာ အချစ်ပါ။

မြဘုန်းကတော့ ချွင်းချက်လို့ ပြောရမလား၊ လက်ထပ် ပြီးကာမှ သူ့မိန်းမကို ထားစရာနေရာမရှိအောင် ချစ်သွားတာ အံ့သြစရာပါ။

ဒီနေ့တော့ အိုလံပစ်ဘောပွဲ ကြည့်ကြမယ်လို့ မြဘုန်းက ဖုန်းနဲ့ချိန်းပြီး အားလုံးကို သူ့ကားနဲ့ လှည့်ပတ်ခေါ်ပြီး ကျွန်တော့် အိမ်ကို ရောက်လာကြပါတယ်။ ထုံးစံအတိုင်း ကျွန်တော့်အိမ် ဧည့်ခန်းက အထူးတန်းပွဲကြည့်စင် ဖြစ်သွားလို့ အဖေနဲ့အမေ တောင် ခြံထဲဆင်းထိုင်နေရတယ်။

"ဆွဲ. . ဆွဲထား. . ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အဲ့ဒါလုပ်သွားတာ၊ ဟာ. . ဒိုင်ဘာလုပ်နေတာလဲ"

"ဂိုး. . ."

"ဟာကွာ. . နည်းနည်းလေးပဲ"

မြဘုန်း၊ ဝေဖြိုး၊ ချိမ့်သဲ၊ ချိုခက်တို့အားပေးတဲ့ ပုံသဏ္ဌာန်ကတော့ ဘာတစ်ခုမှ အပြောင်းအလဲမရှိပါဘူး၊ ကျွန်တော်တစ်ယောက်ပဲ. . ကျွန်တော် အားပေးကြည့်ရှုတတ်တဲ့ ပုံသဏ္ဌာန်ကနေလွဲထွက်ပြီး လမ်းမဖက်ကိုသာ ငေးနေမိပါတယ်။

ခုနေများ. . မယ်ကြည်ပြန်လာရင် ဘယ်အသင်းကပဲ ဂိုးသွင်းသွင်း ညည့်ခန်းတစ်ပတ် ဂျွမ်းထိုးပစ်လိုက်မယ်လို့ တွေးနေမိပါတယ်။

ငါတို့သေချာပေါက် ပြန်ဆုံကြမယ်လို့ ကျွန်တော်ပြောလိုက်တဲ့စကားကို မယ်ကြည် သေသေချာချာ ခေါင်းညိမ့်သွားတဲ့အတွက် သူမပြန်လာမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒီနေ့မဟုတ်ရင်တောင် မနက်ဖြန် သေချာပါတယ်။

အဲ့ဒီအခိုက်မှာပဲ မြဘုန်းက. . .

"ဟာ. . ဟိုမှာ. . မယ်ကြည်. ."

"ဟင်. . ဟုတ်တယ်ဟ. . မယ်ကြည်. . မယ်. ."

သူတို့အော်သံတွေကြောင့် ကျွန်တော်တစ်ကိုယ်လုံး ထုံကျင်သွားပြီး လှမ်းကြည့်လိုက်တော့ အမှန်ပဲပရိသတ်။

ပါးနှစ်ဖက်မှာ အလံလေးတွေကပ်လို့ ကွေးနေအောင်ကပြီး အားပေးနေတာများ. . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဝုန်းခနဲခုန်ထပြီး မြဘုန်းဆီက ကားသော့ကို ဆွဲယူလိုက်တယ်. . .။

"ဟေ့ကောင်. . ဘယ်လဲ. ."

"ငါ မယ်ကြည့်ကို ကွင်းထဲသွားရှာမယ်"

"မင်း ရူးနေလား. . .၊ ဒါ အိုလံပစ်ကွ သုဝဏ္ဏကွင်းထဲ ကန်နေတယ်များ အောက်မေ့နေလား"

လွင့်မြောက်နေတဲ့ ကျွန်တော့်စိတ်ဟာ ဒုံးခနဲ ပြုတ်ကျပြီး ကျွန်တော်ပါ ဖင်ထိုင်ကျသွားပါတယ်။

ရိုက်လွှင့်ကင်မရာက. . . မယ်ကြည့်မျက်နှာ လှလှလေး ပေါ်က မခွာသေးပါဘူး. . .။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**တစ်**နှစ်လောက် အနာဖေးတက်ပြီး မြုံနေတဲ့ဝေဒနာက မနေ့ညက မြဘုန်းတို့ဘောလုံးပွဲနဲ့ လာဆွသွားလို့ အဟောင်းက အသစ်ဖြစ်လာတယ်။

အလုပ်သွားဖို့လည်းစိတ်မပါ အိမ်မှာလည်းမနေချင် အပြင်ထွက်တော့လည်း ယောင်ခြောက်ခြောက်နဲ့ အတော့်ကိုနေရထိုင်ရခက်သွားပါတယ်။ အဖေတို့အမေတို့လည်း နားလည်တယ်ထင်ပါရဲ့ ကျွန်တော်လေနေတာကို မပြောဘူးဗျ၊ အရိပ်အခြေကြည့်ပြီးတော့ပဲနေကြတာ၊ တစ်ပတ်လောက်ရုံးမတက်ပဲ ယောင်ပေပေနေလိုက်တော့ နည်းနည်းအိပြီးပျင်းလာတယ်။ အဲဒါနဲ့ ဒီနေ့ မြဘုန်းအိမ်ထွက်လာခဲ့တယ်ဗျ။

"ခိုင်မြ. . . အာ. . အတော်ပဲ၊ ငါအခုပဲမင်းဆီဖုန်းဆက်တော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ"

"မင်းကောင်ဝေဖြိုး ဆင်နင်းခံရတော့မယ်ကွ. . အဟတ်ဟတ်. ."

"ဘာဖြစ်တယ်"

"ကျွတ်. . မိန်းမယူတော့မယ်လို့ ပြောတာဟ၊ ချိမ့်သဲနဲ့ စိမ့်ဆွဲတာ. . ဟိုကွာ. . နားလည်မှုရသွားပြီ အဲ့ဒါ. . အဲ့ဒါ. ."

"ဒါများကွာ ရလည်းယူလိုက်ကြပေါ့. . ငါ့နှယ်"

"အေး. . ယူဖို့ ဒီနေ့ရုံးတက်လက်မှတ်ထိုးကြမှာ၊ မင်းက သူ့ဘက်က အသိသက်သေထိုးပေးရမယ်တဲ့ဗျား"

"ဟာကွာ. . အဲဒါ မင်းဆိုလည်းဖြစ်တာပဲလေ"

"ဖြစ်တယ် ဒါပေမယ့် ချိမ့်သဲကမင်းကိုရွေးတာ၊ ကုသိုလ်ဆက်ပေးရမယ်တဲ့. . ဒါမှ မင်းနဲ့မယ်ကြည် နီးဖို့ကံဖန်လာမှာတဲ့"

ဝန်ခံရရင် ကျွန်တော်စိတ်ရှုပ်တယ်၊ ကိုယ့်ဘာသာညစ်နေတာ အာရုံမနောက်ချင်ဘူးဗျာ။ သူငယ်ချင်းအရင်းကြီးတွေပါပဲ. . ဒါပေမယ့် ဒီစိတ်ဒီပုံစံကြီးနဲ့လေ. . ။

"ဟရောင်. . ခိုင်မြ"

လှည့်ကြည့်လိုက်တော့ အိမ်ပေါက်ဝမှာ ဝေဖြိုးနဲ့ချိမ့်သဲ ကျွန်တော် မှုန်သိုးသိုးမျက်နှာနဲ့ပဲ. . .

"ပြောတော့. . မိဘအတွက် သားကောင်းပဲလုပ်တော့မလိုလို၊ မောင်နှမတွေအတွက် အကိုကြီးလုပ်မလိုလိုနဲ့ နောက်ဆုံးတော့လည်းဒါပဲ"

"အာ. . အဲ့ဒါငဲ့ညှာစိတ်ကွ၊ အားနွဲ့တဲ့မိန်းကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ ထားပေးတတ်တဲ့ ယောက်ျားကောင်းတို့ရဲ့ ဂရုဏာ စိတ်လို့လည်းခေါ်တယ်"

"တော်ပါကွာ၊ ငါမလိုက်ဘူး မြဘုန်းလိုက်ပေးလိမ့်မယ်"

"သေချာလား၊ နောက်မှ နောင်တမရနဲ့နော်"

"ဘာမှရစရာအကြောင်းမရှိဘူး"

ဆိုတော့ကာ ဝေဖြိုးက ပြုံးစစလေးကြည့်နေတဲ့ ချိမ့်သဲကို မေးဆတ်ပြရင်း. . .

"သဲရီးရေ. . သဲရီးဘက်က လက်မှတ်ထိုးပေးမယ့် သက် သေကဘယ်သူတုန်း"

"အဟင်းဟင်း. . . ကျွန်မရဲ့အချစ်ဆုံး မယ်ကြည်လေ"

"ပေါက်တယ်နော် ခိုင်မြ၊ အိုခေ ငါတို့ နေ့ခင်းတစ်နာရီ လောက် မြို့နယ်တရားရုံးရှေ့က ကန်ဘောင်ပေါ်မှာရှိမယ်ကွာ၊ ကဲ. . သဲရီးရေ စီစဉ်စရာတွေ သွားစီစဉ်ရအောင်. ."

ဝေဖြိုးတို့ထွက်သွားမှ မြဘုန်းက ဘယ့်နှယ့်ရှိစဆိုတဲ့ပုံမျိုး မျက်စပစ်ပြတယ်။

"သွားစမ်းပါကွာ. . ငါ့ကို ကလေးအထာနဲ့လာကြပ်နေ တာ"

"ငါတော့ ကြပ်တယ်လို့မထင်ဘူးခိုင်မြ၊ မင်း. . ဝေဖြိုး မျက်နှာ ဒီလောက်လန်းနေတာမျိုးမြင်ဖူးလား၊ ပြီးတော့ ဒီကောင် ဒီနေ့ဝတ်ထားတာ အားလုံးအမှန်တွေချည်းပဲနော်"

"ဒီနေ့က သူ့မင်္ဂလာနေ့လေကွာ၊ ဒီလောက်တော့ရှိမှာ ပေါ့ကွ၊ အရင်က ချိမ့်သဲကိုမြင်တာနဲ့ မျောက်နာချေးပန်းနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနဲ့ အခုများခေါ်ပုံက သဲရီးတဲ့၊ အခွက်ကြီးပဲဖြတ်ဖြတ်ရိုက် ပစ်ချင်တော့တယ်"

"အေး. . ဟုတ်ပြီလေ၊ ပြောချင်တာက အခု ချိမ့်သဲဖက်ကနေ မယ်ကြည်လက်မှတ်ထိုးမယ်ပြောသွားမဟုတ်လား"

"အင်းလေ. .၊ ငါတော့မယုံပါဘူး"

"မယ်ကြည်ရဲ့စိတ်ကို မင်းသိပါတယ်၊ ချိမ့်သဲကို ဘယ်လောက်ခင်တယ်ဆိုတာလေ၊ တကယ်လို့. . မယ်ကြည်ပြည်ပက ပြန်လာရင် ချိမ့်သဲဖြစ်ချင်တဲ့ဆန္ဒကို လုပ်မပေးဘူးလို့ မင်းထင်လား"

ကျွန်တော်တကိုယ်လုံးထုံကျင်သွားတယ်၊ ကျွန်တော့်ကိုယ်ထဲမှာ သွေးတွေပြောင်းပြန်စီးဆင်းကုန်တယ်။ မယ်ကြည်ပြန်ရောက်လာတယ်ဆိုရင် ကျွန်တော်က ပထမဆုံးသိခွင့်မြင်ခွင့်ရှိတဲ့သူ မဟုတ်ပေဘူးလား။

ကျွန်တော်ပင့်သက်ရှိုက်တာကိုကြည့်ပြီး မြဘုန်းက. . .

"ဘယ်လိုလဲ ငါသွားရမှာလား. ."

ကျွန်တော်ခေါင်းညိတ်လိုက်မိတယ်။

အဲ့ဒီအခိုက်မှာပဲ အဖေ့ဆီက ဖုန်းဝင်လာတယ်။

"ဟုတ်အဖေ. . သား မြဘုန်းအိမ်မှာ. ."

". . . . . . . . . . . . . . . . . . . . ."

"ဗျာ. . ."

". . . . . . . . . . ."

အဖေ ဘာတွေဆက်ပြောနေတယ်ဆိုတာအောင် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်မကြားနိုင်တော့ပဲ ထရပ်လိုက်တယ်။

"ဘာဖြစ်တာလဲခိုင်မြ. . . အလန့်တကြားကွာ"

"အဖေ့ဆီ ဦးကျော်ဖုန်းဆက်တယ်ကွ၊ မယ်ကြည်မနေ့ညက ပြန်ရောက်တယ်တဲ့"

"ဟော. ."

ကျွန်တော် ပြောင်းဆန်အောင် မြူးလွင့်သွားတဲ့စိတ်တွေနဲ့ ပြေးထွက်လာလို့ ရှူးသွားပြီလို့တောင် ထင်နိုင်ပါတယ်။

အဟတ်ဟတ်. . ကျွန်တော်ရှူးနေတာ တစ်နှစ်လောက်မကရယ်လေ. . ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



မိုးကစိမ့်စိမ့်လေးညိုလို့၊ အပင်တွေလည်းစိုလွင်တောက်ပလို့၊ လေကလေးနဲ့ယိမ်းနွဲ့လို့၊ ကျွန်တော်ကတော့ ဖြူဖျော့နေတဲ့ နှလုံးသားကို အားပေးလို့ပေါ့။

သူမတို့ခြံရှေ့ရောက်တော့ အရင်လိုဟိုချောင်းဒီချောင်း လုပ်မနေနိုင်တော့ဘဲ ခြံတံခါးမကြီးပေါ်ကျော်တက်ပြီး ဝင်လာခဲ့တယ်။

"မယ်ကြည်. . မယ်ကြည်"

BURMESE CLASSIC

ကျွန်တော် တကြော်ကြော်အော်ခေါ်ရင်း ဧည့်ခန်းထဲရောက်သွားတယ်ဆိုရင်ပဲ အလန့်တကြားပြေးထွက်လာတာနဲ့တိုးလို့ လွတ်ထွက်မသွားအောင် ဖက်ထားလိုက်တော့တယ်။

"အား. . သေတော့မှာပဲ လွှတ်ပါဦး"

"ဒီတစ်ခါလွှတ်သွားရင် ငါသေပြီမယ်ကြည်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ ဖေဖေရှိနေတယ်လေ"

"ဟာမ်. ."

ဒီတော့မှ ကျွန်တော်လန့်ဖျပ်လွှတ်ခွာပေးလို့ မယ်ကြည်ပြုံးပြီး. . .

"ရှင်လွမ်းနေမယ်ဆိုတာ သိပါတယ်. . ၊ ဟိုမှာမေမေက ချက်ချင်းပြန်မလွှတ်ဘူးလေ၊ တစ်နှစ်လောက်သူနဲ့နေပေးဆိုပြီး ဆွဲထားတာ၊ တဖြည်းဖြည်းဟိုမှာအသားကျပြီး မပြန်ချင်အောင် ပေါ့၊ အဲ့ဒီမှာ အိမ်ထောင်ချပေးချင်တဲ့ပုံပဲ"

"ဗုဒ္ဓေါ. . ကံသီပေလို့ပဲ"

"ဒါပေမယ့် ကြာလာတော့ မယ်ကြည်မနေနိုင်တော့ဘူး၊ ချို့တဲ့တဲ့ ချိမ့်သဲကို မင်္ဂလာဆောင်နိုင်အောင် ကူညီရမယ်လို့အကြောင်းပြတော့မှ မေမေလက်လျော့ပြီး ပြန်ခွင့်ပေးတာ"

"ဒါဆို ဝေဖြိုးနဲ့ချိမ့်သဲကိစ္စ မင်းစီစဉ်တာပေါ့. ."

"အင်းပေါ့. . . ဟိုကနေလှမ်းစီစဉ်တာ"

"ဒါနဲ့များ ကိုယ့်ဆီကို ဖုန်းလေးတစ်ကောတောင် ဆက်ဖော်မရဘူးကွာ"

BURMESE CLASSIC

"တမင်မဆက်တာပါ၊ သူ့အသံကြားရင် မေမေ့ဆန္ဒအတိုင်း တစ်နှစ်ပြည့်အောင် နေနိုင်တော့မှာမဟုတ်ဘူးလေ၊ အဲ့ဒါကြောင့်ပါ. . ."

ဆိုတော့လည်း. . . ကျွန်တော်ကျေနပ်ရမှာပေါ့၊ မကျေနပ်တာက ကျွန်တော် အလွမ်းဖျောက်ဖက်ထားတာကို သူ့အမေနဲ့ ခြောက်လိုက်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ဘာရမလဲ. . . ကဲ. . ။

"ဩော. . မောင်ခိုင်မြဲရောက်နေတာကိုး. . "

"ဟမ်. . အဲ. . ဟုတ်. . ဟုတ်ကဲ့ခင်ဗျ"

(ငါ့နှယ်ကွာ. . )

နတ်ရှာမိုး

BURMESE CLASSIC



www.burmeseclassic.com